mgyoe.com SAMPLE BOOK

# မောင်းမတသောင်

## ဆူးထုန်၏ ဝတ္ထုလတ် သုံးပုဒ်

## တော်ကောင်းမင်း

မူရင်း တရုတ်ဘာသာမှ ပြန်ဆိုသည်

# RAISE THE RED LANTERN


ရုပ်ရှင်ဇာတ်ကား၏ မူရင်းဝတ္ထု



妻妾成群
苏童

QI QIE CHENG QUN
by
Su Tong

mgyoe.com


မောင်းမတသောင်
စုးထုန်၏ ဝတ္ထုလတ် သုံးပုဒ်
တော်ကောင်းမင်း
မူရင်း တရုတ်ဘာသာမှ ပြန်ဆိုသည်
妻妾成群
苏童
QI QIE CHENG QUN
by
Su Tong
ISBN 978-99971-44-91-1
9 789997 144911 >

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - မတ်လ၊ ၂၀၂၃ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- ဇော်မောင်

တန်ဖိုး - ၇၅၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK



## ဘာသာပြန်သူ၏ အမှာ

စူးထုန်[၁] သည် ၁၉၆၃ ခုနှစ်တွင် မွေးဖွားခဲ့၏။ စူးကျိုး[၂] ဇာတိဖြစ်၍ အမည်ရင်းမှာ ထုန်ကျုန်းကွေ့[၃] ဖြစ်သည်။ ပေကျင်း ဆရာအတတ်သင် တက္ကသိုလ်မှ တရုတ်စာ အဓိကဖြင့် ကျောင်းပြီးသည်။ ၁၉၈၃ ခုနှစ်မှ စ၍ သူ ဖန်တီးသော စာပေလက်ရာများကို စာဖတ်သူများ ဖတ်ရှုလာခဲ့ရသည်။ "မောင်းမတထောင်"၊ "နူတ်ခမ်းနီ ပါးနီ"၊ "မိန်းမသားဘဝ"တို့မှာ သူ၏ ထင်ရှားသော စာပေလက်ရာများ ဖြစ်သည်။ သူ၏ ဝတ္ထုရှည်များဖြစ်သော "ဆန်"[၄]၊ "ငါ၏ဧကရာဇ်ဘဝ"[၅] စသည်တို့မှာလည်း ထင်ရှားသည်။

စူးထုန်သည် မော့ယန်တို့ ယွီဟွာတို့နှင့် တစ်ခေတ်တည်း ဖြစ်သည်။ မော့ယန်၏ "ဆန်ပြောင်းနီ"၊ ယွီဟွာ၏ "သက်ရှင်နေ" တို့ကဲ့သို့ပင် စူးထုန်၏ "မောင်းမတထောင်" သည်လည်း ဝတ္ထုအနေဖြင့်သာမက ရုပ်ရှင်အနေဖြင့်ပါ ကမ္ဘာ တစ်ဝန်း ထင်ရှားကျော်ကြားလေသည်။

၇

"မောင်းမတထောင်"ဟု အမည်ပေးထားသော ဤစာအုပ်တွင် ဘာသာပြန်သူ ရွေးချယ် စုစည်းထားသည့် စူးထုန်၏ ဝတ္ထုလတ် သုံးပုဒ် ပါဝင်သည်။ ၎င်းတို့မှာ- "မောင်းမတထောင်"၊ "နူတ်ခမ်းနီ ပါးနီ"၊ "မိန်းမသားဘဝ"တို့ ဖြစ်သည်။ စူးထုန်၏ ထိုအမျိုးသမီး အဓိကဇာတ်ကောင်ပြု ဝတ္ထုသုံးပုဒ်စလုံးမှာ ဝတ္ထုအနေဖြင့်

---

၁။ 苏童 (Su Tong)
၂။ 苏州 (Suzhou)
၃။ 童忠贵 (Tong Zhonggui)
၄။ 米 (Mi)
၅။ 我的帝王生涯 (Wo De Di Wang Sheng Ya)

mgyoe.com

mgyoe.com 

သာမက ရုပ်ရှင်အနေဖြင့်ပါ နာမည်ကြီး၍ လူသိများလေသည်။ ၎င်းတို့အနက် "မောင်းမတထောင်"မှာ အထင်ရှားဆုံး ဖြစ်သည်။

"မောင်းမတထောင်"၏ မူရင်းတရုတ်ဝတ္ထုအမည်မှာ "Qi Qie Cheng Qun"[၆] ဖြစ်၏။ ထိုဝတ္ထုကို ဒါရိုက်တာ ကျန်းယီမိုးက "Raise the Red Lantern"[၇] အမည်ဖြင့် ရုပ်ရှင်ရိုက်၍ ၁၉၉၁ ခုနှစ်တွင် ပြသခဲ့ရာ၊ ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကား ဖြစ်လာခဲ့သည်။ ထိုစဉ်က "Raise the Red Lantern" ရုပ်ရှင်ဇာတ်ကားမှာ အလွန် အင်မတန် နာမည်ကြီးခဲ့သဖြင့် ထိုင်ဝမ်မှာ ထပ်မံ ထုတ်ဝေသည့် ဝတ္ထုစာအုပ်နှင့် ဟောင်ကောင်မှာ ထုတ်ဝေသည့် ဝတ္ထုစာအုပ်တို့တွင် စာအုပ်မျက်နှာဖုံးပေါ်၌ ဝတ္ထု အမည်ထက် ရုပ်ရှင်အမည်ကို အသားပေး ဖော်ပြ၍လည်းကောင်း၊ စာအုပ် အမည် ကို ရုပ်ရှင်အမည်နှင့် ခပ်ဆင်ဆင်ဖြစ်သော "Da Hong De Deng Long Gao Gao Gua"[၈] ဟု အမည်ပေး၍လည်းကောင်း အသီးသီး ထုတ်ဝေခဲ့သေးလေသည်။ (သို့ဖြစ်၍ ထိုဝတ္ထု၏ အင်္ဂလိပ်ဘာသာပြန် စာအုပ်အမည်မှာ "Raise the Red Lantern" ဖြစ်လာခဲ့ခြင်း ဖြစ်သည်ဟု သိရပါသည်။) သို့သော်ငြားလည်း နောက်ပိုင်း တွင် ထိုဝတ္ထုမှာ ၎င်း၏ မူလအမည်ဖြစ်သော "မောင်းမတထောင်" အနက်ဆောင် သည့် "Qi Qie Cheng Qun" အမည်ဖြင့်သာ လူသိများလာခဲ့ပေသည်။

"နှုတ်ခမ်းနီ ပါးနီ"၏ မူရင်း တရုတ်ဝတ္ထုအမည်မှာ "Hong Fen"[၉] ဖြစ်၏။ တရုတ်တစ်ပြည်လုံး လွတ်မြောက်ခါစ အချိန်ကာလတွင် လူ့အဖွဲ့အစည်းဟောင်း က အကြွင်းအကျန်ဖြစ်သော ဆောင်ကြာမြိုင်မှ ပြည့်တန်ဆာနှစ်ဦး၏ လူ့အဖွဲ့ အစည်းသစ်အတွင်း၌ တွေ့ကြုံကျင်လည်ရသည့် ဘဝဇာတ်ကြောင်းကို ရေးဖွဲ့ ထားသည်။ ထိုဝတ္ထုကို ဒါရိုက်တာ လီရှောက်ဟုန်က "Hong Fen" (Blush) အမည် ဖြင့်ပင် ရုပ်ရှင်ရိုက်၍ ၁၉၉၅ ခုနှစ်တွင် ပြသခဲ့လေသည်။

"မိန်းမသားဘဝ"၏ မူရင်းတရုတ်ဝတ္ထုအမည်မှာ "Fu Nü Sheng Huo"[၁၀] ဖြစ်၏။ တရုတ်ပြည်၏ ၁၉၃၀ ပြည့်လွန်ခေတ်မှ ၁၉၈၀ ပြည့်လွန်ခေတ် နှောင်းပိုင်း အထိ အမျိုးသမီး မျိုးဆက်သုံးဆက်၏ ခေတ်သုံးခေတ် ဘဝအတွေ့အကြုံများ ကို ရေးဖွဲ့ထားသည်။ ထိုဝတ္ထုကို ဒါရိုက်တာ ဟိုယုန်က "Jasmine Women"[၁၁] အမည်ဖြင့် ရုပ်ရှင်ရိုက်၍ ၂၀၀၄ ခုနှစ်တွင် ပြသခဲ့လေသည်။

---

၆။ 妻妾成群
၇။ 大紅燈籠高高掛 (Da Hong Deng Long Gao Gao Gua)
၈။ 大紅的燈籠高高掛
၉။ 红粉
၁၀။ 妇女生活
၁၁။ 茉莉花开

mgyoe.com

mgyoe.com SAMPLE BOOK

စူးထုန်၏ ရေးဟန်မှာ ထူးခြားချက် တစ်ခု ရှိ၏။ ၎င်းမှာ ယေဘုယျအားဖြင့် စကားပြောခန်းများကို မျက်တောင်အဖွင့်အပိတ် မသုံးဘဲ ရေးခြင်း ဖြစ်လေသည်၊ "မောင်းမတထောင်"၏ အစပိုင်း စကားပြောခန်း တချို့တွင်သာ မျက်တောင် အဖွင့်အပိတ် သုံး၍ ရေးထားသည်ကို တွေ့ရမည်ဖြစ်သည်။ ဘာသာပြန်ဆိုရာတွင် မူရင်းဝတ္ထုရေးဆရာ၏ ထိုသို့သော ရေးဟန်ကို ထိန်းသိမ်းထားပါသည်။

စူးထုန်၏ ဝတ္ထုများကို ပြန်ဆိုရာတွင် ဇာတ်ကောင်နာမည်များ၊ အထူးသဖြင့် အမျိုးသမီးဇာတ်ကောင် နာမည်များကို ပြန်ဆိုရာတွင် မူရင်းနာမည်ကို အခြေခံသည့် ဘောင်အတွင်းကနေ၍၊ မြန်မာလို ဆိုလို့ကောင်းပြီး ကြားလို့ကောင်းသော နာမည်ဖြစ်စေရန် အသံဖလှယ်ပါသည်။ ဇာတ်ကောင်စရိုက်ကို ထင်ဟပ်စေဖို့အတွက် လိုအပ်သည့်အခါ အနက်ပြန်ဆိုသည့် နည်းကိုလည်း အသုံးပြုပါသည်။

ဥပမာ- "မောင်းမတထောင်" ထဲက အဓိက ဇာတ်ကောင်ဖြစ်သော "ကေသရီ" ၏ မူရင်း တရုတ်နာမည်[၁၂]ကို အသံဖလှယ်၍ ရေးလျှင် ဇာတ်ကောင်စရိုက်ကို ထင်ဟပ်စေဖို့ မလွယ်ပေ။ ထိုနာမည်မှာ ပဒုမ္မာကြာကို အမွှမ်းတင်သည့် အဓိပ္ပာယ်ဆောင်သဖြင့် မူရင်းအနက်လည်း မပျောက်သလို ဝတ္ထုထဲက ဇာတ်ကောင်စရိုက်ကိုလည်း ထင်ဟပ်စေမည့် "ကေသရီ"ဟု အနက်ပြန်၍ ရေးလိုက်ပေသည်။ (တိပိဋကပါဠိ-မြန်မာ အဘိဓာန်တွင် အဓိပ္ပာယ် ဖွင့်ပြထားချက်အရ "ကေသရီ" သည် "ပဒုမ္မာကြာ" အဓိပ္ပာယ်ကိုလည်း ဆောင်ပေသည်။)

ထို့ပြင် ဝတ္ထုဇာတ်လမ်း၏ ကာလဒေသနောက်ခံကို ထင်ဟပ်စေဖို့အတွက် တရုတ်အခေါ်အဝေါ် တချို့ကို လောရဲ၊ စောရဲ၊ ရှောကျဲ၊ ထိုက်ထိုက်၊ လောပန်[၁၃] ... စသည်ဖြင့် မြန်မာလို မွေးစား၍ ရေးပါသည်၊ တကယ်တော့ "လောရဲ" ရေးထုံးမှာ ရှေးတုန်းကတည်းကပင် ရှိနေပြီဖြစ်ရာ၊ ၎င်းကို အခြေခံ၍ "စောရဲ"၊ "ရှောကျဲ" စသည်တို့ကို မြန်မာလို ဆက်၍ မွေးစားလိုက်ခြင်းသာ ဖြစ်ပေသည်။ အိမ်ထောင်ရှိသော အမျိုးသမီးကို ယဉ်ကျေးသောအားဖြင့် ခေါ်ဆိုရာတွင်လည်းကောင်း၊ သခင်မအား အစေခံ စသူတို့က ခေါ်ဆိုရာတွင်လည်းကောင်း သုံးနှုန်းသည့် တရုတ်အခေါ်အဝေါ်ကိုလည်း "ထိုက်ထိုက်" ဟု မြန်မာလို မွေးစားသည်။ "မောင်းမတထောင်"ထဲတွင် မယားကြီးနှင့် မယားငယ်များကို "ထိုက်ထိုက်"ဟုပင် တရုတ် ထုံးစံအတိုင်း နံပါတ်စဉ်တပ်၍ ခေါ်ဝေါ်သောကြောင့် မယားကြီးကို "တာထိုက်ထိုက်" ဟုလည်းကောင်း၊ မယားငယ်များဖြစ်သော ဒုတိယမယားကို "ဧထိုက်ထိုက်"ဟုလည်းကောင်း၊ တတိယမယားကို "စံထိုက်ထိုက်"ဟုလည်းကောင်း၊ စတုတ္ထမယား

---

၁၂။ 颂莲
၁၃။ တရုတ်အခေါ်အဝေါ် 老爷、少爷、小姐、太太、老板 တို့ကို မြန်မာလို မွေးစားထားခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကို "စီထိုက်ထိုက်" ဟုလည်းကောင်း မြန်မာလို မွေးစားပါသည်။ ရှေးခေတ်က တရုတ်ဥတည်မင်းက ဆက်သသော သမီးအကြီး၊ သမီးအလတ်၊ သမီးအငယ်တို့အား "တာကူငြင်"၊ " ဧကူငြင်"၊ "သံကူငြင်"ဟူ၍ တရုတ်အခေါ်အဝေါ်ကို မြန်မာလို မွေးစား၍ ရေးသော ရေးထုံးရှိသဖြင့် ဝတ္ထုထဲက မယားကြီး၊ ဒုတိယမယား၊ တတိယမယား စသည်တို့၏ တရုတ်အခေါ်အဝေါ်ကိုလည်း အလားတူ မြန်မာလို မွေးစားဖို့ စိတ်ကူးရလာခဲ့ခြင်း ဖြစ်သည်။ (ဝတ္ထုထဲက တတိယမယားကိုမူ "သံထိုက်ထိုက်"ဟု မရေးဘဲ ယနေ့ခေတ် မြန်မာဗျည်းသံနှင့် ပို၍အဆင်ပြေမည့် "စံထိုက်ထိုက်"ဟု ရေးပါသည်။ စတုတ္ထမယားကိုလည်း "စီထိုက်ထိုက်"ဟု ရေးပါသည်။)

❦

"မောင်းမတထောင်"ကို ဘာသာပြန်ဆိုရန် အစီအစဉ်မှာ ၂၀၁၈ ခုနှစ် ကတည်းက စတင်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုစဉ်က ယွီဟွာ၏ "သက်ရှင်နေ"ကို ဘာသာပြန်ပြီး၍ ကံ့ကော်ဝတ်ရည်စာပေက စတင် ထုတ်ဝေသည့်အချိန် ဖြစ်၏။ သည့်မတိုင်မီကလည်း မော့ယန်၏ "ဆန်ပြောင်းနီမိသားစု"ကို ကံ့ကော်ဝတ်ရည် စာပေကပင် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ထိုအချိန်တွင် ထုတ်ဝေသူ အစ်မ မပိုင်းက နောက်ထပ် ဘယ်စာရေးဆရာ၏ဝတ္ထုကို ပြန်ဆိုရန် ရှိသေးသလဲ မေးလာသဖြင့် မော့ယန်တို့ ယွီဟွာတို့နှင့် တစ်ခေတ်တည်းဖြစ်သော တရုတ်စာရေးဆရာ နောက်တစ်ဦးဖြစ်သည့် စူးထုန်၏ နာမည်ကြီး ဝတ္ထုကို ပြန်ဆိုဖို့ ရှိသည်ဟု ပြောခဲ့ပေသည်။ ဝတ္ထုနာမည်က ဘာလဲဆိုတော့ မော့ယန်တို့ ယွီဟွာတို့၏ ဝတ္ထုများနည်းတူ ဝတ္ထုအနေဖြင့်ရော ရုပ်ရှင်အနေဖြင့်ပါ နာမည်ကြီးသည့် "Qi Qie Cheng Qun" ဖြစ်ကြောင်း ပြောခဲ့ပေသည်။ ဝတ္ထုနာမည် "Qi Qie Cheng Qun" ကို မြန်မာလို ဘာနာမည်ပေးမလဲ ဆိုတော့ ဘာသာပြန်သူလည်း ထိုစဉ်က ရုတ်တရက် စိတ်ကူးပေါက်လာသည့်အတိုင်း (စလေဦးပုည၏ တေးထပ်နှင့် နာမည်တူသော) "မောင်းမတထောင်" ဟု ပြောလိုက်ရာက ယခု ဘာသာပြန်ဝတ္ထုမှာ "မောင်းမတထောင်"ဟူ၍ အမည်တွင်လာခဲ့ပေသည်။

တော်ကောင်းမင်း
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ

mgyoe.com


mgyoe.com SAMPLE BOOK

❀ မောင်းမတထောင်

❀ နှုတ်ခမ်းနီ ပါးနီ

❀ မိန်းမသားဘဝ

mgyoe.com








PLE BOOK




mgyoe.com

mgyoe.com

SAMPLE BOOK

# မောင်းမတထောင်[၁]

စီထိုက်ထိုက် ကေသရီကို ချန်အိမ်တော်ဥယျာဉ်ထဲ ဗီရိုဝေါနဲ့ ထမ်းခေါ်လာခဲ့တုန်းက သူ့အသက်ဆယ့်ကိုးနှစ်။ သူ့ကိုညနေစောင်းအချိန်မှာဥယျာဉ်အနောက်ခြမ်း နောက်ဘက် တံခါးဆီကို ဝေါထမ်းသမား တောသားလေးယောက်က ထမ်းခေါ်လာခဲ့ကြတာ။ အစေခံတွေက ရေတွင်းနားမှာ သိုးမွေးချည်ဟောင်းတွေ လျှော်နေကြတုန်း လဝန်းတံခါးကတစ်ဆင့် အဲဒီဗီရိုဝေါကြီး တိုးဝင်လာတာကို တွေ့လိုက်ကြရတယ်။ ဗီရိုဝေါပေါ်ကနေ ဆင်းလာသူက အကျီအဖြူ စကတ်ရှည်အနက် ဝတ်ဆင်ထားတဲ့ ကျောင်းသူတစ်ယောက်။ ပေဖိန်မှာ ကျောင်းသွားတက်နေတဲ့ ချန်အိမ်တော်က သမီးကြီး တာရှောကျဲ ပြန်လာတယ် အထင်နဲ့ အစေခံတွေက သွားကြည့်ကြတဲ့အခါ သူတို့ထင်တဲ့လူ မဟုတ်ဘဲ မျက်နှာတစ်ခုလုံး ဖုန်အလိမ်းလိမ်းနဲ့ ခရီးပန်းလာပုံရတဲ့ ကျောင်းသူတစ်ယောက် ဖြစ်နေတယ်။ အဲဒီတုန်းက ကေသရီဟာ နားရွက်ဖုံးရုံ ဆံပင်အတို ထားပြီး၊ မိုးပြာရောင် ဖဲကြိုးတစ်ချောင်းနဲ့ စည်းထားတယ်။ မျက်နှာဝိုင်းဝိုင်းကလေးဟာ မျက်နှာခြယ်လိမ်းမထားပေမဲ့လည်း နည်းနည်းတော့ ဖြူဖျော့ဖျော့ ဖြစ်လို့နေတယ်။ ကေသရီက ဗီရိုဝေါပေါ်ကနေ မြက်ခင်းပေါ်ကို ဆင်းလာပြီး ဘေးပတ်လည်ကို တစ်ချက်အကဲခတ်လိုက်တယ်။အနက်ရောင်စကတ်ရှည်အောက်မှာကြိမ်သေတ္တာတစ်လုံး

[၁] မူရင်းဝတ္ထု 妻妾成群 (Qi Qie Cheng Qun)

mgyoe.com

mgyoe.com

ထောင်လျက်ရှိတယ်။ ဆောင်းကူးရာသီ နေရောင်အောက်မှာ ကေသရီရဲ့ ပါးလှပ် သေးသွယ်တဲ့ ကိုယ်အရိပ်ဟာ စက္ကူအရုပ်သဖွယ် သေသေကြီး ဖြစ်လို့နေတယ်။ သူက မျက်နှာ ချွေးသုတ်တယ်။ လက်ကိုင်ပဝါနဲ့ မဟုတ်ဘဲ အင်္ကျီလက်နဲ့ သုတ်လိုက်တာကို အစေခံတွေ သတိထားမိသွားကြတယ်။ အဲဒီအချက်က သူတို့အတွက် နက်ရှိုင်းစွာ အာရုံစွဲထင်စေခဲ့တယ်။

ကေသရီက ရေတွင်းနား သွားပြီး သိုးမွေးချည် လျှော်နေတဲ့ ငန်းကလေးကို "ငါ မျက်နှာသစ်ချင်တယ်၊ ငါ မျက်နှာမသစ်ရတာ သုံးရက်ရှိပြီ"လို့ ပြောတယ်။ ငန်းကလေးက သူ့ကို ရေတစ်ပုံး ဆွဲပေးလိုက်တယ်။ ရေထဲကို ကေသရီ မျက်နှာ နှစ်လိုက်တယ်။ ကေသရီရဲ့ ကိုင်းညွတ်ထားတဲ့ ခန္ဓာကိုယ်ဟာ တစ်ခုခုနဲ့ တီးခတ်ခံနေရတဲ့ ဒိုးပတ်ပမာ တဆတ်ဆတ် တုန်လို့နေတယ်။ ငန်းကလေးက "ဆပ်ပြာယူမလား"လို့ မေးလိုက်ပေမဲ့ ကေသရီက ပြန်မထူးဘူး။ ငန်းကလေးက "သိပ်အေးသလား"လို့ မေးပြန်တယ်။ ကေသရီက ပြန်မထူးဘဲ နေမြဲ နေတယ်။ ငန်းကလေးလည်း ရေတွင်းနားက တခြား အစေခံမတွေကို မျက်ရိပ် တစ်ချက် ပြလိုက်ပြီး ပါးစပ်အုပ်ကာ ရယ်တယ်။ အစေခံမတွေက ဒီဧည့်သည်ဟာ ချုန် မိသားစုရဲ့ ဘယ်အရပ်က ဆင်းရဲသားဆွေမျိုးပါလိမ့်ဆိုပြီး မှန်းဆနေကြတယ်။ သူတို့က ချုန်အိမ်တော်ကို ရောက်လာသမျှ ဧည့်သည် အားလုံးနီးပါးရဲ့ အဆင့်အတန်းကို ခန့်မှန်းနိုင်စွမ်းကြတာကိုး။ အဲဒီအချိန်လောက်မှာပဲ ကေသရီက ဆတ်ခနဲ ခေါင်းပြန်ထောင်လာတယ်။ မျက်နှာသစ်ပြီးတော့ သူ့မျက်နှာကနေ ပိုပြီး မြင်သာထင်ရှားတဲ့ အအေးဓာတ်တစ်မျိုး ထွက်လာတယ်။ နက်မှောင် သွယ်လျတဲ့ မျက်ခုံးနှစ်ဖက်က တဖြည်းဖြည်း တွန့်ကျုံ့လာတယ်။ ကေသရီက ငန်းကလေးကို မျက်စောင်းတစ်ချက်ထိုးပြီး "နင် ဘာအူတူတူ ရယ်နေတာလဲ၊ ရေသွားမသွန်သေးဘူးလား"လို့ ပြောလိုက်တယ်။ ငန်းကလေးက ရယ်မြဲရယ်ကာ "နင်က ဘယ်သူလဲဟ၊ စွာလှချည်လား"လို့ ပြောလိုက်တယ်။ ကေသရီလည်း ငန်းကလေးကို ဆောင့်တွန်းပြီး ကြိမ်သေတ္တာကို ကောက်ဆွဲကာ ရေတွင်းနားကနေ ထွက်ခွာသွားတယ်။ သုံးလေးလှမ်းလောက် လှမ်းပြီးတဲ့အခါ သူက လည်ပြန်လှည့်ပြီး "ငါ ဘယ်သူလဲ ဟုတ်လား၊ နင်တို့ မကြာခင် သိရစေ့မယ်"လို့ ပြောလိုက်တယ်။

mgyoe.com

mgyoe.com

နောက်တစ်နေ့မှာ ချုပ်အိမ်တော်ရဲ့ သခင်ကြီး ချုပ်ဇော်ချုန်းလောရဲက ကေသရီကို စတုတ္ထမယား စီထိုက်ထိုက်အဖြစ် သိမ်းပိုက်လိုက်ပြီ ဖြစ်ကြောင်း ချုပ်အိမ်တော်က လူတွေအားလုံး သိကြရပြီ။ ကေသရီက နောက်ဘက်ဥယျာဉ်ရဲ့ တောင်ဘက်ဆောင်မှာ နေရတယ်။ တတိယမယား စံထိုက်ထိုက် မေစန်း နေတဲ့ နေရာနဲ့ ကပ်လျက်မှာပဲ။ ချုပ်ဇော်ချုန်းက အစေခံတန်းလျားမှာ နေတဲ့ ငန်းကလေး ကို စီထိုက်ထိုက်ရဲ့ အစေခံမိန်းကလေး ယားဝှမ် ပေးလုပ်လိုက်တယ်။

ကေသရီကို သွားတွေ့ချိန်မှာ ငန်းကလေးက စီထိုက်ထိုက်လို့ ရင် တထိတ်ထိတ်နဲ့ ကြောက်အားပိုစွာ ခေါ်လိုက်မိတယ်။ သို့သော် ကေသရီက ငန်းကလေး ထိပါးပြောဆိုမိခဲ့တာကို မေ့သွားပြီ။ သို့တည်းမဟုတ် သူက ငန်း ကလေးဆိုတာ ဘယ်သူမှန်း မှတ်ကို မထားမိတာလည်း ဖြစ်နိုင်ပါတယ်။ အဲဒီ နေ့က ကေသရီဟာ ပန်းနုရောင် ပိုးသားချီဖောင် ဝတ်ဆင်ထားတယ်။ ပန်းထိုး ကွင်းထိုးဖိနပ် စီးထားတယ်။ သူ့မျက်နှာက ညတွင်းချင်း ပြန်လည်လန်းဆန်း လာပြီ။ အပြင်ပန်းအားဖြင့် များစွာ ဖော်ရွေလာခဲ့ပြီ။ သူက ငန်းကလေးကို အနားဆွဲခေါ်ကာ တစ်ချက် သေချာကြည့်ပြီး၊ သူ့ပုံစံက အမြင်ကတ်စရာ မကောင်းဘူးလို့တော့ ဆိုနိုင်တယ်လို့ ဘေးမှာရှိနေတဲ့ ချုပ်ဇော်ချုန်းကို ပြော လိုက်တယ်။ အဲဒီနောက် သူက ငန်းကလေးကို၊ ဆောင့်ကြောင့်ထိုင်လိုက်၊ နင့်ဆံပင်ကို ငါ ကြည့်စမ်းမယ်လို့ ပြောလိုက်တယ်။ ငန်းကလေးလည်း ဆောင့် ကြောင့်ထိုင်ချလိုက်ပြီး ကေသရီရဲ့ လက်က မိမိဆံပင်ကို မွှေနှောက်ကာ တစ်ခုခု ကို သေချာကြည့်နေသယောင် ခံစားလာမိတယ်။ အဲဒီနောက် "နင့်ခေါင်းမှာ သန်းတော့ မရှိလောက်ပါဘူးနော်၊ ငါက သန်းဆို အကြောက်ဆုံးပဲ"လို့ ပြော လိုက်တဲ့ ကေသရီရဲ့ အသံကို ကြားရတယ်။ ငန်းကလေးက နှုတ်ခမ်းကိုက်ကာ စကားမပြော။ ဆံပင်ကို ကေသရီရဲ့ လက်က အေးစက်စက် ခါးသွားပမာ လာပြီး ခုတ်ထစ်နေတာကြောင့် ခမျာ အတန်ငယ် နာကျင်နေရှာတယ်။ "နင့်ခေါင်းက ဘာအနံ့ကြီးလဲ၊ အနံ့ကလည်း ဆိုးလိုက်တာဟယ်၊ ဆပ်ပြာမွှေးတစ်တုံးယူပြီး ခေါင်းမြန်မြန်သွားလျှော်စမ်း"လို့ ကေသရီက ပြောလိုက်တယ်။ ငန်းကလေးက မတ်တတ်ပြန်ထပြီး လက်နှစ်ဖက်ကို ဘေးချကာ တုတ်တုတ်မလှုပ်ဘဲ နေတယ်။ ချုပ်ဇော်ချုန်းက သူ့ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး "ဟဲ့၊ စီထိုက်ထိုက် ပြောတာ မကြားဘူးလား"လို့ ပြောလိုက်တယ်။ ငန်းကလေးက "မနေ့ကမှ ခေါင်းလျှော်

mgyoe.com

mgyoe.com

ထားတာပါ"လို့ ပြန်ပြောတယ်။ ချန်ဇော်ချန်းလည်း အသံကို မြှင့်ပြီး "စကား မရှည်နဲ့၊ နင့်ကို သွားလျှော်ဆို သွားလျှော်လိုက်၊ ရိုက်ခံထိတော့မယ်နော်"လို့ ငေါက်လိုက်တယ်။

ငန်းကလေးဟာရေတစ်ဇလုံဆွဲပြီးတရုတ်တောပန်းသီးပင်အောက်မှာ ခေါင်းသွားလျှော်တယ်။ မတရား အနိုင်ကျင့်ခံရတယ်လို့ ခံပြင်းမိတာကြောင့် ဒေါသအမုန်းစိတ်တို့ဟာ သံတုံးတစ်တုံးပမာ ရင်ထဲ ပိနေမိတယ်။ မွန်းလွဲ နေရောင်ဟာ တရုတ် တောပန်းသီးပင်နှစ်ပင်ပေါ် ကျရောက်လို့နေတယ်။ အဲဒီ သစ်ပင်နှစ်ပင်ကြားမှာ အဝတ်လှန်းကြိုးတစ်ချောင်း တန်းချည်ထားတယ်။ ကြိုးတန်းမှာ လှန်းထားတဲ့ စီထိုက်ထိုက် ကေသရီရဲ့ အင်္ကျီအဖြူနဲ့ စကတ်ရှည် အနက်တို့ လေပြည်ထဲမှာ လွင့်လို့နေတယ်။ ငန်းကလေးက ဘေးဘီဝဲယာကို တစ်ချက်ကြည့်ပြီး နောက်ဘက်ဥယျာဉ်ထဲမှာ လူတစ်ယောက်မှ မရှိမှန်း သိရ တော့မှ ကြိုးတန်းနားကို သွားပြီး ကေသရီရဲ့ အင်္ကျီအဖြူကိုရော စကတ်ရှည် အနက်ကိုပါ တံထွေး တစ်ချက်စီ ထွေးပစ်လိုက်တယ်။

၅

အဲဒီနှစ်က ချန်ဇော်ချန်း အသက်ငါးဆယ်တင်းတင်း ပြည့်တဲ့ နှစ်။ အသက် ငါးဆယ်မှာ ချန်ဇော်ချန်းက ကေသရီကို မယားငယ်အဖြစ် သိမ်းပိုက်လိုက်တာ ဖြစ်တယ်။ ဒီကိစ္စကို တိတ်တဆိတ် လုပ်ဆောင်ခဲ့တာ ဖြစ်လို့ ကေသရီကို အိမ်ပေါ်ခေါ်တင်လာမယ့် ရှေ့တစ်ရက်အလိုအထိတောင် မယားကြီး တာထိုက် ထိုက် ယုရီ မသိခဲ့ဘူး။ ချန်ဇော်ချန်းက ကေသရီကို ယုရီဆီ ခေါ်သွားပြီး တွေ့ပေး တယ်။ ယုရီက ဘုရားခန်းထဲမှာ ပုတီးစိပ်ရင်း ဘုရားစာ ရွတ်နေတယ်။ အဲဒါ တာထိုက်ထိုက်ပဲလို့ ချန်ဇော်ချန်းက ပြောတယ်။ ကေသရီက အရိုအသေ သွား ပေးမယ့်ဆဲဆဲမှာပဲ ယုရီလက်ထဲက စိပ်ပုတီး ရုတ်တရက် ကြိုးပြတ်ကျလို့ ကြမ်းပြင်ပေါ်မှာ ပုတီးလုံးတွေ ပြုတ်ကျ ပြန့်ကျဲကုန်တယ်။ ယုရီက မဟော်ဂနီ ကုလားထိုင်ကို တွန်းဖယ်ကာ ကြမ်းပြင်ပေါ်က ပုတီးလုံးတွေကို လိုက်ကောက် တယ်။ ပါးစပ်ကလည်း ငရဲကြီးပါပြီ၊ ငရဲကြီးပါပြီလို့ တတွတ်တွတ် ရေရွတ် နေတယ်။ ကေသရီက သွားပြီး ကူကောက်ပေးဖို့ လုပ်ပေမယ့် ယုရီက သူ့ကို

mgyoe.com

SAMPLE BOOK


အသာတွန်းဖယ်လိုက်ပြီး၊ ငရဲကြီးပါပြီ၊ ငရဲကြီးပါပြီလို့သာ ဆက်ပြီး ရေရွတ်နေတယ်။ ကေသရီကို တစ်ချက်တောင် လှည့်မကြည့်ဘူး။ ကေသရီလည်း စိုထိုင်းထိုင်း ကြမ်းပြင်ထက်မှာ ပုတီးလုံးတွေကို ကုန်းကုန်းကွကွ လိုက်ကောက်နေတဲ့ ယုရီကို ကြည့်ရင်း ပါးစပ်အုပ်ကာ အသံမထွက်အောင် တစ်ချက်ရယ်လိုက်မိတယ်။ ပြီးတော့ ချန်ဇော်ချန်းကို တစ်ချက် ကြည့်လိုက်တယ်။ ချန်ဇော်ချန်းလည်း၊ ကောင်းပြီလေ၊ ငါတို့ ပြန်မယ်လို့ ပြောလိုက်တယ်။ ဘုရားခန်း တံခါးခုံကို ခွကျော်ထွက်လာမိတာနဲ့ ကေသရီက ချန်ဇော်ချန်းရဲ့ လက်မောင်းကို ဖက်ကာ “သူက အိုကြီးအိုမနဲ့ အသက်တစ်ရာလောက် ရှိရောပေါ့”လို့ ပြောတယ်။ ချန်ဇော်ချန်းက ပြန်မထူးဘူး။ “သူက ဘုရားတရား ယုံတယ်လား၊ ဘယ့်နှယ်ကြောင့် အိမ်မှာ ဘုရားစာ ရွတ်နေရတာလဲ”လို့ ထပ်မေးတဲ့အခါကျမှ ချန်ဇော်ချန်းက “ဘာဘုရားတရားလဲ၊ အလုပ်မရှိ အားယားနေလို့ သူများယောင်တိုင်း လိုက်ယောင်နေတာ”လို့ ပြောလိုက်တယ်။

ကေသရီဟာ ချန်ဇော်ချန်းရဲ့ ဒုတိယမယား ဇထိုက်ထိုက် ကြော့ယွန်းဆီကနေ နွေးထွေးပျူငှာတဲ့ ကြိုဆိုမှုကို ရရှိခဲ့တယ်။ ကြော့ယွန်းက ယားဝှမ်ကို ကွာစိတို့၊ နေကြာစေ့တို့၊ ဖရုံစေ့တို့၊ သစ်သီးယိုမျိုးစုံတို့ သွားယူလာစေပြီး ကေသရီကို ဧည့်ခံစေတယ်။ သူတို့ နေရာမှာ ထိုင်ပြီးနောက် ကြော့ယွန်း ပထမဆုံး ပြောတာက ကွာစိအကြောင်း။ ဒီမှာက ကွာစိကောင်းကောင်း မရှိဘူး၊ တို့ကိုက်တဲ့ ကွာစိတွေက အကုန်လုံး စူးကျိုးကနေ လူကြုံနဲ့ ဝယ်လာခိုင်းခဲ့တဲ့ဟာတွေပဲ။ ကေသရီခမျာ ကြော့ယွန်းဆီမှာ အတန်ကြာအောင် ကွာစိ ကိုက်နေခဲ့ရတာကြောင့် ငြီးငွေ့ချင်သလို ဖြစ်လာတယ်။ သူက ဒီလို သရေစာမျိုးကို မကြိုက်ပေမဲ့လည်း ထုတ်ဖော်ပြောရဖို့ မကောင်းတတ်ဘဲ ရှိနေခဲ့တယ်။ ကေသရီက ချန်ဇော်ချန်းကို ပြန်ဖို့ မျက်ရိပ်ပြလိုက်တယ်။ ဒါပေမဲ့ ချန်ဇော်ချန်းက ကြော့ယွန်းဆီမှာ ဆက်နေချင်သေးတာကြောင့် ကေသရီ ပြလိုက်တဲ့ မျက်ရိပ်ကို မမြင်ချင်ယောင်ဆောင်ကာ နေလိုက်တယ်။ အဲဒီကနေ ကေသရီလည်း ချန်ဇော်ချန်းဟာ ကြော့ယွန်းအပေါ် အချစ်ပိုကြောင်း ကောက်ချက်ချလိုက်မိတယ်။ သူ့မျက်လုံးတွေက ကြော့ယွန်းရဲ့ မျက်နှာနဲ့ ခန္ဓာကိုယ်တို့ဆီကနေ မခွာနိုင်ဘဲ ဖြစ်နေတာကိုး။ ကြော့ယွန်းရဲ့ ရုပ်လက္ခဏာမှာ နူးညံ့ညင်သာတဲ့ အလှတစ်မျိုး ရှိတယ်။ မျက်နှာပေါ်က အရေးအကြောင်းငယ်ကလေးတွေနဲ့

mgyoe.com

အတန်ငယ်လျော့တွဲနေတဲ့ အရေပြားတို့ကတောင် အဲဒီအလှတရားကို ဖုံးကွယ် မထားနိုင်ဘဲ ရှိနေတယ်။ ကိုယ်လက်အမူအရာတို့ကတစ်ဆင့် ဂုဏ်ရည်မြင့် မိသားစုက ဆင်းသက်လာသူတစ်ယောက်ရဲ့ ဟန်ပန်တစ်မျိုး ထင်ရှား ပေါ်လွင် လာပြန်တယ်။ ကြော့ယွန်းလို မိန်းမမျိုးမှာ ယောကျ်ားတို့ရဲ့ သဘောကျခြင်းကို အလွယ်တကူ ရရှိနိုင်သလို မိန်းမအချင်းချင်းလည်း သူ့ကို သိပ်ပြီး ကြည့်မရတာ မျိုး မဖြစ်နိုင်ဘူးလို့ ကေသရီ ယူဆမိတယ်။ ခဏအတွင်းမှာပဲ ကေသရီလည်း သူ့ကို မမကြော့ယွန်းလို့ ခေါ်လာလေတော့တယ်။

ချန်အိမ်တော်က နဂိုရှိပြီးသား ထိုက်ထိုက်သုံးပါးထဲမှာ မေစန်းဟာ ကေသရီနဲ့ အဆောင်ချင်း အနီးဆုံး ဖြစ်ပေမဲ့ သူ့ကိုတော့ ကေသရီက နောက်ဆုံး မှ တွေ့ခဲ့ရတာ ဖြစ်တယ်။ မေစန်းရဲ့ ပြည်တန်တဲ့ ရုပ်အကြောင်းကို ကြားဖူး ပြီး ဖြစ်လို့ သူနဲ့ တွေ့ချင်ခဲ့ပေမဲ့ ချန်ဇော်ချန်းက ခေါ်သွားပြီး တွေ့မပေးခဲ့ဘူး။ မင်းနဲ့ နီးနီးလေးပဲဟာ၊ ကိုယ့်ဘာသာ သွားတွေ့ပေါ့ လို့သာ ပြောခဲ့တယ်။ ကေသရီက၊ ကျွန်မ သွားတွေ့တယ်၊ သူ့ယားဝှမ်က သူ နေမကောင်းဖြစ်နေတယ် ဆိုပြီး ကျွန်မကို အထဲပေးမဝင်ဘဲ အဝကနေ ပိတ်တားခဲ့တယ်လို့ ပြောပြတယ်။ ချန်ဇော်ချန်းက ဟင့်တစ်ချက် အသံပြုပြီး၊ သင်းက ထစ်ခနဲရှိ နေမကောင်းဘူး ဆိုတာချည်းပဲ၊ သင်းက ငါ့ခေါင်းပေါ် တက်ချင်နေတာလို့ ပြောတယ်။ လောရဲက ပေးတက်မလို့လားလို့ ကေသရီက မေးတော့ ချန်ဇော်ချန်းက လက်ကာပြပြီး၊ စိတ်တောင်မကူးနဲ့၊ မိန်းမဆိုတာ ယောကျ်ားခေါင်းပေါ် တက်နိုင်ရိုးလားလို့ ပြောလိုက်တယ်။

ကေသရီဟာ မြောက်ဘက်ဆောင်ကို ရောက်လာတဲ့အခါ မေစန်း အခန်း ပြတင်းပေါက်မှာ ပန်းနုရောင် ခန်းဆီး ကာထားတာကို တွေ့လိုက်ရ တယ်။ ခန်းဆောင်ထဲကနေလည်း ပန်းပွင့်ရဲ့ မွှေးရနံ့တစ်မျိုး လွင့်ပျံလာနေ တယ်။ ကေသရီဟာ ပြတင်းပေါက်ရှေ့မှာ တစ်အောင့်လောက် ရပ်နေပြီးမှ ချောင်းကြည့်ချင်စိတ် ထိန်းမရဘဲ ဖြစ်လာတာကြောင့် အသက်အောင့်ကာ ပြတင်းခန်းဆီးကို အသာလှစ်ပြီး ကြည့်လိုက်တဲ့အခါ ပြတင်းခန်းဆီး နောက်ကွယ်ကနေ အလားတူ သူ့ကို ကြည့်နေတဲ့ မေစန်းကို မြင်လိုက်ရလို့ လိပ်ပြာလွင့်ထွက်လုမတတ် ဖြစ်သွားသေးတယ်။ တဒင်္ဂမျှသာ အကြည့်ချင်း ဆုံသွားတာ ဖြစ်လင့်ကစား ကေသရီခမျာ ကသောမျောပါး နောက်ပြန်လှည့်ပြီး ထွက်ပြေးသွားခဲ့ရရှာတယ်။

mgyoe.com

ညကျတော့ ချန်ဇော်ချန်းက ကေသရီ့ဆီကို ဆောင်တော်ကူးလာတယ်။ ကေသရီက သူ့ကို အဝတ်အစား ချွတ်ပေးပြီး ညအိပ်ဝတ်စုံ လဲပေးမယ်လုပ်တော့ ချန်ဇော်ချန်းက၊ ငါက ညအိပ်ရင် အဝတ်မဝတ်ဘူး၊ ကိုယ်တုံးလုံးနဲ့ပဲ အိပ်တာလို့ ပြောတယ်။ ကေသရီလည်း မျက်နှာကို တစ်ဖက်လွှဲကာ၊ လောရဲ သဘောပါပဲ၊ ဒါပေမဲ့ ညအိပ်ဝတ်စုံ ဝတ်ထားရင်တော့ ပိုကောင်းတာပေါ့၊ အအေးမိတတ်လို့ပါလို့ ပြောရှာတယ်။ ချန်ဇော်ချန်းက ရယ်တယ်။ မင်းက ငါ အအေးမိမှာကို စိုးရိမ်တာ မဟုတ်ပါဘူး၊ ငါ့ဖင်ပြောင်ကြီးကို ကြည့်ရမှာ ရှက်လို့မဟုတ်လား။ ကေသရီက မရှက်ပေါင်လို့ ပြန်ပြောလိုက်ပေမဲ့ ဒီဘက် ပြန်လှည့်လာချိန်မှာတော့ ပါးပြင်က နီမြန်းလို့နေပြီ။ ဒါဟာ ချန်ဇော်ချန်းရဲ့ မိမွေးတိုင်းဖမွေးတိုင်း ခန္ဓာကိုယ်ကို သူ ပထမဆုံးအကြိမ် မျက်နှာမူခဲ့ခြင်း ဖြစ်တယ်။ ချန်ဇော်ချန်းရဲ့ ခန္ဓာကိုယ်ဟာ ဗျိုင်းတစ်ကောင်လို ပိန်ပိန်ရှည်ရှည်။ မျိုးပွားအင်္ဂါဟာ လေးညှို့တင်ထားတဲ့ လေးသဖွယ် တင်းရင်းလျက်။ ကေသရီ အသက်ရှူနည်းနည်းကျပ်လာတယ်။ လောရဲ ဘာလို့ ဒီလောက် ပိန်ရတာလဲလို့ မေးလိုက်မိတယ်။ ချန်ဇော်ချန်းလည်း ခုတင်ပေါ်တက်၊ ပိုးဂွမ်းကပ်စောင်ခြုံထဲ တိုးဝင်သွားပြီး၊ ဟိုဟာမတွေ နှိပ်စက်လို့ပေါ့ကွာလို့ ပြောလိုက်တယ်။

ကေသရီက ကိုယ်ကို စောင်းကာ မီးမှိတ်မယ်လုပ်တော့ ချန်ဇော်ချန်းက တားတယ်။ မီးမမှိတ်နဲ့၊ ငါ မင်းကို ကြည့်ချင်တယ်၊ မီးမှိတ်လိုက်ရင် ဘာမှမမြင်ရတော့ဘူး။ ကေသရီလည်း ချန်ဇော်ချန်းရဲ့ မျက်နှာကို တစ်ချက် ပွတ်ထိပြီး၊ လောရဲသဘောပါ၊ ကျွန်မက ဘာမှ နားမလည်ပါဘူး၊ လောရဲပြောတဲ့အတိုင်းပဲ လိုက်နာရမှာပါလို့ ပြောလိုက်တယ်။

ကေသရီဟာ အမြင့်ကနေ မှောင်နက်မည်းမည်း ချောက်နက်ကြီးထဲကို ပြုတ်ကျလာတဲ့အလား၊ နာကျင်မှု၊ မူးဝေမှုတို့က ပေါ့ပါးမှုကို အဖော်ပြုနေခဲ့တယ်။ ထူးဆန်းတာက မေစန်းရဲ့ မျက်နှာကြီးက သိစိတ်မှာ မပြတ်ပေါ်လာနေခဲ့ခြင်းပဲ။ အဲဒီ ပြိုင်ဘက်ကင်းအောင် လှနေတဲ့ မျက်နှာဟာလည်း အမှောင်ထဲမှာ နစ်မြုပ်ပျောက်ကွယ်သွားခဲ့တယ်။ သူက သိပ်ထူးဆန်းတာပဲနော်လို့ ကေသရီ ပြောလိုက်မိတယ်။ ဘယ်သူလဲ။ စံထိုက်ထိုက်လေ၊ သူက ကျွန်မကို ပြတင်းခန်းဆီးနောက်ကွယ်ကနေ ကြည့်နေခဲ့တယ်။ ချန်ဇော်ချန်းရဲ့ လက်ဟာ ကေသရီရဲ့ ရင်သားဆီကနေ နှုတ်ခမ်းဆီကို နေရာရွှေ့သွားတယ်။ စကားမပြောနဲ့၊ ခုချိန်မှာ စကားမပြောနဲ့။ အဲဒီအချိန်မှာပဲ အခန်းတံခါးကို ခပ်ဖွဖွ

mgyoe.com

mgyoe.com

လာခေါက်လို့ နှစ်ယောက်စလုံး လန့်ဖျပ်သွားတယ်။ ချန်ဇော်ချန်းက ကေသရီကို ခေါင်းခါပြပြီး မီးမှိတ်လိုက်တယ်။ ဘယ်လောက်မှ မကြာဘူး၊ တံခါးခေါက်သံ မြည်လာပြန်တယ်။ ချန်ဇော်ချန်းလည်း ကောက်ခနဲ ထလာပြီး၊ ဘယ်သူလဲကွလို့ ဒေါနဲ့မောနဲ့ ငေါက်ငမ်းလိုက်တယ်။ တံခါးအပြင်ဘက်ကနေ မိန်းကလေးတစ်ယောက်ရဲ့ မဝံ့မရဲ အသံတစ်သံက၊ စံထိုက်ထိုက် နေမကောင်းလို့ လောရဲကို အခေါ်ခိုင်းလိုက်ပါတယ်လို့ ပြောလာတယ်။ ချန်ဇော်ချန်းက၊ လိမ်ဆင်တွေ၊ လိမ်ဆင်တွေ လာပြန်ပြီ၊ သူ့ကို ပြန်သွားပြောလိုက်၊ ငါ အိပ်ပျော်သွားပြီလို့ဆိုတော့ တံခါးအပြင်ဘက်က မိန်းကလေးက၊ စံထိုက်ထိုက်က အသည်းအသန်ဖြစ်နေလို့ လောရဲကို မဖြစ်မနေ ခေါ်လာခဲ့ပါတဲ့၊ သူ သေတော့မယ်တဲ့လို့ ပြန်ပြောတယ်။ ချန်ဇော်ချန်းလည်း ခုတင်ပေါ်မှာ တစ်အောင့်လောက် ထိုင်စဉ်းစားရင်း၊ သင်းဘာအကွက်တွေ နင်းနေပြန်ပြီလဲ မသိဘူးလို့ တစ်ကိုယ်တည်း ပြောလိုက်မိတယ်။ သူ ဘေးကျပ်နံကျပ် ဖြစ်နေတဲ့ပုံကို ကြည့်ရင်း ကေသရီက သူ့ကို တစ်ချက်တွန်းလိုက်ပြီး၊ သွားလိုက်ပါ၊ တော်ကြာ တကယ် သေသွားရင် မကောင်းဘူးလို့ ပြောလိုက်တယ်။

အဲဒီညက ချန်ဇော်ချန်း ပြန်မလာဘူး။ ကေသရီခမျာ မြောက်ဘက်ဆောင်က အခြေအနေကို နားစွင့်နေခဲ့ရှာတယ်။ ဟိုဘက်က ဘာမှ ထူးထူးခြားခြား မရှိသလိုပဲ။ သလဲသီးပင်ထက်က သပိတ်လွယ်ရင်အုပ်နီငှက် တွန်ကျူးသံတချို့ကသာ ကြေကွဲဖွယ်ကောင်းစွာ ကြွင်းကျန်နေရစ်တယ်။ ကေသရီ အိပ်မပျော်တော့ဘူး။ မအီမသာဖြစ်မှုနဲ့ ကြေကွဲမှုတို့ ကြားမှာ လူတစ်ကိုယ်လုံး မျောလွင့်နေခဲ့တယ်။ နောက်တစ်နေ့ မနက်စောစောထပြီး အလှပြင်တော့ သူ့မျက်နှာပေါ်မှာ နက်ရှိုင်းတဲ့ အပြောင်းအလဲတစ်မျိုး ဖြစ်ပေါ်လာခဲ့တာကို သူ သတိထားမိလိုက်တယ်။ သူ့မျက်ကွင်းတွေ ညိုနေပြီ။ ကေသရီဟာ မေစန်းဘာအကွက်နင်းခဲ့တယ် ဆိုတာကို သိပြီးသားဖြစ်ပေမဲ့ မနက် ချန်ဇော်ချန်း မြောက်ဘက်ဆောင်ကနေ ထွက်လာတာ တွေ့တော့ မေစန်းရဲ့ အခြေအနေကို မေးခဲ့ရှာပါသေးတယ်။ စံထိုက်ထိုက်အတွက် ဆရာဝန် ပင့်ပေးပြီးပြီလားပေ့။ ချန်ဇော်ချန်းက ရှက်ကိုးရှက်ကန်း ခေါင်းခါတယ်။ သူ့မျက်နှာက နွမ်းလျနေပြီ။ စကားလည်း မပြောချင်တော့တာကြောင့် ကေသရီရဲ့လက်ကိုသာ အသာအယာ တစ်ချက် ဖမ်းဆုပ်လိုက်မိတယ်။

❦

mgyoe.com

ကေသရီဟာ တက္ကသိုလ် တစ်နှစ်တက်ပြီးတဲ့နောက် ချန်ဇော်ချန်းနဲ့ လက်ထပ်ခဲ့တယ်။ အကြောင်းရင်းက သိပ်ကို ရိုးရှင်းပါတယ်။ ကေသရီအဖေရဲ့ လက်ဖက်ခြောက်စက်ရုံ ပြုတ်သွားလို့ သမီးဖြစ်သူကို ကျောင်းဆက်ထားဖို့ မတတ်နိုင်တော့တာကြောင့်ပဲ။ ကေသရီ ကျောင်းထွက်ပြီး အိမ်ပြန်လာတဲ့ သုံးရက်မြောက်နေ့မှာပဲ အိမ်ကလူတွေ မီးဖိုချောင်ထဲမှာ ဆူဆူညံညံ ဖြစ်လာတာ ကြားရလို့ သွားကြည့်လိုက်တဲ့အခါ သူ့အဖေက ရေချိုးဇလုံနားမှာ မှိုလျက်။ ရေချိုးဇလုံထဲမှာလည်းသွေးတွေကအပြည့်၊အမြှုပ်တောင်ထနေပြီ၊သူ့အဖေကလက်ကောက်ဝတ်သွေးပြန်ကြောကိုလှီးဖြတ်ပြီးမရဏလမ်းကိုပေါ့ပါးစွာလိုက်သွားခဲ့ပြီ၊အဲဒီတုန်းကမျှော်လင့်ချက်မဲ့သွားတဲ့ ခံစားချက်ကို ကေသရီ မှတ်မိနေသေးတယ်။ အဖေ့ရဲ့အေးစက်စက် ရုပ်အလောင်းကို ပွေ့ထားစဉ် သူ့တစ်ကိုယ်လုံးဟာ အလောင်းထက်တောင် ပိုလို့ အေးစက်နေခဲ့တယ်။ကပ်ဘေးဆိုက်လာချိန်မှာသူ တစ်ချက်မှ မငိုနိုင်ခဲ့ဘူး။ ဟိုရေချိုးဇလုံကိုလည်း ရက်အတန်ကြာအောင် ဘယ်သူမှ အသုံးမပြုခဲ့ဘူး။ ကေသရီကတော့ ရေချိုးဇလုံထဲမှာပဲ ခေါင်းလျှော်မြဲ လျှော်ခဲ့တယ်။ ကေသရီဆီမှာ သာမန်မိန်းကလေးတွေလို အဓိပ္ပာယ်မရှိတဲ့ ကြောက်စိတ်ရွံ့စိတ်မျိုး မရှိဘူး။သူကအင်မတန်လက်တွေ့ဆန်တယ်။အဖေသေပြီးနောက်ပိုင်းသူ ကိုယ့်အားကိုယ်ကိုးရတော့မယ်။ အဲဒီရေချိုးဇလုံဘေးမှာ ကေသရီဟာ ဆံပင်တွေကို တစ်ကြိမ်ပြီးတစ်ကြိမ် လျှော်ခဲ့တယ်၊ အဲဒီကတစ်ဆင့် နောင်အနာဂတ်ဘဝရှေ့ရေးအတွက် အေးဆေးတည်ငြိမ်စွာ ကြိုတင်စဉ်းစားနေခဲ့တယ်။ ဒါကြောင့်မို့လည်း နောက်ပိုင်းမှာ မိထွေးဖြစ်သူက သူ့ကို အလုပ်လုပ်မလား၊ လင်ယူမလားဆိုပြီး လမ်းနှစ်လမ်း ရွေးခိုင်းလာတဲ့အခါ သူက လင်ပဲယူမှာပေါ့လို့ အေးဆေးတည်ငြိမ်စွာ ပြန်ဖြေနိုင်ခဲ့တာ ဖြစ်တယ်။ လူသာမန်ကို ယူမှာလား၊ လူကုံထံကို ယူမှာလားလို့ မိထွေးက မေးလာပြန်တဲ့အခါ ကေသရီက လူကုံထံကို ယူမှာပေါ့၊ မေးစရာ လိုသေးလို့လားလို့ ပြန်ဖြေတယ်။ မိထွေးက၊ ဒါက မတူဘူးလေ၊ လူကုံထံကို ယူရင် အငယ်ပဲ လုပ်လို့ရမှာနော်လို့ ပြောတယ်။ ကေသရီက၊ အငယ်လုပ်တယ်ဆိုတာ ဘာလဲလို့ မေးလိုက်တဲ့အခါ မိထွေးလည်း တစ်အောင့်လောက်စဉ်းစားပြီးမှ၊ မယားငယ် လုပ်တာပဲအေ့၊ နာမည်ဂုဏ်ပုဒ်ကတော့ နည်းနည်းလူကြားမကောင်းဘူးပေါ့အေလို့ ပြောလိုက်တယ်။ ကေသရီက နာမည်ဂုဏ်ပုဒ်ဆိုတာ ဘာလဲ၊ နာမည်ဂုဏ်ပုဒ်ဆိုတာကို ကျွန်မလို လူမျိုးက စဉ်းစားစရာလား၊

mgyoe.com

mgyoe.com

ဘာပဲဖြစ်ဖြစ် ကျွန်မကိုယ်ကို ဒေါ်ဒေါ့်လက်ထဲ ဝကွက်အပ်လိုက်ပြီ၊ ဒေါ်ဒေါ်သာ ဖေဖေ့ရဲ့ မေတ္တာတရားကို ထောက်ထားသေးတယ်ဆိုရင် ကျွန်မကို ဝယ်လက် ကောင်းတစ်ယောက်ဆီ ရောင်းလိုက်ပါ လို့ ပြောလိုက်တယ်။

ကေသရီကို ချန်ဇော်ချန်း ပထမဆုံးအကြိမ် သွားတွေ့တုန်းက ကေသရီ က တံခါးပိတ်ပြီး အတွေ့မခံဘဲ တံခါးကြားထဲကနေသာ လေသံတစ်ချက် ပစ်လိုက်တယ်။ ဗိုလ်ဆိုင်တစ်ဆိုင်မှာ တွေ့ကြမယ်တဲ့။ ချန်ဇော်ချန်းက ခများ လည်း ဘာပဲပြောပြော တက္ကသိုလ်ကျောင်းသူကြီးပေမို့ အများနဲ့မတူတဲ့ အပိုင်း လေးတွေ ရှိမှာပေါ့လေလို့ တွေးပြီး၊ ဗိုလ်ဆိုင်တစ်ဆိုင်မှာ ဘွတ်ကင်လုပ်ပြီး တော့ ကေသရီကို သွားစောင့်နေခဲ့တယ်။ အဲဒီနေ့က အပြင်မှာ မိုးရွာနေတယ်။ ချန်ဇော်ချန်းဟာ ပြတင်းမှန်ကတစ်ဆင့် အပြင်က မိုးတဖွဲဖွဲ ရွာနေတဲ့ လမ်းကို မျှော်ကြည့်ရင်း စိတ်ထဲမှာ ဆန်းသစ်ပြီး နွေးထွေးတဲ့ ခံစားမှုတစ်မျိုး ဖြစ်ပေါ်နေခဲ့ တယ်။ ဒီလိုခံစားမှုမျိုးကို ရှေ့က မယားသုံးယောက်စလုံးဆီကနေ သူ မရခဲ့ဖူးဘူး။ ပိုးထီးကလေး ဆောင်းကာ ဖြည်းဖြည်းနှေးနှေး လျှောက်လာတဲ့ ကေသရီကို မြင်တော့ ချန်ဇော်ချန်း ဝမ်းသာစွာ ပြုံးလာမိတယ်။ ကေသရီဟာ သူ့စိတ်ကူးထဲ ကအတိုင်း လှပကြော့ရှင်းလို့နေတယ်။ နောက်ပြီး အသက်ကလည်း ငယ်ငယ် လေးရယ်။ ကေသရီ သူ့ရှေ့မှာ ဝင်ထိုင်ပြီး လက်ဆွဲအိတ်ထဲကနေ ဖယောင်းတိုင် ကလေးတွေ တစ်ဆုပ်လိုက် ထုတ်လိုက်တာကိုလည်း ချန်ဇော်ချန်း မှတ်မိ သေးတယ်။ သူက ချန်ဇော်ချန်းကို လေသံကလေးနဲ့ ပြောလိုက်တယ်၊ ကျွန်မ အတွက် ကိတ်မုန့်တစ်လုံး မှာပေးပါတဲ့။ ချန်ဇော်ချန်းလည်း ဘွိုင်ကို ကိတ်မုန့် တစ်လုံး ယူလာခိုင်းလိုက်တယ်။ ပြီးတဲ့နောက်မှာ ကေသရီက ဖယောင်းတိုင် ကလေးတွေကို ကိတ်မုန့်ပေါ်မှာ တစ်တိုင်ချင်း စိုက်လိုက်တယ်။ စုစုပေါင်း ဆယ့်ကိုးတိုင် စိုက်ပြီးတော့ ပိုတဲ့ တစ်တိုင်ကို အိတ်ထဲ ပြန်ထည့်လိုက်တယ်။ ချန်ဇော်ချန်းက ဒါ ဘာလုပ်တာလဲ၊ ဒီနေ့က မင်းမွေးနေ့လားလို့ မေးတော့ ကေသရီက ပြုံးရုံပြုံးကာ ဖယောင်းတိုင်တွေကို မီးညှိရင်း ဖယောင်းတိုင်မီး ကလေးတွေ တောက်လာတာကို ကြည့်နေခဲ့တယ်။ ဖယောင်းတိုင်မီးရောင်ထဲမှာ ကေသရီရဲ့ မျက်နှာကလေးဟာ ပိုပြီးတော့ ကြော့ရှင်းတင့်တယ်လာတယ်။ မီးလျှံကလေးတွေက ချစ်စရာကောင်းလိုက်တာနော်လို့ သူက ပြောတော့ ချန်ဇော်ချန်းကလည်း ချစ်စရာကောင်းပါတယ်လို့ ပြန်ပြောတယ်။ ပြီးတော့

mgyoe.com

ကေသရီက အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းပြီး ဖယောင်းတိုင်တွေကို ဟူးခနဲ ငြိမ်းသွားအောင် မှုတ်လိုက်တယ်။ မွေးနေ့ စောစောလုပ်လိုက်တာပေါ့၊ ဆယ့်ကိုးနှစ်မွေးနေ့ လုပ်ပြီးပြီလို့ သူ ပြောလိုက်တာကို ချန်ဇော်ချန်း ကြား လိုက်ရတယ်။

ကေသရီရဲ့ စကားထဲမှာ စားမြုံ့ပြန်စရာ ပါတယ်လို့ ချန်ဇော်ချန်း ခံစားမိတယ်။ နောက်ပိုင်းမှာ သူလည်း အဲဒီနေ့က ကေသရီ ဖယောင်းတိုင်မီး မှုတ်တဲ့ အခြင်းအရာကို မကြာခဏ ပြန်စဉ်းစားလာမိတတ်တယ်။ ဒါကြောင့် မို့လည်း ကေသရီဆီမှာ သိမ်မွေ့ပြီး စွဲမက်ဖွယ်ကောင်းတဲ့ အစွမ်းတစ်မျိုး ရှိနေ တယ်လို့ သူ ခံစားမိတာပေါ့။ အတွေ့အကြုံရင့်ကျက်တဲ့ ယောကျ်ားတစ်ယောက် အနေနဲ့ ချန်ဇော်ချန်းပိုပြီး စွဲလမ်းမိတာကတော့ ခုတင်ပေါ်ကကေသရီရဲ့ ချစ်သွေး ကြွမှုနဲ့ အကင်းပါးမှုတို့ပါပဲ။ ကေသရီကို တွေ့စကတည်းက လိပ်ပြာလွင့်မတတ် စွဲမက်ဖွယ်ကောင်းတာကို မြင်ခဲ့ရတယ်။ နောက်ပိုင်းမှာလည်း အမှန်ပဲ သက်သေ ထူလာနိုင်ခဲ့တယ်။ ကေသရီရဲ့ ပင်ကိုသဘောကိုက ဒီလိုပဲလား၊ ဒါမှမဟုတ် တမင်လုပ်ပြတာလားဆိုတာ ဝေခွဲရ ခက်ပေမဲ့ ချန်ဇော်ချန်းကတော့ အတော် ကလေးကို ကျေနပ်သဘောကျမိတယ်။ ကေသရီ့အပေါ် သူ့ရဲ့ အချစ်ပို အလို လိုက်မှုကို ချန်အိမ်တော်က လူတွေအားလုံး မျက်မြင်ကိုယ်တွေ့ပါပဲ။

❧

နောက်ဘက်ဥယျာဉ်ရဲ့ နံရံထောင့်မှာ ဝစ္စတီးရီးယားစင်တစ်စင် ရှိတယ်။ နွေရာသီကနေ ဆောင်းကူးရာသီအထိ တစ်လျှောက်လုံး ခရမ်းရောင် အဆင်း ရှိတဲ့ ဝစ္စတီးရီးယား ခေါ် ရေတံခွန်ပန်းတွေ လေးလံစွာ တွဲရရွဲ ဖူးပွင့်လို့နေတယ်။ အဲဒီ ခရမ်းရောင် ငွမ်းမျှင်သဏ္ဍာန် ပန်းပွင့်တွေက ဆောင်းကူး လေပြည်ထဲမှာ ယိမ်းနွဲ့လို့နေရင်း တစ်နေ့တခြား ဖျော့တော့လာနေတာကိုခန်းဆောင်ပြတင်းက တစ်ဆင့် ကေသရီ လှမ်းမြင်ရတယ်။ ဝစ္စတီးရီးယားစင် အောက်မှာ ရေတွင်း တစ်လုံးရှိတာကိုလည်း သူ သတိထားမိတယ်။ ကျောက်စားပွဲနဲ့ ကျောက်ထိုင်ခုံ တွေလည်း ရှိသေးတယ်။ အပန်းဖြေ နားနေဖို့ နေရာကောင်း ဖြစ်ပေမဲ့ ဟိုမှာ က လူရိပ်တောင် မမြင်ရဘူး။ ဟိုကို သွားတဲ့ လမ်းကလေးမှာလည်း ပေါင်းမြက်

mgyoe.com

mgyoe.com

တွေ တောထလို့နေတယ်။ လိပ်ပြာတွေ ပျံသွားတယ်။ ပုစဉ်းရင်ကွဲတွေလည်း ဝစ္စတီးရီးယားပင်ရဲ့ အကိုင်းအရွက်တွေပေါ်မှာ တေးသီနေတယ်။ ကေသရီလည်း မနှစ်က ဒီလိုအချိန်ကို ပြန်သတိရလာတယ်။ အဲဒီတုန်းက သူဟာ ကျောင်းဝင်း ထဲက ဝစ္စတီးရီးယားစင်အောက်မှာ စာထိုင်ဖတ်နေခဲ့တယ်။ အရာအားလုံးဟာ အိပ်မက်ပမာ ဖြစ်သွားပြီ။ ကေသရီက ဟိုကို ဖြည်းဖြည်းချင်း လျှောက်သွား တယ်။ သူက စကတ်ရှည်ကို မပြီး ပေါင်းမြက်တွေ ပိုးကောင်တွေကို မထိမိ အောင် မနင်းမိအောင် သတိထားပြီး လျှောက်သွားတယ်။ နွယ်ကိုင်း တချို့ ကို ဖြည်းဖြည်းချင်း လှစ်ဟလိုက်ပြီးတဲ့နောက် ကျောက်စားပွဲ ကျောက်ထိုင်ခုံ တွေပေါ်မှာ ဖုန်တွေ အထပ်လိုက် တက်နေတာကို မြင်လိုက်ရတယ်။ ရေတွင်း နားကို ရောက်သွားတော့ ရေတွင်းပေါင်မှာ ရေညှိတွေ အပြည့်။ ကေသရီက ရေတွင်းထဲ ငုံ့ကြည့်တယ်။ တွင်းရေက ပြာရီရီ။ ရေမျက်နှာပြင်ထက်မှာ နှစ်ချို့ ရွက်ကြွေတွေ ပေါလောပေါ်နေတယ်။ ကေသရီဟာ ရေထဲမှာ တလက်လက် အရိပ်ထင်နေတဲ့ မိမိမျက်နှာကို မြင်လာရတယ်။ ရေတွင်းထဲမှာ ပဲ့တင်ထပ်ပြီး ပိုလို့ကျယ်လောင်လာတဲ့ မိမိအသက်ရှူသံကို ကြားလာရတယ်။ အသက်ရှူသံက လေးလံထိုင်းမှိုင်းပြီး အားပျော့ချည့်နဲ့နေတယ်။ လေတစ်ချက် ဝေ့လာလို့ ကေသရီရဲ့ စကတ်ရှည်လည်း ငှက်ပျံပမာ လွင့်သွားတယ်။ အဲဒီအချိန်မှာ ခိုင်မာတဲ့ အအေးဓာတ်တစ်မျိုးက သူ့ခန္ဓာကိုယ်ကို ကျောက်တုံးပမာ ဖြည်းဖြည်းချင်း ထုနေသလို ကေသရီ ခံစားလာမိတယ်။ ကေသရီ လှည့်ပြန်လာခဲ့တယ်။ လှည့်ပြန် လာခဲ့တဲ့ အရှိန်က သိပ်မြန်တယ်။ တောင်ဘက်ဆောင်ရဲ့ စကြံကို ရောက်မှ သူ သက်ပြင်းတစ်ချက် ချလိုက်တယ်။ လည်ပြန်လှည့်ကြည့်တော့ ခုနက ဝစ္စတီးရီးယားစင်ကို မြင်ရပြန်တယ်။ စင်ပေါ်ကနေ တွဲရရွဲ ကျနေတဲ့ ပန်းခိုင်တချို့ ရုတ်တရက် ကြွေကျလာတယ်။ ဒါလည်း တော်တော်ကို ထူးဆန်းတာပဲလို့ ကေသရီ အောက်မေ့မိတယ်။

ကြော့ယွန်းက ခန်းဆောင်ထဲကနေ ကေသရီကို ထိုင်စောင့်နေတယ်။ ကေသရီမျက်စိပျက်မျက်နှာပျက်ဖြစ်နေတာကိုသတိထားမိလိုက်လို့ကြော့ယွန်း လည်း ထလာပြီး ကေသရီရဲ့ ခါးကလေးကို ဖက်ကာ ဘာဖြစ်လာတာလဲကွယ် လို့ မေးလိုက်တယ်။ ဘာဖြစ်လို့လဲဟင်၊ ကေသရီ အပြင်မှာ လမ်းထွက်လျှောက် တာပါလို့ ကေသရီက ဖြေတော့ ကြော့ယွန်းက၊ မင်းကို ကြည့်ရတာ မျက်နှာ

mgyoe.com

mgyoe.com SAMPLE BOOK


မကောင်းသလို ဖြစ်နေလို့ပါကွယ်လို့ ပြောလိုက်တယ်။ ကေသရီလည်း တစ်ချက် ရယ်ပြီး၊ ဟိုဟာလာနေလို့ပါလို့ ပြန်ပြောလိုက်တယ်။ ကြော့ယွန်းလည်း ရယ်ပြီး၊ ဒါကြောင့်မို့ လောရဲက တို့ဆီ ရောက်လာပြန်တာပေါ့လို့ ပြောလိုက်တယ်။ သူက စက္ကူထုပ်တစ်ထုပ်ကို ဖွင့်ပြီး ပိုးအုပ်တစ်အုပ် ထုတ်လိုက်တယ်။ အဲဒါ စူးကျိုးက ပိုးစစ်၊ မင်း အဝတ်ချုပ်ဝတ်ဖို့ မမ လက်ဆောင်ပေးတာ။ ကေသရီက ကြော့ယွန်းလက်ကို ကာလိုက်ပြီး၊ မဟုတ်တာပဲ၊ မမက ကေသရီ့ကို လက်ဆောင် ပေးလို့ မသင့်တော်ပါဘူး၊ ပေးချင်းပေး ကေသရီကသာ မမကို ပေးရမှာပါလို့ ပြောလိုက်တယ်။ ကြော့ယွန်းက ရှူးတစ်ချက် အသံပြုလိုက်ပြီး၊ ဘယ်နှယ့် မသင့်တော်ရမှာလဲကွယ်၊ တို့က မင်း ချစ်စရာကောင်းတာ မြင်လို့ ဒီ ပိုးအုပ်ကို ချက်ချင်းသတိရလာတာ၊ ဘေးအိမ်က ဟိုတစ်ယောက်သာဆိုရင် သင်း ပိုက်ဆံ ပေးဝယ်မယ်ဆိုတောင် တို့က မရောင်းဘူးကွဲ့၊ တို့စိတ်က ဒီလိုပဲလို့ ပြောတယ်။ ကေသရီလည်း ပိုးအုပ်ကို လက်ခံယူပြီး ပေါင်ပေါ်တင်ကာ ပွတ်သပ်ရင်း၊ စံထိုက် ထိုက်က နည်းနည်း ထူးဆန်းတာတော့ အမှန်ပါ၊ ဒါပေမဲ့ သူက တော်တော်တော့ ကြည့်လို့ ကောင်းတာနော်လို့ ပြောလိုက်တယ်။ ဘာကြည့်လို့ ကောင်းတာလဲ၊ မျက်နှာပေါ်က မျက်နှာခြယ်တွေ ခြစ်ချလိုက်ရင် အဝက်သားကျော် ရှိမယ်။ ကေသရီလည်း ပြုံးပြန်ပြီး၊ ကေသရီ ခုနက ဝစ္စတီးရီးယားစင်အောက်ကို ခဏ ရောက်သွားသေးတယ်၊ အဲဒီနေရာကို တော်တော် သဘောကျတယ်ဆိုပြီး စကား လမ်းကြောင်းကို လွှဲလိုက်တော့၊ ကြော့ယွန်းက၊ မင်း လူသေရေတွင်းဆီကို သွားတယ်လား၊ အဲဒီကို မသွားနဲ့နော်၊ လာဘ်တိတ်လိမ့်မယ်လို့ အလန့်တကြား ထအော်မိတယ်။ ကေသရီ လန့်သွားတယ်။ ဘာလို့ လူသေရေတွင်းလို့ ခေါ်တာ လဲဟင်။ ကြော့ယွန်းက၊ ဒါကြောင့်မို့ မင်းအိမ်ထဲဝင်လာတုန်းက မျက်နှာမကောင်း ဖြစ်နေတာကိုး၊ အဲဒီရေတွင်းထဲမှာ လူသုံးယောက် သေဖူးတယ်လို့ ပြောလိုက် တယ်။ ကေသရီလည်း မတ်တတ်ထပြီး ပြတင်းပေါက်မှာ လက်ထောက်ကာ ဝစ္စတီးရီးယားစင်ဘက်ကို လှမ်းကြည့်တယ်။ ရေတွင်းထဲမှာ ဘယ်သူတွေ သေခဲ့တာလဲဟင်။ ကြော့ယွန်းက၊ ရှေ့တစ်ဆက်က သားမယားတွေပါ၊ အားလုံး မိန်းမသားတွေချည်းပဲလို့ ပြောတယ်။ ကေသရီက ထပ်သိချင်သေးပေမဲ့ ကြော့ယွန်းက မပြောပြတတ်တော့ဘူး။ သူလည်း ဒီလောက်ပဲ သိတာလေ။ ချန် အိမ်တော်မှာ ဒီအကြောင်းတွေ ပြောတာကို တားမြစ်ထားတယ်၊ အားလုံး

mgyoe.com

mgyoe.com SAMPLE BOOK

ရေငုံနှုတ်ပိတ်နေရတယ်လို့သူကပြောတယ်။ကေသရီလည်းတစ်အောင့်လောက်ငိုင်နေပြီးမှ ဒီအကြောင်းတွေ မသိရတော့လည်း အေးတာပါပဲလို့ ပြောလိုက်တယ်။

❦

ချန်ဇော်ချန်းလောရဲ့ သားတွေ၊ သမီးတွေဖြစ်တဲ့ စောရဲတွေ၊ ရှောကျဲတွေဟာ အလယ်ဝင်းမှာ နေကြတယ်။ တစ်ကြိမ်မှာ အိရှန်၊ အိယွန်း ညီအစ်မနှစ်ယောက် ရွှံမြောင်းနားမှာ တီကောင်တူးနေတာကို ကေသရီ မြင်လိုက်ရတယ်။ မျက်လုံးမျက်ဖန်လေးတွေက အင်မတန် ချစ်စရာကောင်းတာမို့ ကေသရီလည်း မြင်မြင်ချင်းပဲ သူတို့လေးတွေဟာ ကြော့ယွန်းရဲ့သမီးလေးတွေပဲလို့ ကောက်ချက်ချနိုင်ခဲ့တယ်။ သူက ဘေးတစ်ဖက်ကနေ သူတို့နှစ်ယောက်ကို တိတ်တိတ်ကလေးရပ်ကြည့်နေခဲ့တယ်။ ကေသရီကို တွေ့သွားတာတောင် ညီအစ်မနှစ်ယောက်က အနားမှာတခြားလူမရှိသလိုပုံစံနဲ့ တီကောင်တွေကိုဝါးကျည်တောက်ထဲထည့်မြဲထည့်နေကြတယ်။ ကေသရီက၊ မင်းတို့ တီကောင်တူးပြီး ဘာလုပ်ကြမလို့လဲကွဲ့လို့ မေးလိုက်တယ်။ အိရှန်က၊ ငါးမျှားဖို့လေလို့ ပြန်ပြောပေမဲ့ အိယွန်းကတော့ ကေသရီကို မထီတရီ တစ်ချက်ကြည့်ပြီး၊ နင့်အပူမပါဘူးလို့ ပြောလိုက်တယ်။ ကေသရီလည်း နည်းနည်းအောင့်သက်သက်ဖြစ်သွားပြီး လှည့်ထွက်လာခဲ့တယ်။ ခြေလှမ်းဘယ်နှလှမ်းမှ မလှမ်းရသေးခင်မှာပဲ ညီအစ်မနှစ်ယောက်ရဲ့ တိုးတိုးပြောသံကို ကြားလိုက်ရတယ်။ သူလည်း အမေ့လို မယားငယ်ပဲတဲ့။ တဒင်္ဂအတွင်း ကေသရီ ပေါက်ကွဲသွားတယ်။ သူက ပြန်လှည့်ပြီး ဟိုကလေးမနှစ်ယောက်ကို ဒေါသတကြီး စိုက်ကြည့်လိုက်တယ်။ အိရှန်က တခိခိရယ်တယ်။ အိယွန်းကတော့တစ်စက်ကလေးမှမလျှော့ဘဲသူ့ကိုနှုတ်ခမ်းရွဲ့ပြတယ်။ပါးစပ်ကလည်းဖျစ်တောက်ဖျစ်တောက် ရေရွတ်နေလိုက်သေးတယ်။ ကေသရီလည်း ဘယ့်နှယ်ဟာကြီးလဲ၊ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဒီလို ကြားမကောင်းတဲ့ စကားတွေ ပြောတတ်နေပြီလား၊ ကြော့ယွန်းဟာ ဒီသမီးနှစ်ယောက်ကို ဘယ်လိုများ ဆုံးမသွန်သင်ထားပါလိမ့်နော်လို့ စိတ်ထဲ တွေးနေမိတယ်။

ကြော့ယွန်းနဲ့ ထပ်တွေ့ဖြစ်တော့ ကေသရီက စိတ်မထိန်းနိုင်ဘဲ အိယွန်း ပြောခဲ့တာကို ပြန်တိုင်ပြောလိုက်မိတယ်။ ကြော့ယွန်းက၊ ဒီကောင်မလေး

mgyoe.com

mgyoe.com

ပါးစပ် စည်းမရှိဘဲကို၊ နေပေစေဦး၊ ပြန်ရောက်မှ သင်းပါးကို ဆွဲလိမ်ရမယ်လို့ ပြောတယ်။ တောင်းပန်စကား ဆိုပြီးတဲ့နောက် ကြော့ယွန်းက၊ တကယ်တော့ တို့ကလေးနှစ်ယောက်က တော်ပါသေးတယ်၊ ဘေးအိမ်က စောရဲလေးကို မင်းမတွေ့ဘူးလား၊ ခွေးတစ်ကောင်အတိုင်းပဲ၊ တွေ့တဲ့လူတိုင်းကို ကိုက်တယ်၊ တံတွေးထွေးတယ်၊ မင်းကော သူ့အကိုက် ခံရပြီးပြီလားလို့ ပြောပြန်တယ်။ ကေသရီ ခေါင်းခါတယ်။ သူ့ခေါင်းထဲမှာ ဘေးအိမ်က ချာတိတ်လေး ဖေးလန် ပေါ်လာတယ်။ စကြံမှာ ရပ်ကာ ပေါင်မုန့်ကိုက်ရင်း သူ့ကို ကြည့်နေတဲ့ ဖေးလန်ဟာ ဆံပင်ကို ပြောင်ဝင်းနေအောင် ဖြီးထားပြီး၊ ခြေထောက်မှာလည်း သားရေရှူးဖိနပ် စီးထားတယ်။ တစ်ခါတလေ ဖေးလန်ရဲ့ မျက်နှာမှာ ချန်ဇော်ချန်းရဲ့ အမူအရာမျိုး ပေါ်လာတတ်တာကိုလည်း ကေသရီသတိထားမိခဲ့သေးတယ်၊ သူ့စိတ်ထဲကတော့ ဖေးလန်လေးကို လက်ခံနိုင်ပါတယ်။ သူ့အတွင်းစိတ်က ချန်ဇော်ချန်းအတွက် သားလေးတစ်ယောက်မွေးပေးချင်တာကြောင့်လည်းဖြစ်နိုင်ပါတယ်။ယောကျ်ားလေးက မိန်းကလေးထက် သာတယ်လို့ ကေသရီ ထင်မိတယ်၊ သူ့ဘာသာ လူတွေ့တိုင်း ကိုက်ကိုက် မကိုက်ကိုက် ဘာအရေးလဲပေ့ါ။

ယုရိရဲ့ သားနဲ့ သမီးကိုပဲ ကေသရီ အတော်ကြာတဲ့အထိအောင် မမြင်ဖူးသေးတာ။ အဲဒီနှစ်ယောက်ရဲ့ ချန်အိမ်တော်မှာရှိတဲ့ အဆင့်အတန်းကတော့ မြင်သာထင်ရှားပါတယ်။ ဖေးဖူနဲ့ အိဟွေ့တို့အကြောင်း ပြောနေကြတာကို ကေသရီမကြာခဏကြားရဖူးတယ်။သားကြီးဖြစ်သူတာစောရဲဖေးဖူကအပြင်မှာ တစ်ချိန်လုံး ကြွေးလိုက်သိမ်းနေရတယ်။ တစ်ဖက်မှာ အိမ်ခြံမြေလုပ်ငန်းလည်း လုပ်သေးတယ်။ အိဟွေ့ကတော့ ပေဖိန်က မိန်းကလေးတက္ကသိုလ်ကျောင်းမှာ ကျောင်းတက်နေတယ်။ ကေသရီက ငန်းကလေးဆီကနေ ဖေးဖူအကြောင်း မသိမသာ မေးကြည့်တော့ ငန်းကလေးက၊ ကျွန်မတို့တာစောရဲက သိပ်ကို လုပ်ရည်ကိုင်ရည်ရှိတဲ့လူလို့ ပြောတယ်။ ဘယ်လို လုပ်ရည်ကိုင်ရည်ရှိတာလဲလို့ ကေသရီက မေးတော့ ငန်းကလေးက၊ လုပ်ရည်ကိုင်ရည်ရှိတာပေ့ါ၊ ခုချိန်မှာ ချန်မိသားစုတစ်ခုလုံးကသူ့ကိုပဲအားကိုးနေရတာလေလို့ဖြေတယ်။တာရှောကျဲ ကရော ဘယ်လို ပုံစံလဲလို့ ကေသရီက ငန်းကလေးကို မေးပြန်တယ်။ ငန်းကလေး က၊ ကျွန်မတို့တာရှောကျဲက လှလည်းလှ ဏ္ဍငွေလည်းရတယ်၊ နောင်ကျရင် ဆွေကြီးမျိုးကြီးနဲ့ အိမ်ထောင်ပြုမှာလို့ ဖြေတယ်။ ကေသရီ စိတ်ထဲက ကျိတ်ရယ်

mgyoe.com

mgyoe.com SAMPLE BOOK

မိတယ်။ ငန်းကလေးရဲ့ ဟိုလူ့ချီးမွမ်း ဒီလူ့ကဲ့ရဲ့ လေသံမျိုးကို သူ အတော်ကလေး မြင်ပြင်းကတ်မိတယ်။ အဲဒါနဲ့ သူက ဒေါသကို သူ့စကတ်ရှည်အောက်က ပါသျှန် ကြောင်ရဲ့ကိုယ်ပေါ် မဲချလိုက်တော့တယ်။ ကေသရီက ကြောင်ကို ခြေထောက် နဲ့ ကန်ထုတ်ပြီး၊ အောက်တန်းစားကောင်၊ ဒီနား လာပြီး ဘာလျှောက်လျက် နေတာလဲလို့ ဆဲလွှတ်လိုက်တယ်။

ကေသရီဟာ ငန်းကလေးအပေါ် တစ်နေ့တခြား မြင်ပြင်းကတ်လာ တယ်။ အဆိုးဆုံးတစ်ချက်ကတော့ သင်းဟာ အားအားရှိ မေစန်းအဆောင်ဘက် ကို ကူးကူးသွားတဲ့အချက်ပဲ။ နောက်ပြီး ကေသရီရဲ့ အတွင်းခံအင်္ကျီ အတွင်းခံ ဘောင်းဘီတွေကို လျှော်ခိုင်းတိုင်း ငန်းကလေးဟာ အစဉ်သဖြင့် မျက်နှာ ရှစ်ခေါက်ချိုးနဲ့ မကျေနပ်တဲ့ အချိုးချိုးပြတယ်။ တစ်ခါတလေမှာ ကေသရီက သူ့ကို ဆူတာပေ့ါ။ ညည်းက ဘယ်သူ့ကို မျက်နှာချိုးချိုးပြနေတာလဲ၊ ညည်း ငါ့လက်အောက်မှာ မနေချင်ရင် အစေခံတန်းလျား ပြန်သွားလိုက်၊ ဘေးအိမ် ကို သွားချင်ရင်လည်း ရတယ်။ ငန်းကလေးက၊ မဟုတ်ရပါဘူး၊ ကျွန်မ မျက်နှာ ချိုးမချိုးရဲပါဘူး၊မွေးကတည်းကိုက မျက်နှာမရှိတဲ့လူပါလို့ ထုချေတယ်။ ကေသရီ က ဘီးတစ်လက် လှမ်းဆွဲယူပြီး ပေါက်လိုက်တော့မှ ငန်းကလေး အသံတိတ်သွား တယ်။ ငန်းကလေးဟာ အပြင်မှာ သူ့မကောင်းကြောင်းတွေ တော်တော်ကြီး ပြောပြီးလောက်ပြီ ဆိုတာ ကေသရီ ရိပ်စားမိတယ်။ ဒါပေမဲ့ သွားပြီး သိပ်ကြမ်း လို့တော့ မဖြစ်ဘူး။ ဘာလို့လဲဆိုတော့ တစ်ကြိမ်မှာ ချန်ဇော်ချန်းက အိမ်ထဲ ဝင်လာရင်း ငန်းကလေးရဲ့ ရင်သားကို တစ်ချက် လှမ်းကိုင်လာတာ ကေသရီ မြင်ဖူးလို့ပဲ။ လျှပ်တစ်ပြက်သဘော၊ လက်သင့်တဲ့သဘောမျိုး ဖြစ်ပေမဲ့ ကေသရီ လည်း နည်းနည်းပါးပါး မဆင်ခြင်လို့မဖြစ်ဘူး။ နို့မို့ရင် ငန်းကလေးဟာ ဒီလောက် အထိ မာန်တက်ဝံ့မှာ မဟုတ်ဘူး။ ကေသရီလည်း ဘာမဟုတ်တဲ့ ယားဝှမ်လေး တစ်ယောက်တောင်မှ ဟိုနည်းနဲ့ ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်ရကောင်းမှန်း သိနေပါပကောလား၊ မိန်းမဆိုတာ ဒီလိုဟာမျိုးတွေချည်းပါပဲလေလို့ တွေးနေမိ တယ်။

❦

ရိုးရာပြက္ခဒိန် ကိုးလ ကိုးရက်၊ ကိုးပူးပွဲတော်နေ့မတိုင်မီ ရှေ့တစ်ရက်မှာ တာစောရဲ့ ဖေးဖူ ပြန်ရောက်လာတယ်။

mgyoe.com

ကေသရီဟာ အလယ်ဝင်းထဲမှာ ဂန္ဓမာပန်းတွေကို ရှုစားနေတုန်း ယောကျ်ားတချို့အနားမှာ ယုရီရော အိမ်တော်ထိန်းရော ဝိုင်းနေကြတာကို တွေ့လိုက်ရတယ်။ အဲဒီထဲက အဖြူရောင် အနောက်တိုင်းဝတ်စုံ ဝတ်ထားတဲ့ တစ်ယောက်ကအင်မတန်မှ ငယ်ရွယ်သေးသလို၊အဝေးကမြင်ရတဲ့နောက်ကျော ပုံရိပ်ဟာလည်း အင်မတန်မှ ထောင်ထောင်မောင်းမောင်း ရှိလှတယ်။ သူဟာ ဖေးဖူပဲ ဖြစ်ရမယ်လို့ ကေသရီ ခန့်မှန်းလိုက်တယ်။ လှည်းတစ်စီးစာအပြည့် ဝန်စည်စလယ် အထုပ်အပိုးတွေကို အစေခံတွေက စီတန်းပြီး နောက်ဘက် ဥယျာဉ်ဆီကို သယ်ဆောင်သွားကြ၊ တဖြည်းဖြည်းနဲ့ လူတွေ အိမ်ထဲ ဝင်သွား ကြတာကို ကေသရီကြည့်နေခဲ့တယ်။ ကေသရီလည်း ဝင်သွားလို့ မကောင်းတာ နဲ့ ဂန္ဓမာပန်းတစ်ပွင့် ခူးပြီး နောက်ဘက်ဥယျာဉ်ဆီကို ဖြည်းဖြည်းချင်း လျှောက် သွားတယ်။ လမ်းမှာ ကြော့ယွန်းရယ် မေစန်းရယ်လည်း ကလေးကိုယ်စီ ခေါ်လျက် အဲဒီဘက်ကို သွားနေကြတာကို တွေ့လိုက်ရတယ်။ ကြော့ယွန်းက ကေသရီ့လက်ကို ဆွဲပြီး၊ တာစောရဲ့ ပြန်လာပြီလေ၊ မင်း တစ်ချက်လောက် သွားမတွေ့ဘူးလားလို့ ပြောတယ်။ ကျွန်မက သူ့ကို သွားတွေ့ရမှာလား၊ သူက ကျွန်မကို လာတွေ့ရမှာ မဟုတ်ဘူးလားလို့ ကေသရီက ပြောတော့ ကြော့ယွန်း က၊ ဟုတ်တော့ ဟုတ်ပါတယ်၊ အမှန်က သူက မင်းကို လာတွေ့ရမှာပါလို့ ပြောရှာတယ်။ ဘေးက မေစန်းကတော့ စိတ်မရှည်ဟန်နဲ့ ဖေးလန်ရဲ့ ဇက်ပိုးကို ပုတ်ပြီး၊ သွားလေ၊ သွားလေလို့ ငေါက်လိုက်တယ်။

ဖေးဖူကို ကေသရီ အမှန်တကယ် တွေ့ရတာက ထမင်းဝိုင်းမှာ။ အဲဒီနေ့က ချန်ဇော်ချန်းက ဖေးဖူကို ကြိုဆိုတဲ့အနေနဲ့ ပွဲတော်တည်ဖို့အတွက် ထမင်းချက်ကို စီစဉ်နိုင်းထားတယ်။ စားပွဲပေါ်မှာ အကောင်းတကာ့ အကောင်းဆုံး ဟင်းပွဲတွေ အပြည့်တည်ခင်းထားတယ်။ ကေသရီလည်း စားပွဲပေါ်က ဟင်းပွဲ တွေကို မျက်လုံးတစ်ချက်ဝေ့ကြည့်ရင်း သူ ချန်အိမ်တော်ကို ရောက်ရောက်ချင်း နေ့တုန်းက စားပွဲအခင်းအကျင်းဟာ ဖေးဖူရဲ့ ကြိုဆိုပွဲလောက် မသားနားတာကို အလိုအလျောက် သတိထားမိလို့ စိတ်မကောင်း နည်းနည်းဖြစ်မိသေးတယ်။ ဒါပေမဲ့ သူက အာရုံတွေကို ဖေးဖူကိုယ်ပေါ် လျင်မြန်စွာပဲ ပြောင်းလာနိုင်ခဲ့တယ်။ ဖေးဖူက ယုရီနံဘေးမှာ ထိုင်နေတယ်။ ယုရီက သူ့ကို တစ်ခုခုပြောလိုက်လို့ ဖေးဖူလည်း ခါးမတ်ပြီးတော့ ကေသရီကို ပြုံးလျက် ခေါင်းတစ်ချက် ညိတ်ပြ

mgyoe.com

mgyoe.com  SAMPLE BOOK 

လိုက်တယ်။ ကေသရီလည်း ခေါင်းညိတ်ပြုံးပြလိုက်တယ်။ ဖေးဖူအပေါ် သူ့ရဲ့ ပထမဆုံး ခံစားချက်ကတော့ ထင်မထားနိုင်လောက်အောင် ချောမောနုပျို နေခြင်းပဲ။ ဒုတိယ ခံစားချက်ကတော့ ဒီလူဟာ အကွက်ကျကျ တွက်ချက် စီစဉ် တတ်သူတစ်ယောက်ပဲ။ ကေသရီဟာ အစဉ်သဖြင့် မြင်မြင်ချင်း လူကဲခတ်ချင် တတ်တယ်။

နောက်တစ်နေ့ဟာ ရိုးရာပြက္ခဒိန် ကိုးလ ကိုးရက်၊ ကိုးပူးပွဲတော်နေ့ပဲ။ ပန်းစိုက်သမားတွေက ဥယျာဉ်ထဲက ဂန္ဓမာအိုးတွေကို တစ်နေရာတည်းမှာ အကုန်စုပြီး၊ ကံဇာတာကောင်းခြင်း၊ ရာထူးစည်းစိမ်ရှိခြင်း၊ အသက်ရှည်ခြင်း၊ ပျော်ရွှင်ခြင်း အဓိပ္ပာယ်ဆောင်တဲ့ ဖူ၊ လု၊ ရှို၊ ယှီ ဆိုတဲ့ တရုတ်စာလုံးလေးလုံးပုံ ဖြစ်အောင် အရောင်အသွေးစုံလင်စွာ စီထားတယ်။ ကေသရီ ခပ်စောစော နိုးလာပြီး ဂန္ဓမာပန်းတွေနားမှာပတ်လျှောက်နေခဲ့တယ်။ မနက်လေကအေးတယ်။ ကေသရီ ဟာ သားမွေးအနွေးထည် လက်ပြတ်တစ်ထည်ပဲ ထပ်ထားလို့ မိမိလက်မောင်း နှစ်ဖက်ကို ဖက်ကာ ပန်းတွေကို လှည့်ပတ်ကြည့်နေခဲ့တယ်။ အလယ်ဝင်းကနေ ဒီဘက်ကို ကူးလာနေတဲ့ ဖေးဖူကို အဝေးကနေ လှမ်းမြင်လိုက်ရလို့ ကေသရီက သူ့ကို အရင်နှုတ်ဆက်ရရင် ကောင်းမလား ချီတုံချတုံ ဖြစ်နေတုန်းမှာပဲ ဖေးဖူက မင်္ဂလာမနက်ခင်းပါ ကေသရီလို့ လှမ်းနှုတ်ဆက်လိုက်တယ်။ ဖေးဖူက သူ့ကို နာမည်တပ်ခေါ်လာလို့ ကေသရီ နည်းနည်း အံ့သြသွားသေးတယ်။ ကေသရီက ခေါင်းညိတ်ပြပြီး၊ ဝါစဉ်အရဆိုရင် မင်းက တို့ကို နာမည်မခေါ်သင့်ဘူးနော်လို့ ပြောလိုက်တော့၊ ဖေးဖူက ပန်းခင်းရဲ့ အခြားတစ်ဖက်မှာ ရပ်ပြီး ပြုံးလျက် ရှပ်အင်္ကျီလက်ကို ခေါက်တင်ရင်း၊ မင်းကို စီထိုက်ထိုက်လို့ ခေါ်ရမှာပါ၊ ဒါပေမဲ့ မင်းက ကိုယ့်ထက် အသက်ငယ်မှာ သေချာတယ်၊ မင်းအသက် ဘယ်လောက် ရှိပြီလဲလို့ ပြောလိုက်တယ်။ ကေသရီက မကျေနပ်ဟန်နဲ့ မျက်နှာလွှဲပြီး ပန်း တွေကိုပဲကြည့်နေလိုက်တယ်။ ဖေးဖူက၊ မင်းလည်း ဂန္ဓမာပန်းကြိုက်တယ်လား၊ ကိုယ်က အစက စောစောထပြီး နေရာကောင်း ဦးလို့ရမယ် ထင်နေတာ၊ လက်စသတ်တော့ မင်းက ကိုယ့်ထက် ပိုစောနေတာကိုးလို့ ပြောတယ်။ ကေသရီက၊ တို့က ငယ်ငယ်ကတည်းက ဂန္ဓမာကို သဘောကျလာခဲ့တာပါ၊ ခုမှ သဘောကျတာ မဟုတ်ဘူးလို့ ပြောတယ်။ ဖေးဖူက၊ ဘယ်အမျိုးအစားကို အကြိုက်ဆုံးလဲလို့ မေးတော့ ကေသရီက၊ အကုန်ကြိုက်တယ်၊ ကြက်လည်ဆံ

mgyoe.com

 mgyoe.com SAMPLE BOOK 

တစ်မျိုးကိုပဲ မှန်းတာလို့ ဖြေတယ်။ ဖေးဖူက၊ ဘာကြောင့်လဲလို့ မေးတော့ ကေသရီက၊ ကြက်လည်ဆံက ပွင့်တာ သိပ်ကြာ်းလွန်းတယ်လို့ ပြောတယ်။ ဖေးဖူက ရယ်ပြီး၊ စိတ်ဝင်စားဖို့တော့ ကောင်းလာပြီ၊ ကိုယ်ကလည်း ကြက်လည်ဆံကိုမှ အကြိုက်ဆုံး ဖြစ်နေတယ်လို့ ပြောတယ်။ ကေသရီက ဖေးဖူကို မျက်စောင်း တစ်ချက်ထိုးလိုက်တယ်၊ မင်း အဲဒါကို ကြိုက်မယ်မှန်း တို့ ထင်သားပဲ။ ဖေးဖူက၊ ဒါကရော ဘာဖြစ်လို့လဲလို့ ပြောပြန်တယ်။ ကေသရီ က ရှေ့ကို နည်းနည်းတိုး လာပြီး၊ ပန်းဟာ ပန်းမဟုတ်၊ လူဟာ လူမဟုတ်၊ ပန်းဟာ လူပဲ၊ လူဟာ ပန်းပဲ၊ ဒီသဘောတရားကို မင်း နားမလည်ဘူးလားလို့ ပြောလိုက်တယ်။ ကေသရီက ဆတ်ခနဲ ခေါင်းမော့လိုက်တယ်။ ဖေးဖူရဲ့အကြည့်ထဲမှာ တင့်ဆန်းတဲ့ အရောင် တစ်မျိုး ရေမြက်ပမာ ရှပ်ပြေးသွားတာကို သူ သတိထားမိလိုက်တယ်။ သူ မြင်လိုက်ရတယ်။ သူ အမိအရ ဖမ်းဆုပ်နိုင်ခဲ့တယ်။ ဖေးဖူက ဂန္ဓမာပန်းတွေရဲ့ ဟိုတစ်ဖက်မှာ ခါးထောက်ရပ်နေရင်းက၊ ကြက်လည်ဆံတွေကို ကိုယ် လဲပစ် လိုက်မယ်ကွာလို့ ရုတ်တရက် ပြောလာတယ်။ ကေသရီက ဘာမှ ပြန်မပြောဘူး။ ဖေးဖူ ကြက်လည်ဆံတွေကို ဖယ်ပစ်လိုက်ပြီး ဂန္ဓမာ နီညိုတွေနဲ့ အစားထိုး လိုက်တာကိုပဲ ကြည့်နေခဲ့တယ်။ တစ်အောင့်နေတော့မှ ကေသရီက၊ ပန်းတွေ အားလုံးက ကောင်းပါတယ်၊ စီထားတဲ့ စာလုံးပဲ မကောင်းတာ၊ လူပြိန်းဆန် လွန်းအားကြီးတယ်လို့ ပြောလာပြန်တယ်။ ဖေးဖူက လက်ပေါ်က ရွှံ့တွေကို ပုတ်ခါရင်း ကေသရီကို မျက်မှောင်ကြုတ်ပြကာ၊ ဒါတော့ မတတ်နိုင်ဘူးကွယ်၊ ဖူ လု ရှို ယှီက လောရဲ့ စီခိုင်းထားတာ၊ နှစ်တိုင်း ဒီလိုပဲ စီရတယ်၊ ဘိုးစဉ်ဘောင်ဆက် ဆက်ခံလာခဲ့တဲ့ ထုံးစံပဲလေလို့ ပြောလိုက်တယ်။

နောင်အခါမှာ ကိုးပူးပွဲတော်နေ့ ဂန္ဓမာပန်းရှုစားတဲ့အဖြစ်ကို ပြန် စဉ်းစားမိတိုင်း ကေသရီစိတ်ထဲ ပျော်လာတတ်တယ်။ အဲဒီနေ့က စပြီးတော့ပဲ သူနဲ့ ဖေးဖူအကြားမှာ ခံစားမှုတစ်မျိုး ရှိလာခဲ့သယောင်။ ဖေးဖူ ကြက်လည်ဆံ ဂန္ဓမာတွေ သယ်ထုတ်သွားတဲ့ မြင်ကွင်းကို ပြန်မြင်ယောင်မိရင်း ကေသရီဟာ တစ်ခါတလေ အသံထွက် ရယ်လာတတ်တယ်။ တကယ်တော့ အဲဒီ ကြက်လည်ဆံ လို့ ခေါ်တဲ့ ဂန္ဓမာမျိုးကို သူ ဒီလောက်ကြီး ကြည့်မရတာ မဟုတ်မှန်း ကေသရီ ကိုယ်တိုင်ပဲ သိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လောရဲ့သဘောအကျဆုံးက ဘယ်သူလဲဟင်။ ဒီမေးခွန်းကို ကေသရီက အိပ်ရာထဲမှာ ချန်ဇော်ချန်းကို မကြာခဏ မေးလေ့ရှိတယ်။ ကျွန်မတို့ လေးယောက်ထဲမှာ လောရဲ့သဘောအကျဆုံးက ဘယ်သူလဲ။ မေးစရာလိုသေးလို့လား၊ မင်းပဲပေါ့လို့ ချန်ဇော်ချန်းက ပြောတယ်။ ယုရီကော။ သူက ကြက်မအိုကြီး ဖြစ်နေပြီလေ။ ကြော့ယွန်းကော။ ကြော့ယွန်းကတော့ ပစ်စလက်ခတ် သုံးလို့ရပါသေးတယ်၊ ဒါပေမဲ့ သူလည်း နည်းနည်းတော့ လျော့ရဲရဲ ဖြစ်နေပြီ။ ဒါဖြင့် မေစန်းကော။ ကေသရီဟာ အမြဲလိုလို မေစန်းအကြောင်းကို ဟန်မဆောင်နိုင်လောက်အောင် သိပ်သိချင်နေခဲ့တယ်။ မေစန်းက ဘယ်ဇာတိလဲဟင်။ ချန်ဇော်ချန်းက၊ သူ ဘယ်ဇာတိမှန်း ငါလည်း မသိဘူး၊ သူ့ကိုယ်တိုင်လည်း မသိဘူးလို့ ပြောတယ်။ ဒါဖြင့် မေစန်းက မိဘမဲ့လားလို့ ကေသရီက မေးတော့ ချန်ဇော်ချန်းက၊ သူက သဘင်သည်၊ ပီကင်းအော်ပရာ တောဇာတ်အဖွဲ့ထဲက မင်းသမီး၊ ငါက သူ့ပရိသတ်ပေါ့၊ တစ်ခါတလေမှာ ဇာတ်စင်နောက်ထဲ ဝင်ပြီး သူ့ကို သွားတွေ့တယ်၊ သူ့ကို မှန့်လိုက်ကျွေးတယ်၊ ဒီလိုနဲ့ သူလည်း ငါ့နောက် ပါလာခဲ့တာလို့ ပြောတယ်။ ကေသရီက ချန်ဇော်ချန်းရဲ့ မျက်နှာကို အသာပုတ်ပြီး၊ မိန်းမမှန်ရင် လောရဲ့နောက် ပါချင်တာပါပဲလေလို့ ပြောတော့ ချန်ဇော်ချန်းက၊ ဒီစကားက တစ်ဝက်ပဲ မှန်တယ်၊ အမှန်က မိန်းမမှန်ရင် ပိုက်ဆံရှိတဲ့လူနောက် ပါချင်တာပဲလို့ ပြောရမှာလို့ ပြောတယ်။ ကေသရီ ရယ်တယ်။ လောရဲ့ပြောတာလည်း တစ်ဝက်ပဲ မှန်တယ်၊ အမှန်က ပိုက်ဆံရှိပြီး မိန်းမ ထပ်လိုချင်တဲ့၊ ယူလို့လည်း အတောမသတ်နိုင်တဲ့ ပိုက်ဆံရှိတဲ့လူလို့ ပြောရမှာ။

ကေသရီဟာ မေစန်း ပီကင်းအော်ပရာ ဆိုတာ တစ်ခါမှ မကြားဖူးဘူး။ အဲဒီနေ့မနက်က ပြတင်းပေါက် အပြင်ဘက်ကနေ ရှည်လျားကြည်လင်တဲ့ သီဆိုသံ တချို့ လွင့်ပျံလာလို့ ကေသရီ အိပ်မက်ထဲကနေ လန့်နိုးလာခဲ့တယ်။ သူက ဘေးမှာရှိတဲ့ ချန်ဇော်ချန်းကို လှုပ်နှိုးပြီး အဲဒါ မေစန်း ဆိုနေတာလားလို့ မေးတယ်။ ချန်ဇော်ချန်းလည်း အိပ်မှုန်စုံမွှားနဲ့၊ သင်းက ပျော်ရင် ဆိုတယ်၊ မပျော်ရင် ငိုတယ်၊ အလကား ခွေးကောင်မ လို့ ပြောတယ်။ ကေသရီက ပြတင်းတံခါးကို တွန်းဖွင့်လိုက်တော့ ဥယျာဉ်ထဲမှာ ညတုန်းက ဆောင်းကူးနှင်းမှုန် ဖြူဖြူဖွေးဖွေးတွေ ကျထားတာကို တွေ့လိုက်ရတယ်။ ဝစ္စတီးရီးယားစင်အောက်မှာ အနက်တစ်ကိုယ်ဝတ်ဆင်ထားတဲ့ မိန်းမတစ်ယောက် သီဆိုရင်း ကခုန်နေတယ်။ တကယ်ပဲ မေစန်း ဖြစ်နေတယ်။

mgyoe.com

SAMPLE BOOK

ကေသရီက အပေါ်အင်္ကျီခြုံကာ စကြံဆီကို ထွက်လာပြီး ခပ်လှမ်းလှမ်းကနေ မေစန်းကို ရပ်ကြည့်နေခဲ့တယ်။ မေစန်းဟာ အဆိုအကထဲမှာ နစ်မျောနေပြီ။ သူ ဆိုနေပုံက ကြေကွဲနာပျော်လှသမို့ ကြားရသူမှာတောင် စိတ်တွေကြွတက်လာတယ်။ ဒီလိုနဲ့ အတန်ကြာတော့မှ မေစန်းက ဖြုန်းခနဲ ရပ်ချလိုက်တယ်။ ကေသရီ့မျက်ဝန်းထဲမှာ မျက်ရည်တွေဝိုင်းနေတာကို သူ မြင်သွားသယောင်။ မေစန်းက ဇာတ်အင်္ကျီလက်အရှည်ကြီး ပခုံးမှာ တင်ပြီး နောက်ပြန်လှည့်တယ်။ မနက်ခင်း အလင်းရောင်အောက်က မေစန်းရဲ့ မျက်နှာပေါ်နဲ့ အဝတ်အစားပေါ်တို့မှာ သလင်းကျောက်အရောင်ပမာ အရောင်တချို့ လင်းလက်လို့နေတယ်။ ဆံထုံးထုံးထားတဲ့ သူ့ဆံပင်တွေဟာ နှင်းရည်တွေနဲ့ စိုရွှဲနေပြီ။ ဒီလို လမ်းလျှောက်နေတဲ့ သူ့ပုံစံဟာ လေထဲက မြက်ပင်ပမာ စိုရွှဲကြေကွဲဖွယ်ကောင်းနေတော့တယ်။

မင်း ငိုနေတယ်၊ မင်းဘဝက ပျော်ရွှင်ချမ်းမြေ့ဖွယ် ကောင်းနေတာမဟုတ်ဘူးလား၊ ဘာလို့ငိုနေတာလဲ၊ မေစန်းက ကေသရီရှေ့မှာ ရပ်ပြီး ခပ်အေးအေးမေးလိုက်တယ်။ ကေသရီလည်း လက်ကိုင်ပဝါ ထုတ်ပြီး မျက်လုံးထောင့်ကိုတစ်ချက် သုတ်လိုက်တယ်။ ဘာကြောင့်မှန်းလဲ မသိပါဘူးရှင်၊ မမေစန်းဆိုနေတာ ဘာဇာတ်ထုပ်လဲဟင်။ "မယ်ကြိုးဆွဲချ"တဲ့၊ မေစန်းက ပြောတယ်၊ မင်းသဘောကျလို့လား။ ကျွန်မက ပီကင်းအော်ပရာအကြောင်း နကန်းတစ်လုံးမှမသိပါဘူး၊ အခုကက မမေစန်း ဆိုနေတာ အသက်ပါလွန်းအားကြီးလို့ နားထောင်တဲ့ ကျွန်မတောင် ဝမ်းနည်းလာမိတယ်၊ ပြောရင်း ကေသရီဟာ မေစန်းမျက်နှာပေါ်ကနေ ပထမဆုံးအကြိမ် ချစ်ကြည်တဲ့ အမူအရာ ပေါ်လာတာကို တွေ့လိုက်ရတယ်။ မေစန်းက မိမိဝတ်ထားတဲ့ ဇာတ်ဝတ်စုံကို ငုံ့ကြည့်ပြီး၊ ဇာတ်ကတာပဲလေ၊ ဒီလောက်အထိ ဝမ်းနည်းဖို့ မတန်ပါဘူး၊ ဇာတ်ကရာမှာ သရုပ်ဆောင်ကောင်းရင် သူများကို ညာလို့ရမယ်၊ သရုပ်ဆောင်ညံ့ရင်တော့ ကိုယ့်ကိုယ်ကိုယ်ပဲ ညာလို့ရတာပေါ့လို့ ပြောတယ်။

ကေသရီ့အဆောင်ထဲက ချန်ဇော်ချန်း ချောင်းဆိုးလာလို့ ကေသရီလည်း မေစန်းကို အားတုံ့အားနာ ကြည့်လိုက်မိတယ်။ မေစန်းက မေးတယ်။ မင်းသူ့ကို အဝတ်အစား သွားကူဝတ်မပေးဘူးလား။ ကေသရီက ခေါင်းခါတယ်။ သူ့ဘာသာ ဝတ်ပေစေပေါ့၊ ကလေးမှ မဟုတ်တာပဲ။ မေစန်းလည်း စိတ်ဆိုး

mgyobe.com

mgyoe.com
SAMPLE BOOK


မာန်ဆိုး နည်းနည်း ဖြစ်သွားပြီးတော့မှ ပြုံးပြတယ်။ တို့ကိုကျတော့ သူက အင်္ကျီဝတ်ပေးခိုင်း၊ ဖိနပ်စွပ်ပေးခိုင်း လုပ်တာ၊ ကြည့်ရတာ လူဆိုတာ အယုတ်အမြတ် ခွဲခြားမှု ရှိတာပဲနော်။ အဲဒီအချိန်မှာ ချန်ဇော်ချန်းက အထဲကနေ အော်လာပြန်တယ်။ဟဲ့မေစန်း၊အိမ်ထဲဝင်ခဲ့၊ငါ့ကိုတစ်ပိုဒ်လောက်လာဆိုပြစမ်း။ မေစန်းရဲ့ မျက်ခုံးသွယ်သွယ်ဟာ ချက်ချင်းပဲ ထောင်တက်လာတယ်။ သူက မထီတရီ တစ်ချက်ရယ်ပြီးတော့ ပြတင်းပေါက်ရှေ့ ပြေးသွားပြီး၊ ဆိုမပြနိုင်ဘူး ဟေ့လို့ ပြောလိုက်တယ်။

မေစန်းရဲ့ဒေါသကို ကေသရီ ကြုံတွေ့ရဖူးပြီ။ ဒီအကြောင်းကို သူက သွယ်ကာဝိုက်ကာ ပြောလာချိန်မှာ ချန်ဇော်ချန်းက ပြောတယ်။ ဒါတွေအားလုံး ရှေ့ပိုင်းမှာ ငါ သူ့ကို အလိုလိုက်မိခဲ့တဲ့ အကျိုးဆက်ပဲ၊ ဒီဟာမက စိတ်အလိုမကျရင် ငါ့ဘိုးအေ ရှစ်ဆက်ကိုတောင် တက်ဆဲရဲတာ၊ ဒီခွေးတိရစ္ဆာန်မကို တစ်ချီလောက်တော့ ပယ်ပယ်နယ်နယ် ဆုံးမရဦးမယ်။ သိပ်ပြီးတော့လည်း မကြမ်းပါနဲ့ လောရဲရယ်၊ သူ့ခမျာလည်း သနားစရာ၊ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်ပါ၊ လောရဲ သူ့အပေါ် အချစ်ပေ့ါသွားမှာ စိုးလို့ ဒီလို ဆိုးနွဲ့ပြနေတာ ဖြစ်မှာပါ။

နောက်ပိုင်းမှာ ကေသရီနဲ့ မေစန်းအကြားမှာ အေးတိအေးစက် မဟုတ်ပေမဲ့ နွေးနွေးထွေးထွေးလည်း မဟုတ်တဲ့ အသွားအလာတချို့ ရှိလာခဲ့တယ်။ မေစန်းက မာကျောက်သမား။ မကြာခဏဆိုသလို သူ့ဆီကို လူတွေ ဖိတ်ပြီး မာကျောက်ဆွဲတယ်။ ညစာစားပြီးချိန်ကစလို့ ညဥ့်နက်သန်းခေါင် အချိန်အထိ ကစားတာ။ နံရံတစ်ဖက်ကနေ ကေသရီဟာ ဘေးအိမ်မှာ မာကျောက်ဖဲတုံးတွေ မွှေနေတဲ့ တကျောက်ကျောက် အသံတွေ ဆူလွန်းလို့ အိပ်ရေးတောင် ပျက်ခဲ့ရတယ်။ ချန်ဇော်ချန်းနဲ့ တိုင်ပြောတော့ ချန်ဇော်ချန်းက၊ သည်းခံလိုက်ပါကွာ၊ သင်းက မာကျောက်ကလေး ဆွဲနေမှပဲ စိတ်က ပုံမှန်ဖြစ်တာ၊ ဘာပဲဖြစ်ဖြစ် သင်း ဖဲရှုံးလို့ ပိုက်ဆံကုန်သွားရင် ငါက ထပ်ပေးမှာမှ မဟုတ်တာပဲ၊ ကစားစမ်းပါစေကွာ၊ သူ့သေတွင်းသူ တူးစမ်းပါစေလို့ ပြောတယ်။ ဒါပေမဲ့ တစ်ကြိမ်မှာ မေစန်းက ကေသရီကို ဖဲဝိုင်းလာထိုင်ဖို့ ယားဝှမ် လွှတ်ပြီး အခေါ်ခိုင်းလိုက်တော့၊ ကေသရီလည်း ငါက မာကျောက် ဆွဲစရာလား၊ ကြံကြီး စည်ရာပဲအေ ဆိုပြီး ယားဝှမ်ကို တစ်ခွန်းတည်း ပြန်ငြင်းလွှတ်လိုက်တယ်။ ယားဝှမ် ပြန်သွားတော့ မေစန်း ကိုယ်တိုင်ပေါက်ချလာတယ်။ သုံးအိမ်ပဲရှိလို့

mgyoe.com

mgyoe.com

တစ်အိမ်လိုနေတယ်ကွယ်၊ လိုက်ကစားပါနော်လို့ သူက ပြောတယ်။ ကေသရီက၊ ကျွန်မမှ မကစားတတ်တာ၊ ရှုံးဖို့ပဲ ရှိမှာပေါ့လို့ ပြောလိုက်တော့ မေစန်းက သူ့လက်မောင်းကို လာဆွဲပြီး၊ လာပါကွာ၊ ရှုံးရင် မင်းဆီက ပိုက်ဆံမယူပါဘူး၊ ဒီလိုလုပ်ပါလား၊ နိုင်ရင် မင်းယူ၊ ရှုံးရင် တို့စိုက်လျော်မယ်လို့ ပြောတယ်။ ကေသရီက၊ ဒီလောက်ကြီးလည်း မဟုတ်ပါဘူး၊ အဓိကက ကျွန်မ မကစားချင်လို့ပါလို့ ပြောတယ်။ ပြောရင်း မေစန်း မျက်နှာစူပုပ်လာတာကို သူ တွေ့လိုက်ရတယ်။ မေစန်းက တစ်ချက်ဟင့်လိုက်ပြီး၊ ဒီမှာ ဘာများ ရှိနေလို့လဲကွာ၊ မင့်မလဲ ရွှေတိုက်ကြီး စောင့်နေရသလို တစ်ဖဝါးမှ မခွာနိုင်ဘဲ ဖြစ်နေရတယ်လို့၊ ငပိန်ရိုးခြောက် အဘိုးကြီးတစ်ယောက်အတွက်နဲ့ များကွာလို့ ပြောလိုက်တယ်။ ကေသရီလည်း ဒေါသထောင်းခနဲ ထွက်လာပြီး ပေါက်ကွဲတော့မယ့်ဆဲဆဲ မကြားဝံ့မနာသာ စကားလုံးတွေကို ပါးစပ်ဝနား ရောက်လာခါမှ ပြန်မျိုချလိုက်မိတယ်။ သူက နှုတ်ခမ်းကိုက်ပြီး စက္ကန့်အနည်းငယ် စဉ်းစားပြီးတဲ့နောက်၊ ကောင်းပြီလေ၊ ကျွန်မ လိုက်ခဲ့မယ်လို့ ပြောလိုက်တယ်။

အခြားနှစ်ယောက်က မာကျောက်ဝိုင်းမှာ ထိုင်စောင့်နှင့်နေကြပြီ။ တစ်ယောက်က အိမ်တော်ထိန်း ချန်ဇော်ဝန်၊ ကျန်တဲ့တစ်ယောက်ကိုတော့ မသိဘူး။ မေစန်း မိတ်ဆက်ပေးတဲ့အရတော့ ဆရာဝန်တစ်ယောက်တဲ့။ အဲဒီလူက ရွှေကိုင်းမျက်မှန်နဲ့။ အသားမည်းသလောက် နှုတ်ခမ်းကတော့ မိန်းမနှုတ်ခမ်းလို နီလွင်နူးညံ့နေတယ်။ ဒီလူ့ကို အရင်က မေစန်းအဆောင်ထဲ ဝင်ထွက်တာ မြင်ဖူးပေမဲ့ ဘာကြောင့်မှန်းတော့ မသိဘူး၊ ဆရာဝန်တစ်ယောက် ဆိုတာကိုတော့ ကေသရီ မယုံနိုင်ဘဲ ဖြစ်နေခဲ့တယ်။

ကေသရီဟာ မာကျောက်ဝိုင်းမှာ ထိုင်သာထိုင်နေတယ်၊ စိတ်နဲ့ လူနဲ့ က မကပ်ဘူး။ သူက သိပ်မကစားတတ်တော့ ဟိုလူတွေ ဒေါင်းပြီဟေ့၊ ဆွဲဒေါင်းကွ အော်နေတာတွေကိုပဲ ဘုမသိ ဘမသိနဲ့ ကြားနေခဲ့ရတယ်။ ခမျာ ပိုက်ဆံချည်း ထုတ်နေရလို့ တဖြည်းဖြည်းနဲ့ နှမြောလာမိတယ်။ သူက၊ ကျွန်မ ခေါင်းကိုက်လို့ ခဏနားချင်ပြီလို့ ပြောတယ်။ မေစန်းက၊ ဝိုင်းတစ်ခါထိုင်ရင် ရှစ်ပတ် လည်တဲ့ အထိ ကစားရတာ ထုံးစံပဲ၊ မင်းက ရှုံးလို့ ပိုက်ဆံနှမြောနေပြီလားလို့ ပြောလိုက်တယ်။ ချန်ဇော်ဝန်ကလည်း ဘေးကနေပြီး၊ ဒီလောက်ကလေးနဲ့ ဘာမှ မဖြစ်ပါဘူး၊ ဖဲရှုံးတော့ အမြဲပြုံးရတာပေါ့လို့ ပြောလိုက်တယ်။ မေစန်းကလည်း ထပ်ပြော

mgyoe.com

တယ်၊ မင်း ဒီနေ့တော့ ကြေ့ာယွန်းဆန္ဓကို ဖြည့်ဆည်းပေးလိုက်ပါကွာ၊ ခမျာ ခုတလော ပျင်းနေရှာတာ၊ အဘိုးကြီးကို သူ့ တစ်ညငှားလိုက်ပါလေ၊ မင်း ရှုံးတဲ့ ပိုက်ဆံ သူ့ ပြန်စိုက်ခိုင်းလိုက်ပေ့ါလို့ ပြောလိုက်တယ်။ ဝိုင်းထဲက ယောကျ်ား နှစ်ယောက်စလုံး ရယ်လာကြတယ်။ ကေသရီလည်း ရယ်တယ်။ ပါးစပ်ကသာ မမေစန်းက တယ်လည်းရယ်စရာပြောတတ်တာပဲလို့ ပြောပေမဲ့ စိတ်ထဲမှာတော့ ယင်ကောင်တစ်ကောင် မျိုချလိုက်ရသလို ခံစားနေမိတယ်။

မေစန်းနဲ့ ဆရာဝန်တို့အကြား မျက်စမျက်န ပစ်နေတာကို ကေသရီ က သွေးအေးအေးနဲ့ လေ့လာနေခဲ့တယ်။ သူ့ရဲ့ အလိုလို သိနိုင်တဲ့ တန်ခိုးအစွမ်း အောက်မှာ ဘယ်အရာမှ ပြေးလို့မလွတ်ဘူးလို့ သူ တွေးမိတယ်။ ဖဲမွှေနေတုန်း မာကျောက်တစ်တုံး အောက်ကျသွားလို့ ကေသရီက ကုန်းကောက်လိုက်ချိန်မှာ စားပွဲအောက်က သူတို့နှစ်ယောက်ရဲ့ ခြေထောက်နှစ်စုံ အနေအထားနဲ့ ပက်ပင်း တိုးတော့တာပဲ။ စားပွဲအောက်မှာ ဝှက်ထားတဲ့ အဲဒီခြေထောက်လေးချောင်းဟာ နဂိုက ပူးယှက်နေပြီး၊ ပြန်ခွာလိုက်တာဟာလည်း အလွန်မြန်ဆန် အလွန်သဘာဝ ကျတယ်ဆိုပေမဲ့ ကေသရီကတော့ မျက်စိနဲ့ တပ်အပ်မြင်သွားပြီလေ။

ကေသရီက ဣန္ဒြေမပျက် ဆက်နေတယ်။ မေစန်းနဲ့ ဆရာဝန်ရဲ့ မျက်နှာတွေကိုတော့ ထပ်သွားမကြည့်တော့ဘူး။ အဲဒီအချိန်မှာ ကေသရီရဲ့ စိတ်ဟာ အင်မတန် ရှုပ်ထွေးနေတယ်။ အတန်ငယ် ထိတ်လန့်နေတယ်။ အတန်ငယ် ထူပူနေတယ်၊ တောမီးလောင်လို့ လက်ခမောင်းခတ်နေတဲ့ တောကြောင်လို ခံစားမှုမျိုးလည်း အတန်ငယ် ဖြစ်နေသေးတယ်။ မေစန်း မေစန်း နင့်မလဲ အနေအထိုင် ပက်စက်လှချည်လား၊ အတင့်ရဲလှချည်လားလို့ စိတ်ထဲက ပြော နေမိတယ်။

❦

ဆောင်းကူးရာသီမှာ ဒီလိုပုံစံမျိုး နေ့ရက်တွေ အများကြီး ရှိတတ်တယ်။ ပြတင်းပေါက်အပြင်က ကောင်းကင်ဟာ အုံ့မှိုင်းနေပြီး၊ ဥယျာဉ်ထဲကို မိုးဖွဲ လေးတွေ မပြတ်ရွာသွန်းနေလို့ တရုတ်ပွင့်လျှာနီပင်နဲ့ သလဲသီးပင်တို့ရဲ့ အကိုင်းအရွက်တွေပေါ်ကနေ ကျောက်စိမ်းကွဲစပမာ အသံတွေ မြည်လာတတ်

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ အဲဒီလိုအချိန်တွေမှာ ကေသရီဟာ ပြတင်းပေါက်နားမှာ ငူတူတူ ထိုင်နေရင်းအပြင်က အဝတ်လှန်းကြိုးမှာ လှန်းထားတဲ့ မိုးရေစိုနေတဲ့ ပိုးစတစ်စကို ငေးကြည့်နေတတ်တယ်။ သူ့စိတ်တွေ ရှုပ်ထွေးနေတယ်။ တချို့အတွေးတွေများဆို ဖွင့်ပြောပြလို့မသင့်တဲ့ အတွေးမျိုးတွေ။

ဘာဖြစ်လို့ ကောင်းကင်အုံ့မှိုင်း မိုးရွာလာတိုင်း ခုတင်ပေါ်က အမှုကိစ္စတွေချည်း ခေါင်းထဲ ရောက်ရောက်လာရတာလဲ ဆိုတာ ကေသရီ နားကို မလည်နိုင်ဘဲ ဖြစ်နေခဲ့တယ်။ ချန်ဇော်ချန်းကတော့ ကေသရီရဲ့ ဇီဝကမ္မအပေါ်ရာသီဥတုအခြေအနေရဲ့ သက်ရောက်မှုကို သတိထားမိမှာ မဟုတ်။ စိတ်ဆောင်တိုင်း ကိုယ်မလိုက်နိုင်တဲ့ အနေရကျပ်တဲ့ အဖြစ်မျိုးပဲ နည်းနည်းဖြစ်မိတာဖြစ်တယ်။ အသက်အရွယ်က စကားပြောလာပြီကွာ၊ ငါကလည်း ကြာပွတ်သုံးပါး နတ်ဆေးဆီတို့ ဘာတို့ကို သိပ်မှန်းတာကွလို့ သူက ပြောတယ်။ ချန်ဇော်ချန်းဟာကေသရီရဲ့နွေးစစပန်းနုရောင်အသားအရေကိုပွတ်သပ်ရင်းအဲဒီအသားအရေအောက်မှာ ခုန်ပေါက်နေတဲ့ မရေမတွက်နိုင်သော ရာဂယုန်သငယ်လေးတွေကို စမ်းမိသွားတယ်။ ချန်ဇော်ချန်းရဲ့လက်က တဖြည်းဖြည်း သရမ်းလာပြီး ပါးစပ်ကလည်းကေသရီကိုယ်ပေါ်အုပ်စီးလာတော့တယ်။ ကေသရီဟာ မျက်နှာနီမြန်းလျက် ဆိုဖာပေါ်မှာ ကိုယ်တစောင်း လဲလျောင်းနေတယ်။ ပြတင်းပေါက်အပြင်က မိုးစက်ကျသံကို ကြားလိုက်ရလို့ ကေသရီက မျက်လုံးကလေးမှေးကာ အဲဒီမိုးကြောင့်ပဲ ဆိုပြီး ညည်းလိုက်မိတယ်။ ချန်ဇော်ချန်းက ကောင်းကောင်းမကြားမိလို့၊ ဘာပြောလိုက်တာလဲ၊ ဆွဲကြိုးလားလို့ မေးလိုက်တာကြောင့်၊ ကေသရီလည်း၊ ဟုတ်တယ်၊ ဆွဲကြိုးပဲ၊ ကျွန်မ အလှဆုံး ဆွဲကြိုးတစ်ကုံး လိုချင်တယ်လို့ ပြောလိုက်တယ်။ ချန်ဇော်ချန်းက၊ မင်း လိုချင်တာ ငါ မပေးဘဲ ရှိရိုးလား၊ သူတို့ကိုသာ သွားမပြောပြမိစေနဲ့လို့ ပြောတယ်။ ကေသရီက ရုတ်တရက် ထထိုင်လာပြီး၊ သူတို့က ဘာမို့လို့လဲ၊ သူတို့ကို ကျွန်မ ဂရုမစိုက်ပေါင်လို့ ပြောလိုက်တယ်။ ချန်ဇော်ချန်းက၊ ဒါပေ့ါ၊ သူတို့ ဘယ်သူမှ မင်းကို မယှဉ်နိုင်ပါဘူးလို့ ပြောတယ်။ ကေသရီရဲ့ မျက်လုံးအမူအရာ လျင်မြန်စွာ အပြောင်းအလဲဖြစ်လာတာကို သူ မြင်လိုက်ရတယ်။ ကေသရီက သူ့ကို တွန်းဖယ်လိုက်ပြီး အတွင်းခံအဝတ်ကို လျင်မြန်စွာ ဝတ်ပြီးတော့ ပြတင်းပေါက်နားကို လျှောက်သွားတယ်။ ချန်ဇော်ချန်းက ဘယ်လို ဖြစ်သွားတာလဲလို့ မေးတော့၊ ကေသရီ

က လည်ပြန်လှည့်ပြီး ပြူစူကာ ပြောလိုက်တယ်။ စိတ်မပါတော့ဘူး၊ လောရဲက ဘာလို့ သူတို့အကြောင်းတွေ လာပြောရတာလဲ။

ချန်ဇော်ချန်းဟာ ကေသရီနဲ့အတူ ပြတင်းပေါက် အပြင်ဘက်က မိုးရွာနေတဲ့ ရှုခင်းကို မအီမသာ ကြည့်နေမိတယ်။ ဒီလိုအချိန်မှာ တစ်လောက လုံးဟာ စိုထိုင်းထိုင်းနဲ့ အခံရခက်လာတတ်တယ်။ ဥယျာဉ်ထဲမှာ လူတစ်ယောက် မှ မရှိဘူး။ သစ်ရွက်တွေဟာ အအေးဓာတ် စိမ့်ထွက်နေလောက်အောင်ကို စိမ်းလို့နေတယ်။ လေတိုက်လို့ ဟိုအဝေးက ဝစ္စတီးရီးယားစင်ဟာ လူရိပ်ပမာ ယိမ်းနွဲ့သွားတယ်။ ကေသရီလည်း ဟိုရေတွင်းအကြောင်းကို သတိရလာပြီး၊ ရေတွင်းနဲ့ ပတ်သက်တဲ့ ဓာတ်လမ်းတချို့ ခေါင်းထဲ ပေါ်လာတယ်။ ဒီဥယျာဉ် ထဲကဟာတွေက တစ္ဆေဓာတ် နည်းနည်းရှိတယ်နော်လို့ ကေသရီ ပြောလိုက် တယ်။ ဘယ်က တစ္ဆေဓာတ်လဲလို့ ချန်ဇော်ချန်းက မေးတော့၊ ကေသရီက ဝစ္စတီးရီးယားစင်ဘက်ကို နှုတ်ခမ်းစူပြပြီး၊ ဟိုရေတွင်းလေလို့ ပြောလိုက်တယ်။ ချန်ဇော်ချန်းက၊ သြော်၊ ရေတွင်းထဲ လူနှစ်ယောက် ခုန်ချလို့ သေဖူးတာလေးပါ ကွာ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတာလေလို့ ပြောတယ်။ သေတဲ့လူတွေက ဘယ်သူတွေလဲဟင်။ ပြောပြလည်း မင်း မသိပါဘူးကွာ၊ ရှေ့တစ်ဆက်က အစေခံမ နှစ်ယောက်ပါ။ မယားငယ်တွေပါနော်လို့ ကေသရီက ပြောလိုက်တော့၊ ချန်ဇော်ချန်း ချက်ချင်း မျက်နှာနည်းနည်းပျက်သွားတယ်။ မင်းကို ဘယ်သူ ပြောပြတာလဲ။ ကေသရီက ပြုံးရယ်လျက်၊ ဘယ်သူမှ ပြောပြတာ မဟုတ်ပါဘူး၊ ကျွန်မဘာသာတွေ့ရတာပါ။ဟိုရေတွင်းနားကို ကျွန်မရောက်သွားတော့ရေတွင်း ထဲမှာ မိန်းမနှစ်ယောက် ပေါ်လာတာ မြင်လိုက်ရတယ်လေ၊ တစ်ယောက်က ကျွန်မနဲ့ တူတယ်၊ နောက်တစ်ယောက်လည်း ကျွန်မနဲ့ တူတာပဲလို့ ပြောလိုက် တယ်။ မင်း ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့၊ နောက်နောင် အဲဒီ ဘက်ကို မသွားနဲ့။ ကေသရီက လက်ဝါးနှစ်ဖက်ကို ရိုက်ခတ်ကာ၊ ဒါတော့ မဖြစ်ဘူး၊ ဟိုတစ္ဆေဝိညာဉ်နှစ်ကောင်ကို ဘာလို့ ရေတွင်းခုန်ချရတဲ့အကြောင်း ကျွန်မ မမေးရသေးဘူးလို့ ပြောလိုက်တယ်။ ချန်ဇော်ချန်းက၊ ဘာမေးစရာ လိုလို့လဲ၊ ညစ်တီးညစ်ပတ်ဟာတွေကြောင့်ပဲ နေမှာပေါ့လို့ ပြောတယ်။ ကေသရီ ဟာ အတန်ကြာအောင် ငြိမ်သွားပြီးမှ ရုတ်တရက် တစ်ခွန်း ပြောလိုက်တယ်၊ လက်စသတ်တော့ ဒီဥယျာဉ်ထဲ ရေတွင်းတွေ ဒီလောက် အများကြီး တူးထား

mgyoe.com

mgyoe.com

ရတာဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်တဲ့ လူတွေအတွက် တူးထားတာကိုး။ ချန်ဇော်ချန်းက ကေသရီကို ဖွေ့ခနဲ ပွေ့လိုက်တယ်။ မင်းကတော့ ပြောလေ ကဲလေပဲ၊ ပေါက်တတ်ကရတွေ လျှောက်တွေးမနေနဲ့။ ပြောရင်း ချန်ဇော်ချန်းက ကေသရီရဲ့ လက်ကို ဖမ်းဆုပ်ကာ မိမိရဲ့ ဟိုနေရာကို လာထိစမ်းစေလိုက်တယ်။ ပြန်ရလာပြီကွ၊ လာကွာ၊ ငါကတော့ မင်းအိပ်ရာထဲမှာ သေရမယ်ဆိုလည်း ကျေကျေနပ်နပ်ကြီး သေပျော်ပါတယ်။

ဥယျာဉ်ထဲက ဆောင်းကူး ရာသီမိုးဟာ အုံ့ပြက် အေးစက်နေလို့ ခန်းဆောင်ထဲက အမှုကိစ္စဟာလည်း သေအုံ့မှုးမှုး အငွေ့အသက်တစ်မျိုး ရှိလာခဲ့တယ်။ ကေသရီရှေ့မှာက မှောင်ရီတစ်ပြင်။ မှန်တင်ခုံပေါ်က ခရမ်းရောင် ဒေစီပွင့်တချို့ကသာ ပါးလှပ်လှပ် အရိပ်နီနီ လက်လို့နေတယ်။ အခန်းတံခါး အပြင်ဘက်ဆီက အသံတစ်ခုခု ကြားလိုက်ရလို့ ကေသရီလည်း လက်သင့်ရာ ရေမွှေးပုလင်းတစ်လုံးကို လှမ်းဆွဲပြီး အခန်းတံခါးဆီ ပစ်ပေါက်လိုက်တယ်။ ဘာဖြစ်ပြန်တာလဲလို့ ချန်ဇော်ချန်းက မေးတော့၊ ကေသရီက၊ ချောင်းကြည့် နေတယ်လို့ ပြောလိုက်တယ်။ ဘယ်သူ ချောင်းကြည့်တာလဲ။ ငန်းကလေးလေ။ ချန်ဇော်ချန်းက ရယ်တယ်။ ဒါ ဘာချောင်းကြည့်စရာ ရှိလို့တုံး၊ နောက်ပြီး သူ ချောင်းကြည့်လို့လည်း မမြင်နိုင်ပါဘူးကွာ။ လောရဲ သူ့ဘက်က ကာဆီးကာဆီး သိပ်မလုပ်နဲ့၊ အဲဒီကောင်မကိုယ်က ညီနံ့ကို ကျွန်မ အဝေးကြီးကနေတောင် မှတ်မိနိုင်တယ်။

❦

ညနေစောင်းအချိန် ဥယျာဉ်ထဲမှာ လူတစ်စုက ဝိုင်းဖွဲ့ထိုင်ကာ ဖေးဖူ ပလွေ မှုတ်တာကို နားထောင်နေကြတယ်။ ပိုးအင်္ကျီ ပိုးဘောင်းဘီ ဝတ်ထားလို့ ဖေးဖူဟာ ခါတိုင်းထက် ပေါ့ပါးသိမ်မွေ့လို့ နေတယ်။ ဖေးဖူက အလယ်ကောင် မှာ ပလွေကိုင်ကာ ထိုင်နေတယ်။ သူ့ဘေးပတ်လည်က ပလွေသံ နားဆင်နေသူတွေ ထဲမှာ အများစုက ဖေးဖူရဲ့ စီးပွားလုပ်ဖက် မိတ်ဆွေတွေပဲ။ အဲဒီ အခိုက်အတန့် မှာ ဒီလူစုဟာ ချန်အိမ်တော်တစ်ခုလုံး အာရုံကျနေရတဲ့ ဗဟိုချက် ဖြစ်နေခဲ့ တယ်။ အစေခံတွေက သူတို့ကို ခပ်လှမ်းလှမ်း စကြံကနေ ရပ်ကြည့်ရင်း တီးတိုး ပြောနေကြတယ်။ ခန်းဆောင်တွေထဲက တခြားလူတွေလည်း ပြတင်းပေါက်က

mgyoe.com

mgyoe.com

တစ်ဆင့် ရေပမာ တသွင်သွင် စီးဝင်လာတဲ့ ဖေးဖူရဲ့ ပလွေသံကို ကြားကြရမှာပဲ။ ဖေးဖူရဲ့ ပလွေသံကို ဘယ်သူမှ လျစ်လျူရှုနိုင်စွမ်း မရှိကြဘူး။

ကေသရီဟာ အမြဲလိုလို ဖေးဖူရဲ့ ပလွေသံကြောင့် ထိခိုက်ခံစားရပြီး၊ တစ်ခါတလေဆိုရင် မျက်ရည်စက်လက် ကျတဲ့အထိတောင် ဖြစ်ခဲ့ရတယ်။ သူက ဟိုယောကျ်ားဝိုင်းရဲ့ အလယ်မှာ ဖေးဖူနဲ့ နီးနီးကပ်ကပ် ဝင်ထိုင်ချင်ခဲ့တယ်။ ပလွေကိုင်ထားတဲ့ ဖေးဖူကို မြင်တော့၊ တက္ကသိုလ်တုန်းက လူမရှိတဲ့ အခန်းတစ်ခန်းထဲမှာ တစ်ကိုယ်တော် တယောထိုးနေတဲ့ လုလင်ပျိုတစ်ယောက် အကြောင်းကို ပြန်အမှတ်ရလာမိတယ်။ ကေသရီဟာ အဲဒီ လုလင်ပျိုရဲ့ ရုပ်သွင်ကို ကောင်းကောင်း မမှတ်မိတော့သလို၊ သူ့အပေါ်လည်း အံ့ပုန်းချစ်စိတ် မဖြစ်ပေါ်ခဲ့ဖူးပါဘူး။ ဒါပေမဲ့ အဲဒီလို သာယာတဲ့ ရှုခင်းရဲ့ ခဏတ်ကိုတော့ အလွယ်တကူ ကူးစက်ခံရတတ်တာကြောင့် ရင်ခုန်မိခဲ့တာပါပဲ။ ကေသရီဟာ အတန်ကြာအောင် ချီတုံချတုံ ဖြစ်နေပြီးမှ စကြံဆီကို ကြိမ်ခုံတစ်လုံး ယူသွားပြီး ဖေးဖူရဲ့ ပလွေသံကို ငြိမ်ငြိမ်ကလေး ထိုင်နားထောင်နေခဲ့တယ်။ ခဏနေရင်ပဲ ပလွေသံ စဲသွားပြီ။ ဝိုင်းထဲက ယောကျ်ားတွေ စကားပြောလာကြပြီ။ ကေသရီလည်း တဒင်္ဂအတွင်း စိတ်မပါဘဲ ဖြစ်လာခဲ့တယ်။ စကားပြောတယ် ဆိုတာက ပျင်းစရာကြီးလေ၊ နင် ငါ့ လိမ်၊ ငါ နင့် ညာတဲ့ စကားတွေပဲ မဟုတ်လား၊ လူဆိုတဲ့ အမျိုးက စကားပြောပြီဟော့ ဆိုတာနဲ့ ဟန်ဆောင်မှုတွေက ပါလာပြီလေလို့ သူက တွေးနေမိတယ်။ ဒီလိုနဲ့ ကေသရီလည်း ထိုင်ရာက ထကာ ခန်းဆောင်ထဲ ပြန်ဝင်လာခဲ့တယ်။ သူ့သေတ္တာထဲမှာလည်း ပလွေရှည်တစ်လက် ရှိတဲ့အကြောင်း ရုတ်တရက် သတိရလာတယ်။ အဲဒါ သွားလေသူ သူ့အဖေ ချန်ထားရစ်ခဲ့တဲ့ ပစ္စည်း။ ကေသရီက ကြိမ်သေတ္တာကို ဖွင့်လိုက်တယ်။ သေတ္တာက နေပြမခံရတာ ကြာပြီမို့ မှိုစော်နည်းနည်းနံနေပြီ။ အတိတ်က နေ့ရက်တွေကို ချိပ်ပိတ်ထားခဲ့သလားလို့ ထင်မှတ်မှားရလောက်အောင် သေတ္တာထဲမှာ သပ်သပ်ရပ်ရပ် ခေါက်သိမ်းခံထားရတဲ့၊ မဝတ်တော့ဘဲ ပစ်ထားတဲ့ ကျောင်းတုန်းက အင်္ကျီတွေ၊ စကတ်တွေဆီကနေ တစိုးတစိမ့်သော စိတ်မသာယာဖွယ်နဲ့ စိတ်ကူးအိပ်မက်တို့ ဖြာထွက်လို့နေတယ်။ ကေသရီက သေတ္တာထဲက အဝတ်အစားတွေကို အကုန်ထုတ်ပြီး ရှာပေမဲ့ ပလွေရှည်ကို ရှာမတွေ့ဘူး။ ခန်းဆောင်ထဲက ထွက်လာတုန်းက ပလွေကို သေတ္တာအောက်ခြေမှာ သေသေချာချာ ထည့်လာခဲ့မှန်း သူ

mgyoe.com

mgyoe.com

ကောင်းကောင်း မှတ်မိနေတာပဲ။ ဘယ့်နှယ်ကြောင့် မတွေ့ရတော့တာလဲ။ ငနဲကလေး ငနဲကလေး၊ လာစမ်း။ ကေသရီလည်း စကြံဘက်ကို လှမ်းအော်ခေါ်တော့တယ်။ ငနဲကလေး ရောက်လာပြီ။ စီထိုက်ထိုက်၊ တာစောရဲ ပလွေမှုတ်တာ နားမထောင်တော့ဘူးလား။ ကေသရီက၊ နင် ငါ့သေတ္တာကို ဖွင့်သေးသလားလို့ မေးလိုက်တယ်။ ရှေ့တစ်ခေါက် စီထိုက်ထိုက် ကျွန်မကို သေတ္တာရှင်းခိုင်းတုန်းက အဝတ်အစားတွေ အကုန်လုံး ကျွန်မ သပ်သပ်ရပ်ရပ် ခေါက်သိမ်းပေးထားတယ်လေ။ အဲဒီမှာ နင် ပလွေတစ်လက် မတွေ့ဘူးလား။ ပလွေ၊ ငနဲကလေးက ပြောတယ်၊ မတွေ့မိပါဘူး၊ ယောကျ်ားတွေမှ ပလွေမှုတ်တာလေ။ ကေသရီက ငနဲကလေး မျက်လုံးကို စေ့စေ့ကြည့်ပြီး မထီတရီ တစ်ချက်ရယ်လိုက်တယ်။ အဲဒါနဲ့ပဲ နင်က ငါ့ပလွေကို ခိုးသွားတယ်ပေါ့လေ။ စီထိုက်ထိုက်လူကို ရမ်းသန်း မစွပ်စွဲပါနဲ့၊ ကျွန်မက စီထိုက်ထိုက်ရဲ့ပလွေကို ခိုးပြီး ဘာလုပ်ရမှာတုံး။ နင့်မှာ အကြံတစ်ခုခု ရှိလို့နေမှာပေါ့၊ တစ်နေကုန် တစ်နေခန်း မဟုတ်တာတွေပဲ ကြံစည်နေပြီးတော့များ သူ မဟုတ်သလို လုပ်နေသေးတယ်။ စီထိုက်ထိုက် မတရား မစွပ်စွဲပါနဲ့၊ လောရဲတို့ တာစောရဲတို့ တာထိုက်ထိုက်တို့ ထေိုက်ထိုက်တို့ စံထိုက်ထိုက်တို့ကို သွားမေးကြည့်ပါ၊ ကျွန်မ ဘယ်တုန်းကများ ကိုယ့်သခင်ဆီကနေ တစ်ပြားတစ်ချပ် ခိုးယူဖူးသလဲလို့။ ကေသရီက ငနဲကလေးကို ထပ်ပြီး အဖက်မလုပ်တော့ဘဲ မထီတရီ မျက်စောင်းထိုးနေခဲ့တယ်။ ပြီးတဲ့နောက်မှာ ငနဲကလေး နေတဲ့ အိမ်ဆွယ်ထဲကို ပြေးသွားပြီး၊ ငနဲကလေးရဲ့ အညံ့စား သစ်သားသေတ္တာကို ခြေထောက်နဲ့ နင်းထားပြီးတော့၊ ဝန်မခံချင်ရင် ဒီသေတ္တာကို ဖွင့်လိုက်လေ။ ငနဲကလေးက ကေသရီရဲ့ ခြေထောက်ကို ပြေးဆွဲပြီး တောင်းပန်တယ်။ စီထိုက်ထိုက်ရယ်၊ ကျွန်မသေတ္တာကို နင်းမထားပါနဲ့နော်၊ စီထိုက်ထိုက်ရဲ့ပလွေကို ကျွန်မ မယူခဲ့ရိုး အမှန်ပါရှင်။ ငနဲကလေးရဲ့ မျက်နှာအမူအရာကို မြင်တော့ ကေသရီလည်း မိမိထင်မြင်ချက်ကို ပိုပြီး စိတ်ချလာခဲ့တယ်။ သူက အခန်းထောင့်ကနေ ပုဆိန်တစ်လက် လှမ်းဆွဲယူပြီး၊ သေတ္တာကို ရိုက်ခွဲကြည့်တာပေါ့၊ ရှာမတွေ့ခဲ့ရင် မနက်ဖြန် နင့်ကို သေတ္တာအသစ်တစ်လုံး ပြန်ဝယ်ပေးမယ်လို့ ပြောပြီးတော့ အံကြိတ်ကာ သေတ္တာကို ပုဆိန်နဲ့ ပေါက်ချလိုက်တယ်။ ငနဲကလေးရဲ့သေတ္တာ ကွဲသွားတယ်။ အဝတ်အစား၊ ကြေးပြား၊ တိုလီမုတ်စတွေ ကြမ်းပြင်ပေါ် ပြန့်ကျဲထွက်ကျလာတယ်။ ကေသရီက အဝတ်

mgyoe.com

mgyoe.com SAMPLE BOOK

အစားပုံထဲ မွှေနှောက်ရှာတယ်။ ပလွေကို ရှာမတွေ့ပေမဲ့ အဖြူရောင် အဝတ်ထုပ်ဖောင်းဖောင်းလေးတစ်ခုကို ဖမ်းဆုပ်မိလို့ ဖြေကြည့်လိုက်တာ၊ လားလား အထဲမှာ ပိတ်နဲ့လုပ်ထားတဲ့ လူရုပ်ကလေးတစ်ခု ဖြစ်နေတာကိုး။ လူရုပ်ကလေးရဲ့ ရင်ဘတ်မှာ အပ်သုံးချောင်း ထိုးစိုက်ထားတယ်။ စစချင်းမှာတော့ ကေသရီက ရယ်စရာတစ်ခုလို့သာ ထင်မိပေမဲ့ ချက်ချင်းဆိုသလိုပဲ အဲဒီ လူရုပ်ကလေးဟာ မိမိနဲ့ တော်တော်တူနေပါလားလို့ အောက်မေ့လာမိတယ်။ သေချာထပ်ကြည့်လိုက်တော့မှ အဲဒီပေါ်မှာ ခပ်မှိန်မှိန်ရေးထားတဲ့ စာလုံးကို မြင်လိုက်ရတယ်။ "ကေသရီ"တဲ့။ ကေသရီရဲ့ နှလုံးသားဟာ တကယ်ပဲ အပ်သုံးချောင်းနဲ့ ထိုးစိုက်ခံထားရသလို စူးခနဲ နာကျင်လာတယ်။ မျက်စိတစ်မှိတ်အတွင်း သူ့မျက်နှာသွေးဆုတ်သွားတယ်။ ဘေးမှာ ရှိနေတဲ့ ငန်းကလေးကတော့ နံရံမှီရင်း သူ့ကို အထိတ်တလန့် ကြည့်နေမိတယ်။ ကေသရီဟာ ရုတ်တရက် စူးစူးဝါးဝါး ထအော်ပြီး ငန်းကလေးဆံပင်ကို ဖမ်းဆုပ်ကာ ငန်းကလေးရဲ့ဦးခေါင်းကို နံရံနဲ့ ဆင့်ကာဆင့်ကာ ဆောင့်ပစ်လိုက်တော့တယ်။ ကေသရီဟာ မျက်ရည်ဝဲလျက် အကျယ်ကြီး အော်တယ်။ ငါ့ကို အောက်လမ်းနည်းနဲ့ ပြုစားဦးဟာ၊ ပြုစားဦးဟာ။ ငန်းကလေးခမျာ ရုန်းကန်ဖို့ ခွန်အားမရှိတော့ဘဲ နေရာမှာတင် ပျော့ခွေလျက် ညည်းညူသံပြတ်တောင်းပြတ်တောင်းသာ ထွက်နိုင်ရှာတယ်။ ကေသရီမောလာပြီ။ ဟောဟဲလိုက်နေရင်းကမှ ငန်းကလေး စာမတတ်မှန်း သတိရလာမိတယ်။ ဒါဖြင့် လူရုပ်ကလေးပေါ်က စာကို ဘယ်သူ ရေးတာလဲ။ ဒီမေးခွန်းက သူ့ကို ပိုလို့ ရတက်ပွားလာစေခဲ့တယ်။ အဲဒီနောက် ကေသရီက ဆောင့်ကြောင့်ထိုင်ချပြီး ငန်းကလေးကို မျက်ရည်သုတ်ပေးတယ်။ သူက ညင်သာပျော့ပျောင်းတဲ့ လေသံပြောင်းပြီး၊ မငိုပါနဲ့တော့ကွယ်၊ ပြီးခဲ့တာတွေ ပြီးပါစေတော့၊ နောင် ဒီလို မလုပ်နဲ့တော့နော်၊ နင့်ကို ငါ အငြိုးအတေး မထားပါဘူး၊ ဒါပေမဲ့ ဒီစာတွေ နင့်ကို ဘယ်သူ ရေးပေးခဲ့တာကိုတော့ ပြောပြရမယ်နော်။ ငန်းကလေးက ရှိုက်ငင်နေဆဲ။ ခေါင်းခါလျက်။ ကျွန်မ မပြောပြနိုင်ဘူး၊ ပြောပြလို့ မဖြစ်ဘူး။ မကြောက်ပါနဲ့ကွယ်၊ ငါကလည်း ပွဲသွားမကြွမ်းပါဘူးကွ၊ နင် ငါ့ကိုသာ ပြောပြလိုက်၊ နင် ဒုက္ခမရောက်စေရဘူး။ ငန်းကလေးက ခေါင်းခါနေဆဲ။ အဲဒါနဲ့ ကေသရီက အစဖော်ပေးတယ်။ ယုရီလား။ ငန်းကလေး ခေါင်းခါတယ်။ ဒါဖြင့် မေစန်းပေါ့။ ငန်းကလေး ခေါင်းခါမြဲ ခါဆဲပဲ။ ကေသရီက လေအေးတစ်ချက်

mgyoe.com

mgyoe.com SAMPLE BOOK

ရှူသွင်းလိုက်တယ်။ သူ့အသံတွေ နည်းနည်းတုန်လာပြီ။ ကြောယွန်းလား။ ငန်းကလေး ခေါင်းမခါတော့ဘူး။ သူ့မျက်နှာအမူအရာမှာ ကြေကွဲပြီး မိုက်မဲတဲ့ အရိပ်ပေါ်လာတယ်။ ကေသရီက မတ်တတ်ထပြီး၊ ကောင်းကင်ကို မျက်နှာမူကာ ပြောလိုက်တယ်၊ လူဆိုတာမျိုးက အပြင်ပန်းကိုသာ မြင်နိုင်မယ်၊ အတွင်းစိတ်ကိုတော့ ခန့်မှန်းရခက်တယ်တဲ့၊ ငါ့အစောကြီးကတည်းက ရိပ်မိပြီးသားပါကွယ်။

ကေသရီတစ်ယောက် ဆိုဖာပေါ်မှာ ငူငူကြီး ထိုင်ရင်း မျက်ကွင်းတွေ နီရဲရောင်ကိုင်းလျက် ညှိုးရော်နေတဲ့ ဒေစီတစ်ပွင့်ကို လက်ထဲမှာ ကျစ်ထားတာ ချန်ဇော်ချန်း မြင်သွားတယ်။ မင်း ခုနက ငိုထားသလား။ မငိုပါဘူး၊ လောရဲ့ ကျွန်မ အပေါ် ဒီလောက်ကောင်းတဲ့ဟာ၊ ကျွန်မက ဘာလို့ငိုရမှာတုံး။ ချန်ဇော်ချန်းက တစ်ချက်စဉ်းစားပြီးတော့မှ၊ မင်း ပျင်းတယ်ဆိုရင် ငါ မင်းနဲ့အတူ ဥယျာဉ်ထဲ လမ်းဆင်းလျှောက်ပေးမယ်လေ၊ အပြင်မှာ မုန့်သွားစားချင်ရင်လည်း ရတယ်လို့ ပြောတယ်။ ကေသရီက လက်ထဲက ဒေစီပွင့်ကို နှစ်ချက်သုံးချက် ထပ်ကျစ်ပြီးတော့ ပြတင်းပေါက် အပြင်ဘက်ဆီကို လွှင့်ပစ်လိုက်ပြီး၊ လောရဲ့ ကျွန်မရဲ့ ပလေ့ကို ဘယ်ယူသွားသလဲလို့ အေးစက်စက် မေးလိုက်တယ်။ ချန်ဇော်ချန်းက တစ်အောင့်လောက် တုံ့ဆိုင်းနေပြီးမှ၊ ငါက မင်းစိတ်တွေ ပျံ့လွင့်မှာ စိုးလို့ သိမ်းထားလိုက်တာပါလို့ ပြောတယ်။ ကေသရီ့နှုတ်ခမ်းထောင့်မှာ မထီတရီ အပြုံးတစ်စ ပေါ်လာတယ်။ ကျွန်မစိတ်ကို ဒီမှာပဲ အကုန်နှစ်ထားတဲ့ဟာ၊ ဘယ်ကိုများ ပျံ့လွင့်နိုင်ဦးမှာလဲ။ ချန်ဇော်ချန်းကလည်း ရှုတည်တည်နဲ့၊ ဒါဖြင့် အဲဒီပလေ့က ဘယ်သူ လက်ဆောင်ပေးထားတာလဲလို့ မေးလိုက်တယ်။ ကေသရီက၊ အဲဒါ ချစ်သူ့လက်ဆောင် မဟုတ်ဘူး၊ ချန်ရစ်သူ့လက်ဆောင်၊ ကျွန်မအဖေ ချန်ရစ်ခဲ့တဲ့ လက်ဆောင်ပါဆိုပြီး ပျင်းရိပျင်းတွဲ ပြန်ပြောလိုက်တယ်။ ဒီတော့မှ ချန်ဇော်ချန်းလည်း ရှက်ကိုးရှက်ကန်း ဖြစ်သွားတယ်။ ငါ အတွေးခေါင်သွားတယ်ကွာ၊ ငါက အဲဒါကို ကျောင်းသားတစ်ယောက်ယောက်က မင်းကို ပေးထားတဲ့ လက်ဆောင်အောက်မေ့နေတာ။ ကေသရီက လက်ဖြန့်တောင်းလိုက်တယ်။ ပြန်သွားယူလာပေးပါ၊ ကျွန်မပစ္စည်းကို ကျွန်မဘာသာ ထိန်းသိမ်းမယ်။ ချန်ဇော်ချန်း သာလို့ရှက်ကိုးရှက်ကန်း ဖြစ်လာတယ်။ သူက လက်ဝါးပွတ်ကာ လူးလာခေါက်တုံ့ လျှောက်ရင်း၊ အဲဒါမှ ခွကျတာပဲ၊ အဲဒီ ပလေ့ကို ငါမီးရှို့ဖျက်ဆီးနိုင်းလိုက်ပြီလို့ ပြောလိုက်တယ်။ ကေသရီဆက်ပြောတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

စကားတွေကို ချန်ဇော်ချန်း မကြားတော့ဘူး။ အခန်းထဲမှာ တဖြည်းဖြည်း မှောင်လာပြီ။ သူ မီးဖွင့်လိုက်ချိန်မှာ ကေသရီ့မျက်နှာ နှင်းပမာ ဖြူဆွတ်နေပြီး၊ ပါးပြင်ထက်မှာ မျက်ရည်တွေ အသံတိတ် တွဲလဲခိုနေပြီ။

အဲဒီညဟာ သူတို့နှစ်ယောက်စလုံးအဖို့ ထူးခြားတဲ့ ညတစ်ည ဖြစ်ခဲ့တယ်။ ကေသရီက ချန်ဇော်ချန်းခန္ဓာကိုယ်နဲ့ ဝေးရာမှာ သိုးသငယ်ပမာ မိမိကိုယ် မိမိ ကျစ်ကျစ်ပါအောင် ထွေးပွေ့လျက်သား ရှိနေခဲ့တယ်။ ချန်ဇော်ချန်းက သူ့ကို သွားပြီး ပွတ်သပ်ပေမဲ့ တုံ့ပြန်မှု တစ်စက်မှ ပြန်မရခဲ့ဘူး။ သူက တစ်အောင့်နေ မီးမှိတ်လိုက်၊ တစ်အောင့်နေ မီးဖွင့်လိုက် လုပ်ရင်း ကေသရီရဲ့ စက္ကူတစ်ချပ်လို ခံစားချက်မဲ့နေတဲ့ မျက်နှာကို ကြည့်နေခဲ့တယ်။ ဒါတော့ မင်း လွန်လွန်းပြီကွာ၊ ငါ မင်းကို ဒူးထောက် မတောင်းပန်နိုင်ရုံတစ်မည်ပဲ ကျန်တယ်။ ကေသရီက တစ်အောင့်လောက် အသံတိတ်နေပြီးမှ၊ ကျွန်မ နေလို့မကောင်းဘူးလို့ ပြောလိုက်တယ်။ ချန်ဇော်ချန်းက၊ ငါ့ကို သောက်ချိုးချိုးတဲ့လူကို ငါ အမုန်းဆုံးပဲလို့ ပြောတယ်။ ကေသရီက တစ်ဖက်လှည့်ပြီး၊ ဒါဆိုလည်း ကြွေ့ယွန်းဆီ သွားပေါ့၊ ဘာပဲ ပြောပြော သူက လူတွေ့ရင်ပြုံးပြတတ်တယ်လေလို့ ပြောလိုက်တယ်။ ချန်ဇော်ချန်း လည်း ခုတင်ပေါ်က ခုန်ဆင်းပြီး အဝတ်အစား ပြန်ဝတ်လိုက်တယ်။ သွားဆို သွားတယ်ကွာ၊ တော်သေးတယ် ငါ့မှာ တခြားမိန်းမသုံးယောက် ရှိသေးလို့။

❦

နောက်တစ်နေ့ ကေသရီ့အခန်းထဲ ကြွေ့ယွန်း ရောက်လာတော့ ကေသရီက ခုတင်ပေါ်မှာ လှဲနေတုန်းပဲ။ တံခါးခန်းဆီးကို သူ လှစ်လိုက်ချိန်မှာ အကြောင်းမဲ့ တစ်ချက် တုန်ယင်သွားတာကို ကေသရီ တွေ့လိုက်ရတယ်။ ကေသရီက အိပ်ချင်ယောင်ဆောင်ပြီး မျက်စိမှိတ်နေလိုက်တယ်။ ကြွေ့ယွန်းက ခုတင်ခေါင်းရင်းမှာ လာထိုင်ပြီး ကေသရီရဲ့နဖူးကို လာစမ်းကြည့်တယ်။ ကိုယ်လည်း မပူပါဘူး၊ ကြည့်ရတာ နေမကောင်းဖြစ်တာ မဟုတ်ဘဲ စိတ်မကောင်းဖြစ်နေတာ ထင်တယ်။ ကေသရီက မျက်လုံးအသာမှေးလျက် သူ့ကို ပြုံးပြလိုက်တယ်။ မမ ရောက်လာပြီလား။ ကြွေ့ယွန်းလည်း ကေသရီလက်ကို လှမ်းဆွဲလိုက်ပြီး၊ ထတော့ ထတော့၊ ဒီလို လှဲနေပုံမျိုးနဲ့ နေကောင်းတဲ့လူတောင် နေမကောင်း

mgyoe.com

mgyoe.com

ဖြစ်လာနိုင်တယ်လို့ ပြောလိုက်တယ်။ ထလာပြီးတော့ရော ဘာလုပ်နိုင်မှာတုံး။ တို့ကို ဆံပင်ညှပ်ပေးလေ၊ တို့လည်း မင်းလို ကျောင်းသူကေမျိုး ညှပ်ပြီး ခပ်လန်းလန်းလေး ဖြစ်ချင်လို့။

ကြော့ယွန်းက ကေသရီ ဆံပင်ညှပ်ပေးဖို့ကို ထိုင်ခုံပိုင်းမှာ ထိုင်စောင့်နေတယ်။ ကေသရီက အဝတ်ဟောင်းတစ်ထည် ဆွဲပြီး သူ့ကိုယ်မှာ ခြုံပေးလိုက်တယ်။ ပြီးတဲ့နောက်မှာ ကြော့ယွန်းဆံပင်ကို ဘီးတစ်လက်နဲ့ ဖြည်းဖြည်းချင်း ဖြီးပေးနေတယ်။ ညှပ်ပြီးတော့ ကြည့်လို့မကောင်းရင် ကျွန်မကို အပြစ်မတင်နဲ့နော်၊ ဒီလောက်လှတဲ့ မမဆံပင်ကို ညှပ်ရဖို့ ရင်တော့ တုန်မိတယ်။ ကြည့်လို့ မကောင်းလည်း ကိစ္စမရှိပါဘူး၊ ဒီအရွယ်ကြီးကျမှ ဘာတွေ ကြည့်ကောင်းချင်ရဦးမှာလဲ။ ကေသရီက ကြော့ယွန်းဆံပင်ကို တစ်ချက်ပြီးတစ်ချက် ဖြီးတင်ပြီးတော့ ပြန်ဖြီးချနေတယ်။ ဒါဖြင့် ကျွန်မ ညှပ်ပြီနော်။ ညှပ်စမ်းပါ၊ ဘယ့်နှယ်ကြောင့် ဒီလောက်တောင် သတ္တိနည်းနေရတာလဲ။ အဓိကက လက်မယဉ်သေးလို့ပါ၊ မမကို ညှပ်မိမှာ စိုးလို့လေ။ ပြောပြီးတာနဲ့ ကေသရီက ဆံပင် စ ညှပ်တယ်။ ကတ်ကြေးကိုက်သံနဲ့အတူ ကြော့ယွန်းရဲ့ ပိတုန်းရောင် ဆံပင်တွေ တစ်စုပြီး တစ်စု ပြုတ်ကျလာတယ်။ မင်းက ကျွမ်းသားပဲ။ မချီးကျူးပါနဲ့ မမရယ်၊ ချီးကျူးတာနဲ့ ကျွန်မလက်တွေ တုန်လာပြီ။ ပြောရင်းဆိုရင်းပဲ ကြော့ယွန်းဆီက စူးစူးဝါးဝါး အော်သံတစ်ချက် မြည်လာတယ်။ ကြော့ယွန်းနားရွက်ကို ကေသရီရဲ့ကတ်ကြေးက ပယ်ပယ်နယ်နယ်ကြီး တစ်ချက်ကိုက်ထည့်လိုက်ပြီလေ။

ကြော့ယွန်းရဲ့ ကြောက်စရာကောင်းတဲ့ စူးစူးဝါးဝါးအော်သံကို ဥယျာဉ်ထဲက လူတွေတောင် ကြားလိုက်ရတယ်။ မေစန်းအဆောင်က လူတွေလည်း အပြေးရောက်လာကြည့်ကြတယ်။ ကြော့ယွန်းတစ်ယောက် ညာဘက် နားရွက်ကို အုပ်ထားပြီး နာလွန်းလို့ ဖောချွေးပြန်နေတယ်။ ကေသရီကတော့ ကတ်ကြေးတစ်ဖက်နဲ့ ဘေးမှာရပ်နေတယ်။ သူ့မျက်နှာလည်း ဖြူရော်နေပြီ။ ကြမ်းပြင်ပေါ်မှာပဲ အနက်ရောင် ဆံစုတချို့ ရှိနေတယ်။ ဘာဖြစ်သွားတာလဲ။ ကြော့ယွန်းရဲ့ မျက်ရည်တွေ ဖိတ်လျှံကျလာပြီ။ သူ့စကား မဆုံးခင်မှာပဲ နားရွက်ကို အုပ်ကာ ဥယျာဉ်ထဲ ပြေးဆင်းသွားတော့တယ်။ ကေသရီက ဆံပင်ပုံပေါ်မှာ ကြောင်တောင်တောင် ရပ်နေခဲ့တယ်။ လက်ထဲက ကတ်ကြေး ကြမ်းပြင်ပေါ်ကို ချွင်ခနဲ ပြုတ်ကျသွားတယ်။ သူက မိမိကိုယ်ကို ပြောနေမိတယ်။ ငါ လက်တုန်နေတယ်၊

mgyoe.com

mgyoe.com

ငါက နေမကောင်းဖြစ်နေတာ။ ပြီးတဲ့နောက်မှာ သူက ပွဲလာကြည့်ကြတဲ့ အစေခံတွေကို အကုန်လုံး အပြင်တွန်းထုတ်ပစ်လိုက်တယ်။ နင်တို့ ဒီမှာ ဘာလုပ်နေကြတာလဲ၊ ဇထိုက်ထိုက်အတွက် ဆရာဝန် အမြန်သွားပင့်ကြလေ။

မေစန်းက ဖေးလန်ရဲ့လက်ကို တွဲကာ ခန်းဆောင်ထဲ နေရစ်ခဲ့တယ်။ သူက ကေသရီကို ပြုံးလျက်ကြည့်နေတယ်။ ကေသရီက သူ့အကြည့်ကို မျက်နှာလွှဲလိုက်တယ်။ တံမြက်စည်းယူပြီးတော့ ကြမ်းပြင်ပေါ်က ဆံပင်တွေကို လှည်းနေရင်း မေစန်းဆီက ရတ်တရက် တခိခိ ရယ်လာတဲ့အသံကို ကြားလိုက်ရတယ်။ ဘာရယ်တာလဲလို့ ကေသရီက မေးတယ်။ မေစန်းက မျက်လုံးပုတ်ခတ်ပုတ်ခတ် လုပ်ကာ၊ တို့သာဆိုရင် ကိုယ်မုန်းတဲ့လူကို နားရွက်ပြတ်အောင် ညှပ်ပစ်မှာ၊ တစ်စမချန် အကုန်ပြတ်အောင် ညှပ်ပစ်မှာလို့ ပြောလိုက်တယ်။ ကေသရီ မျက်နှာပျက်သွားတယ်။ ဒီစကားက ဘာသဘောလဲ၊ ကျွန်မ တမင်လုပ်လိုက်တာလို့ ဆိုချင်တာလား။ မေစန်းက တဟိဟိ ရယ်တယ်။ ဒါကတော့ ဘုရားပဲ သိမှာပေါ့။

ကေသရီက မေစန်းကို နောက်ထပ် အဖက်မလုပ်တော့ဘူး။ သူက ခုတင်ပေါ် တက်လှဲပြီး စောင်ခေါင်းမြီးခြုံလိုက်တယ်။ တဒုတ်ဒုတ် မြည်နေတဲ့ သူ့နှလုံးခုန်သံကို သူ ကြားရတယ်။ သူ့နှလုံးသားက အဲဒီကတ်ကြေးကိုက်ချက်အတွက် တာဝန်ယူမှန်း မယူမှန်း သူ မသိဘူး။ ဘာပဲဖြစ်ဖြစ် သူ တမင်လုပ်ခဲ့တာ မဟုတ်ဘူး ဆိုတာကိုတော့ လူတိုင်း ယုံကြည်သင့်ပါတယ်။ အဲဒီအချိန်မှာ စောင်ခြားထားတဲ့ တစ်ဖက်ဆီက မေစန်း သူ့ကို ပြောနေတဲ့ စကားသံကို သူ ကြားလာရတယ်။ မေစန်းက ပြောတယ်။ ကြော့ယွန်းဟာ အပြင်ပန်းကသာ စိတ်သဘောကောင်းတဲ့ပုံ ပေါက်တာ၊ အတွင်းစိတ်ကတော့ ကင်းမြီးကောက်လိုပဲ သိပ်အဆိပ်ပြင်းတယ်၊ သူ့စိတ်ထဲမှာ အကောက်ကြံဖို့ ဉာဏ်အပြည့်ပဲ၊ တို့ကတော့ အဲဒီအပိုင်းမှာ သူ့ကို မယှဉ်နိုင်မှန်း သိပြီးသားပါ၊ မင်းကတော့ သူနဲ့ ယှဉ်နိုင်လောက်တယ်၊ ဒီတစ်ချက်ကို မင်းကို ပထမဆုံးအကြိမ် မြင်မြင်ချင်းမှာပဲ ရိပ်စားမိပြီးသားပါ။ မေစန်းဘက်က မထင်မှတ်ဘဲ ဖွင့်ပြောပြလာလို့ စောင်ခြုံထဲက ကေသရီ တစ်ချက်တုန်သွားတယ်။ တို့နဲ့ သူနဲ့ ကလေးမွေးတုန်းက အဖြစ်အပျက်ကို မင်း သိချင်သလား၊ တို့နဲ့ ကြော့ယွန်းနဲ့က တစ်ချိန်တည်းနီးပါး ကိုယ်ဝန်ရှိလာခဲ့ကြတာ၊ တို့ကိုယ်ဝန်သုံးလအချိန်မှာ သူက လူလွှတ်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK


တို့သောက်မယ့်ဆေးထဲ ကိုယ်ဝန်ဖျက်ဆေး ခတ်ခိုင်းခဲ့တယ်လေ၊ ကံကြီးပေလို့ တို့ကိုယ်ဝန်ပျက်မကျခဲ့တာ၊ နောက်ပိုင်း သူရောတို့ရော တစ်ချိန်တည်းနီးပါး မီးဖွားတော့မယ်ဆိုတော့ သူက အရင်ဦးအောင် မွေးချင်တာနဲ့ ပိုက်ဆံတွေ အများကြီး အကုန်ကျခံပြီးတော့ နိုင်ငံခြားက သားအိမ်လှုံ့ဆေးတွေ ထိုးလိုက်တာ မွေးလမ်းကြောင်း ပေါက်ကွဲတော့မလိုတောင် ဖြစ်ခဲ့သေးတယ်၊ နောက်ဆုံးတော့ ဘုန်းကံကြီးတဲ့ တို့ကပဲ ဖေးလန်ဆိုတဲ့ သားယောကျ်ားလေးကို အရင် မွေးလာခဲ့တယ်လေ၊ သင်းကတော့ ခဲလေသမျှ သဲရေကျ ဖြစ်ပြီး၊ အိရှန်ဆိုတဲ့ အောက်တန်းစားမလေးတစ်ကောင်ပဲ ပေါက်လာခဲ့တယ်၊ အဲဒါတောင် ဖေးလန် ထက် သုံးနာရီ နောက်ကျပြီးမှ ထွက်လာခဲ့တာ။

❦

ဆောင်းကူးရာသီရဲ့ အအေးဓာတ်ရောက်လာပြီမို့ မိန်းမတွေ ဆောင်းကူးရာသီဝတ်စုံ အသီးသီး လဲဝတ်လိုက်ကြပြီ။ သစ်ရွက်တွေလည်း မနက်ခင်းနဲ့ သန်းခေါင်ညဥ့် အချိန်တို့မှာ အသီးသီး ခြေခလာကြလို့၊ ဥယျာဉ်တစ်ခုလုံး ရော်ရွက်ကြွေတွေဖုံးလွှမ်းလာခဲ့တယ်။အစေခံမတချို့ အတူတကွဆောင့်ကြောင့် ထိုင်ရင်း သစ်ရွက်တွေကို မီးရှို့ကြလို့ မီးခိုးတွေ မွှန်လာတယ်။ ကေသရီက ပြတင်းတံခါးကို ဗုန်းခနဲ ဖွင့်လိုက်တယ်။ ဒေါသထွက်လို့ သူ့မျက်နှာတစ်ခုလုံး နီရဲနေတာကို အစေခံမတွေ တွေ့လိုက်ရတယ်။ သူက သစ်သားဘီးတစ်လက်ကို ဆုပ်ကိုင်ပြီး ပြတင်းခုံကို ခေါက်လျက်။ နင်တို့ကို ဘယ်သူ သစ်ရွက်မီးရှို့ခိုင်းတာလဲ၊ သူ့ဟာသူ အကောင်းကြီး ရှိနေတဲ့ သစ်ရွက်တွေ နင်တို့ မီးရှို့လိုက်မှ မွှန်ထွန်သွားတော့တာပဲ။ အစေခံမတွေလည်း တံမြက်စည်းတွေ တောင်းတွေကို သိမ်းဆည်းလိုက်ကြတယ်။ အတင့်ရဲတဲ့ အစေခံတစ်ယောက်က၊ ဒီလောက် များတဲ့ သစ်ရွက်တွေကို မီးမရှို့လို့ ဘယ်လိုလုပ်ရမှာတုံးလို့ ထပြောတယ်။ ကေသရီလည်း လက်ထဲက သစ်သားဘီးနဲ့ အဲဒီတစ်ယောက်ကို ပစ်ပေါက်ပြီး၊ မရှို့နဲ့ဆို မရှို့နဲ့ကွာလို့ အော်ပြောလိုက်တယ်။ ပြီးတဲ့နောက်မှာ ပြတင်းတံခါးကို ဗုန်းခနဲ ပိတ်ချလိုက်တော့တယ်။

စီထိုက်ထိုက်က တစ်နေ့တခြား ဒေါသကြီးလာတယ်ရှင့်။ အစေခံတွေက ယုရီကို အဲဒီလို ပြန်တိုင်ကြတယ်။ ကျွန်မတို့ သစ်ရွက်မီးရှို့တာကိုလည်း

mgyoe.com

မရှိရဘူးတဲ့၊ တစ်နေ့တခြား ဒေါသကြီးလာပါသော်ကော။ ယုရီက အစေခံမကို၊ နင်တို့ အရမ်းကာရော လျှောက်ပြောမနေနဲ့၊ နင်တို့တစ်တွေ စကားပွဲစား လုပ်စရာမလိုဘူးလို့ မာန်မဲလိုက်တယ်။ ယုရီစိတ်ထဲ တော်တော်တော့ ဒေါသ ထွက်မိတယ်။ အရင်ကတည်းက ဥယျာဉ်ထဲက သစ်ရွက်တွေဆိုတာ နှစ်တိုင်း တစ်ကြိမ်ထက်မနည်း မီးရှို့ခဲ့တာချည်းပဲ။ ကေသရီ ရောက်လာမှ ဒီထုံးစံကို ဖျက်ရတော့မတဲ့လား။ အစေခံမက ဘေးတစ်ဖက်မှာ လက်ဘေးချရပ်ရင်း၊ ဒါဆို သစ်ရွက်တွေကို မီးမရှို့တော့ဘူးလားလို့ မေးတော့ ယုရီက၊ မရှို့နဲ့လို့ ဘယ်သူ ပြောလဲ၊ နင်တို့ ရှို့စရာရှိတာ သွားရှို့ကြ၊ သူ့ကို အဖက်မလုပ်နဲ့ပေါ့လို့ ပြောလိုက် တယ်။

အစေခံမတွေ သစ်ရွက် မီးသွားပြန်ရှို့တဲ့အခါ ကေသရီ ထွက်မလာတော့ ဘူး။ အားလုံးပြန်သွားလို့ မီးညွန့်ကျိုးသွားတဲ့အချိန်ကျမှ တောင်ဘက်ဆောင် ထဲကနေ ကေသရီ ထွက်လာတာကို တွေ့လိုက်ရတယ်။ သူက နွေရာသီဝတ် စကတ်ရှည်ကို ဝတ်ထားတုန်းပဲ။ အစေခံမက သူ့ကို၊ စီထိုက်ထိုက် မချမ်းဘူး လား၊ အပြင်မှာ လေတွေ ဒီလောက်တိုက်နေတာကိုလို့ မေးတယ်။ ကေသရီက ပြာပုံတစ်ပုံနားမှာ ရပ်ပြီး တစ်အောင့်လောက် ကြောင်တောင်တောင် ငေးကြည့် နေတယ်။ ပြီးတာနဲ့ သူက အလယ်ဝင်းမှာ ထမင်းသွားစားတော့တယ်။ ကေသရီ ရဲ့ စကတ်ရှည်ဟာ လေအေးထဲမှာ လိပ်ပြာဖြူတစ်ကောင်ပမာ လွင့်ပျံလို့နေ တယ်။

ကေသရီက ထမင်းဝိုင်းမှာ သူတို့စားနေတာကို ထိုင်ကြည့်နေခဲ့တယ်။ တူကို လုံးဝမထိသေးဘူး။ သူ့မျက်နှာက အေးဆေးတည်ငြိမ်သလို လေးလံ သုန်မှုန်လို့လည်း နေတယ်။ လက်မောင်းအစုံကို ကျစ်ကျစ်ပါအောင် ဖက်ထား လိုက်တာ တစ်ချက်ကလေးမှ အထိမခံဘူးဆိုတဲ့ပုံ ပေါက်နေတယ်။ တိုက်တိုက် ဆိုင်ဆိုင် အဲဒီနေ့က ချန်ဇော်ချန်းလည်း အပြင်သွားနေလို့ အိမ်မှာ ပွဲကြမ်းဖို့ အခွင့်အခါကောင်း ဖြစ်လာခဲ့တယ်။ ဖေးဖူက၊ ဟေ မင်းဘာလို့ မစားတာလဲလို့ မေးတော့ ကေသရီက၊ ဗိုက်ပြည့်နေပြီလို့ ပြောလိုက်တယ်။ ဖေးဖူက၊ စားလာ ခဲ့တယ်လားလို့ မေးပြန်တော့ ကေသရီက ဟင့်တစ်ချက် နှာမှုတ်ပြီး၊ မီးခိုးမွှန် နံ့တွေ ရှူပြီးတော့ ဗိုက်ပြည့်သွားတာပေါ့လို့ ပြောလိုက်တယ်။ ဖေးဖူလည်း နားမလည်တာနဲ့ သူ့အမေဘက် လှည့်ကြည့်တယ်။ ယုရီက မျက်နှာပျက်သွားပြီး၊

mgyoe.com

မင်းဘာသာ စားစရာရှိတာစား၊ မဆိုင်တာဝင်မပါနဲ့လို့ ဖေးဖူကိုပြောလိုက်တယ်။ ပြီးတဲ့နောက်မှာ သူက ကေသရီကို စေ့စေ့ကြည့်ကာ အသံကို မြှင့်လိုက်တယ်။ လင်းစမ်းပါဦးကွဲ့ စီထိုက်ထိုက်ရဲ့၊ သစ်ရွက်တွေ ဒီလောက် အများကြီးကို မြေကြီးပေါ် ပုံထားပြီး ဘယ်လိုလုပ်ရမလဲ ဆိုတာ။ ကေသရီက၊ ကျွန်မ မသိဘူး၊ ကျွန်မမှာ အိမ်ကိစ္စကို စီမံခန့်ခွဲခွင့် ရှိလို့လားလို့ ပြန်ပြောတယ်။ နှစ်တိုင်း ဆောင်းကူးရာသီရောက်လို့ရှိရင် သစ်ရွက်တွေ မီးရှို့နေကျ၊ တစ်ခါမှ ဆူဆူပူပူ အသံမကြားရဖူးဘူး၊ ဘယ့်နှယ် မင်းကျမှ သူများထက် နှနေပါကောလား၊ ဒီမီးခိုးငွေ့လေးတောင် မခံနိုင်ဘူးဆိုတော့။ သစ်ရွက်တွေက သူ့အလိုလို ဆွေးသွားမှာပဲ ဥစ္စာ၊ မီးရှို့ဖို့ လိုလို့လား၊ သစ်ရွက်က လူမှ မဟုတ်တာပဲ။ မင်းစကားက ဘာ သဘောလဲ၊ အဓိပ္ပာယ် မရှိလိုက်တာကွာ။ ဘာသဘောမှ မရှိပါဘူး၊ ကျွန်မ နားမလည်တာ တစ်ချက်ရှိသေးတယ်၊ ဘာဖြစ်လို့ သစ်ရွက်တွေကို နောက်ဘက် ဝင်းထဲ လှည်းလာပြီးမှ မီးရှို့ရတာလဲ၊ မီးခိုးငွေ့ကြိုက်တဲ့ လူရဲ့နားမှာ သွားရှို့ လိုက် ပြီးရောပေါ့။ ယုရီ သည်းမခံနိုင်တော့ဘူး။ သူက ထမင်းစားတူကို စားပွဲပေါ် ပေါက်ချလိုက်ပြီး၊ နင့်မလဲ မှန်လေးဘာလေး ပြန်ကြည့်ပါဦး၊ ကေသရီ ဆိုတဲ့ နင်က ချန်အိမ်တော်မှာ ဘာကောင်မမို့လို့လဲ၊ နင့်ကိုပဲ အားလုံးက အကြွေး လိုနေ တာကျနေတာပဲ။ ကေသရီ မတ်တတ်ထလိုက်တယ်။ မျက်လုံးအစုံက ယုရီရဲ့ ဝါဖန့်ဖန့်နဲ့ အတန်ငယ် ဖောနေတဲ့ မျက်နှာကို စေ့စေ့ကြည့်လျက်။ မှန်လိုက်လေ၊ ကျွန်မက ဘာကောင်မမို့လို့လဲ။ ကေသရီဟာ အသံတိုးတိုးနဲ့ တစ်ယောက်တည်း စကားပြောနေသယောင်။ သူက ပြုံးလျက် လှည့်ထွက်သွားပြီး လည်ပြန်လှည့် လာချိန်မှာတော့ မျက်ရည်တွေဝဲနေပြီ။ နင်တို့က ဘာကောင်မတွေ ဆိုတာကို လည်း ဘုရားပဲ သိလိမ့်မယ်။

တစ်နေ့ခင်းလုံး ကေသရီဟာ မိမိကိုယ်ကို အခန်းထဲ ပိတ်ထားခဲ့တယ်။ ငန်းကလေး လက်ဖက်ရည်လာပို့တာကိုတောင် တံခါးဖွင့်မပေးခဲ့ဘူး။ ကေသရီ က ပြတင်းပေါက်နားမှာ တစ်ကိုယ်တည်း ထိုင်နေတယ်။ မှန်တင်ခုံပေါ်က ဂန္ဓမာပွင့်ကြီးတွေ ညှိုးခြောက်ညိုမည်းနေပြီ။ သူက အဲဒီပန်းစည်းကို ယူပြီး လွှင့်ပစ်ချင်ပေမဲ့ ဘယ်ကို လွှင့်ပစ်ရမှန်းမသိဘဲ ဖြစ်နေခဲ့တယ်။ ပြတင်းတံခါး ကိုလည်း ပိတ်ထားပြီးတော့ ပြန်မဖွင့်ချင်တော့ဘူး။ ကေသရီလည်း ပန်းကို ပွေ့လျက် အခန်းထဲမှာ ဟိုဟိုဒီဒီ လျှောက်ကာ စဉ်းစားရင်း နောက်ဆုံးမှာ

mgyoe.com

mgyoe.com

အဝတ်ဗီရိုကို ဖွင့်ပြီးတော့ ပန်းကို ဗီရိုထဲ ထည့်လိုက်တယ်။ အပြင်မှာ ဆောင်းကူး လေအေး ထန်လာပြန်ပြီ။ လေက အလွန်အေးပြီး၊ အမှောင်ထုကို ဥယျာဉ်ထဲဆီ နည်းနည်းချင်းစီ တိုက်ခတ်ခေါ်ဆောင်လာခဲ့တယ်။ တံခါးခေါက်သံ ကြားရ ပြန်ပြီ။ သူက ငန်းကလေး လက်ဖက်ရည် လာပို့ပြန်တာထင်လို့ အတွင်းကနေ တံခါးတစ်ချက် ပြန်ခေါက်လိုက်ပြီး၊ ရှုပ်လိုက်တာကွာ၊ ငါ လက်ဖက်ရည် မသောက်ချင်ဘူးလို့ ပြောလိုက်တယ်။ အပြင်ကလူက၊ ကိုယ်ပါ၊ ဖေးဖူပါလို့ ပြန်ပြောတယ်။

ကေသရီက ဖေးဖူ ရောက်လာလိမ့်မယ်လို့ ထင်မထားဘူး။ သူက တံခါး ဖွင့်ပြီး အဝမှာ ပိတ်ရပ်လိုက်တယ်။ မင်း ဘာလာလုပ်တာလဲ။ လေတိုက် ခံထားရလို့ ဆံပင်တွေ ရှုပ်ပွနေတဲ့ ဖေးဖူက ဆံပင်ကို သပ်ရင်း ရှိုးတိုးရှန့်တန့် တစ်ချက်ပြုံးကာ၊ သူတို့က မင်း နေမကောင်းဖြစ်နေတယ် ပြောလို့ ကိုယ် လာ ကြည့်တာလို့ ပြောတယ်။ ကေသရီ နှာတစ်ချက် မှုတ်လိုက်တယ်။ ဘယ်သူ နေမကောင်းဖြစ်တာလဲ၊ သေချင်ရင် သေလိုက် ပြီးရောပေါ့၊ နေမကောင်းရတာ အခံရခက်လွန်းပါတယ်။ ဖေးဖူက အခန်းထဲ တည့်တည့်ဝင်ပြီး ဆိုဖာပေါ်မှာ သွားထိုင်နေလိုက်တယ်။ သူက အခန်းပတ်လည်ကို တစ်ချက်ဝေ့ကြည့်ပြီး ရုတ်တရက် ပြောလိုက်တယ်။ ကိုယ်က မင်းအခန်းထဲမှာ စာအုပ်တွေ အများကြီး ရှိလိမ့်မယ်လို့ ထင်ထားတာ။ ကေသရီက လက်ဝါးအစုံကို ဖြန့်ပြလိုက်တယ်။ တစ်အုပ်မှ မရှိဘူး၊ ခုချိန်မှာ စာအုပ်က တို့အတွက် အသုံးမကျတော့ဘူး။ ကေသရီက မတ်တတ်ရပ်လျက်ပဲ။ မင်းလည်းပဲ တို့ကို ဆုံးမဖို့ ရောက်လာ တာလား။ ဖေးဖူ ခေါင်းခါတယ်။ ဘယ့်နှယ်ဟုတ်ရမှာလဲ၊ ကိုယ်က ဒီလိုကိစ္စတွေ ကြုံရင် ခေါင်းကိုက်တယ်။ ဒါဖြင့် မင်းက ဖျန်ဖြေရေး လာလုပ်တာပေါ့၊ ဒါဆိုရင်တော့ မလိုပါဘူး၊ တို့လိုလူက သူများအဆဲခံရလည်း နည်းတောင်နည်း သေးတယ် ဆိုတဲ့ အစားထဲကပါ။ ဖေးဖူက တစ်အောင့်လောက် ငြိမ်နေပြီးမှ၊ တကယ်တော့ ကိုယ့်အမေမှာ မကောင်းတဲ့စိတ်မျိုး မရှိပါဘူး၊ သူ့ပင်ကိုဗီဇ ကိုက ခေါင်းမာပြီး ရှေးရိုးစွဲနေတာပါ၊ မင်း သူနဲ့ဖက်ပြီး ရန်ဖြစ်မနေပါနဲ့၊ မတန်ပါဘူးလို့ ပြောလိုက်တယ်။ ကေသရီဟာ အခန်းထဲမှာ လူးလာခေါက်တုံ့ လမ်းလျှောက်နေရင်းက ရုတ်တရက် ရယ်လာတယ်။ တကယ်တော့ တို့လည်း တာထိုက်ထိုက်နဲ့ ရန်မဖြစ်ချင်ပါဘူး၊ တကယ်ပါ၊ တို့လည်း ကိုယ့်ကိုယ်ကိုယ်

mgyoe.com

SAMPLE BOOK


ဘာဖြစ်နေမှန်း မသိတော့ပါဘူး၊ တို့ပုံစံက ရယ်စရာကောင်းနေသလား။ ဖေးဖူ ခေါင်းခါပြန်တယ်။ သူက ချောင်းတစ်ချက် ဟန့်ပြီး ဖြည်းဖြည်းချင်း ပြောတယ်။ လူတိုင်းဟာ ဒီလိုပါပဲ၊ ကိုယ့်စိတ်ခံစားချက်ကိုယ် နားမလည်နိုင်ကြဘူးလေ။

ပြောရင်းနဲ့ သူတို့စကားလမ်းကြောင်းက ဟိုပလွေအကြောင်းဆီကို အလိုအလျောက် ရောက်သွားတယ်။ တို့မှာလည်း ပလွေတစ်လက် ရှိခဲ့ဖူးတယ်၊ ဒါပေမဲ့ ကံအကြောင်းမလှစွာ ပျောက်သွားခဲ့တယ်လို့ ကေသရီက ပြောတယ်။ ဒါဖြင့် မင်းလည်း ပလွေမှုတ်တတ်တယ်ပေါ့လို့ ဖေးဖူက ဝမ်းသာစွာ မေးလိုက်တယ်။ မမှုတ်တတ်ပါဘူး၊ မသင်ရသေးခင်မှပဲ ပလွေက ပျောက်သွားတယ်လေ။ မင်းကို သင်ပေးဖို့ ကိုယ့်မိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်လေ၊ ကိုယ်လည်း သူ့ဆီကပဲ သင်ခဲ့တာ။ ကေသရီလည်း ဘာပြန်ပြောရမှန်း မသိလို့ ထင်ရဲ့ ပြုံးနေတယ်။ အဲဒီအချိန်မှာ ငန်းကလေးက ဆီးသီးခြောက် ကြွက်နားရွက်မှိုဖြူပေါင်းရည်နှစ်ခွက် ယူလာပြီး ဖေးဖူကို အရင်ပေးလိုက်တယ်။ ကေသရီက ဘေးကနေ ပြောတယ်။ ကြည့်စမ်းပါဦး၊ ဒီကောင်မလေးက မင်းအပေါ် ဘယ်လောက်သစ္စာရှိသလဲလို့၊ ခိုင်းစရာ မလိုဘဲနဲ့ စားစရာတွေတောင် ပြင်ဆင်ထားပြီးနေပြီ။ ငန်းကလေးလည်း ရှက်သွေးဖြာလို့ မျက်နှာနီမြန်းသွားပြီးကျန်တဲ့ တစ်ခွက်ကို စားပွဲပေါ်မှာ တင်ပြီးတာနဲ့ ထွက်ပြေးသွားတော့တယ်။ ကေသရီ လည်း ဟဲ့ ငန်းကလေး မသွားနဲ့ဦးလေ၊ ဒီမှာ တာစောရဲက မင်းကို ပြောစရာ ရှိလို့တဲ့။ ပြောရင်း ကေသရီက ပါးစပ်အုပ်ပြီး အသံထွက်အောင် တစ်ချက် ရယ်လိုက်တယ်။ ဖေးဖူလည်း ရယ်တယ်။ သူက ပန်းကန်လုံးထဲက စားစရာကို ငွေဇွန်းနဲ့ မွှေရင်း၊ မင်း သူ့အပေါ် ကိုင်တွယ်တာလည်း တယ်ကြမ်းသကိုလို့ ပြောတယ်၊ ကေသရီက၊ မင်းက သူ့ကိုတယ်ပြီး လျှော့တွက်တာကိုး၊ ဒီကောင်မလေး စိတ်ဓာတ်က အောက်တန်းကျတယ်၊ တို့ဆီကို လာလည်တဲ့လူ ရှိလို့ရှိရင် သင်းက တံခါးဝကနေ ချောင်းနားထောင်တတ်တာ၊ ဘာအကြံအစည်နဲ့များ ဒီလို လုပ်ရတာလည်းတော့ မသိပါဘူးလို့ ပြောတယ်။ ကေသရီ သဘောမကျမှန်း ရိပ်စားမိလို့ ဖေးဖူလည်း စကားလမ်းကြောင်း မြန်မြန်လွှဲလိုက်ရတယ်။ ကိုယ်က ငယ်ငယ်ကတည်းက အချိုစာတွေဆို သိပ်ကြိုက်တာ၊ ဒီလို ဆီးသီးခြောက် ကြွက်နားရွက်မှိုဖြူပေါင်းရည်လိုဟာမျိုးပေါ့၊ မျက်နှာပူစရာတော့အကောင်းသား၊ ကိုယ့်သူငယ်ချင်းတွေက ပြောတယ်၊ မိန်းမတွေမှ အချိုစာ ကြိုက်တာတဲ့။ ကေသရီ

mgyde.com

mgyoe.com

ရဲ့ မျက်နှာအမူအရာက သုန်မှုန်နေတုန်းပဲ။ သူက လက်သည်းချင်း ပွတ်ကစားနေတယ်။ သူ့လက်သည်းတွေက အရှည်ကြီးပဲ။ ဒန်းပွင့်ရည်တွေ ဆိုးထားလို့ လက်သည်းတွေဟာ ပန်းနုရောင် အကြေးခွံတွေလို ဖြစ်နေတယ်။ ဟော့၊ မင်း ကိုယ်ပြောတာ နားထောင်နေသလား။ ဖေးဖူက မေးလိုက်လို့ ကေသရီလည်း၊ နားထောင်နေပါတယ်၊ မိန်းမတွေက အချိုကြိုက်တယ်၊ ယောကျ်ားတွေက အငန်ကြိုက်တယ်လို့ မင်း ပြောလိုက်တယ်လေလို့ ပြန်ပြောလိုက်တယ်။ ဖေးဖူလည်း ခေါင်းခါရင်း မတ်တတ်ထကာ ပြန်ဖို့ နှုတ်ဆက်တယ်။ ပြန်ခါနီးမှာ သူက ကေသရီကို ပြောတယ်။ မင်းက တော်တော်စိတ်ဝင်စားဖို့ ကောင်းတယ်၊ မင်းစိတ်ကို ကိုယ် မခန့်မှန်းတတ်ဘူး။ ကေသရီကလည်း ပြန်ပြောလိုက်တယ်။ မင်းလည်း အတူတူပါပဲ၊ တို့လည်း မင်း စိတ်ကို မခန့်မှန်းတတ်ဘူး။

❦

ရိုးရာပြက္ခဒိန် ဆယ့်နှစ်လ ခုနစ်ရက်နေ့မှာ ချန်အိမ်တော်ရဲ့ တံခါးဝမှာ မီးပုံးတွေ ချိတ်ဆွဲလိုက်တယ်။ အဲဒီနေ့က ချန်ဇော်ချန်းရဲ့ အသက်ငါးဆယ်ပြည့် မွေးနေ့။ မနက်မိုးလင်းက စလို့ ချန်အိမ်တော်ဝင်းထဲမှာ မွေးနေ့ဆုတောင်း မေတ္တာလာပို့သကြတဲ့ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့ စည်ကားနေတယ်။ ချန်ဇော်ချန်းက ဖေးဖူ လက်ဆောင်ပေးထားတဲ့ အနက်ရောင်ဝတ်စုံကို ဝတ်ပြီး၊ ဧည့်ခန်းထဲမှာ ဧည့်သည်တွေကို ဧည့်ခံနေတယ်။ ယုရီရယ် ကြော့ယွန်းရယ် မေစန်းရယ် ကေသရီရယ် ကလေးတွေရယ်က ချန်ဇော်ချန်းဘေးမှာ ခြံရံလျက် ဧည့်သည်တွေကို ဧည့်ခံစကားပြောနေကြတယ်။ ဒီလို စည်ကားနေချိန်မှာပဲ ဂွမ်းခနဲ အသံတစ်သံ ရုတ်တရက် ကြားလိုက်ရလို့၊ အားလုံးရဲ့ မျက်လုံးတွေက တစ်နေရာတည်း ဆီကို ရောက်သွားကြတယ်။ အဲဒီမှာ ခါးလောက် မြင့်တဲ့ ပန်းအိုးကြီးတစ်လုံး မြေကြီးပေါ်မှာ ကွဲကြေသွားပြီ။

လက်စသတ်တော့ အဲဒီမှာ ဖေးလန်နဲ့ အိရှန် စိန်ပြေးတမ်း ကစားကြရင်း စင်ပေါ်တင်ထားတဲ့ ပန်းအိုးကို ဝင်တိုက်မိသွားတာကိုး။ ကလေးနှစ်ယောက် စလုံးက အဆူခံရတော့မယ်ဆိုတာ သိလို့ နေရာမှာတင် မတ်တတ်ရပ်လျက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြတယ်။ ကြောက်စိတ်ထဲကနေ

mgyoe.com

mgyoe.com

အရင်ဦးဆုံး သတိပြန်ဝင်လာသူက ဖေးလန်။ သူက အိရှန်ကို လက်ညှိုးထိုးကာ၊ သူဝင်တိုက်လို့ကျကွဲတာ၊မောင့်နဲ့ မဆိုင်ဘူးလို့ပြောတယ်။ အိရှန်လည်း ဖေးလန် နှာခေါင်းကို ကပျာကယာ လက်ညှိုးပြန်ထိုးကာ၊ နင် ငါ့ကို လိုက်ဖမ်းတာ၊ နင် ဝင်တိုက်လို့ ကျကွဲတာလို့ ပြောတယ်။ အဲဒီအချိန်မှာ ချန်ဇော်ချန်း မျက်နှာကြီး မည်းနေပြီ။ ဒါပေမဲ့ ညှော်သည်တွေ ရှိနေလို့ မပေါက်ကွဲသေးဘူး။ ယုရီ ရောက်လာပြီး၊ အကုသိုလ်ကလေးတွေ၊ အကုသိုလ်ကလေးတွေလို့ အသံတိုးပေမဲ့ လေးလေးပင်ပင်ရှိစွာ ရေရွတ်လိုက်တယ်။ ပြီးတော့ သူက ဖေးလန်နဲ့ အိရှန်ကို အပြင်ဆွဲခေါ်သွားပြီး၊ လာဘ်တိတ်တယ်၊ လာဘ်တိတ်တယ်လို့ ရေရွတ်လျက် တစ်ယောက်ကို ပါးတစ်ချက်စီ ရိုက်လိုက်တယ်။ ယုရီက ဖေးလန်ကို ဝေးဝေးမှာ သွားနေစမ်း ဆိုပြီး တစ်ချက် ဆောင့်တွန်းလိုက်သေးတယ်။ ဖေးလန်က မြေကြီးပေါ် လဲကျပြီး အော်ငိုတော့တယ်။ စူးရှကျယ်လောင်တဲ့ ဖေးလန်ရဲ့အသံဟာ ညှော်ခန်းထဲအထိ ရောက်လာတယ်။ အရင်ဦးဆုံး မေစန်း ပြေးထွက်လာတယ်။ ဖေးလန်ကို ပွေ့ချီပြီးတော့ ယုရီကို မျက်စောင်းတစ်ချက်ထိုးလိုက်တယ်။ ရိုက်စမ်းပါ၊ ရိုက်စမ်းပါ၊ အစောကြီးကတည်းက ကြည့်လို့မရ ဖြစ်နေတာ မဟုတ်လား၊ တစ်ချက်ရိုက်ရရင်လည်း အမြတ်ပေါ့။ ယုရီက၊ ညည်း ဘာစကားပြောတာလဲ၊ ကလေးက အပြစ်လုပ်ထားတာ၊ ညည်းက မဆုံးမတဲ့အပြင် ကာဆီးကာဆီး လုပ်နေသေးတယ်လို့ ပြောလိုက်တယ်။ မေစန်းလည်း ဖေးလန်ကို ယုရီရှေ့ တွန်းပို့လိုက်တယ်၊ ကောင်းပြီလေ၊ တာထိုက်ထိုက်ကို ပေးဆုံးမပါတယ်၊ ရိုက်လေ၊ ရိုက်စမ်းပါ၊ သေအောင်သာ ရိုက်၊ အဲဒါမှ တာထိုက်ထိုက်စိတ်ထဲ နည်းနည်းသက်သာရာရမှာ မဟုတ်လား။ အဲဒီအချိန်မှာ ကြော့ယွန်းနဲ့ ကေသရီလည်း ပြေးထွက်လာတယ်။ ကြော့ယွန်းက အိရှန်ကို လှမ်းဆွဲလိုက်ပြီး ခေါင်းကို တစ်ချက်ရိုက်ပုတ်လိုက်တယ်။ မယ်မင်းကြီးမ၊ ညည်း တော်တော် ပြဿနာရှာတယ်နော်၊ ပြောစမ်း၊ ပန်းအိုးကို ဘယ်သူခွဲလိုက်တာလဲ။ အိရှန် ငိုပြီ။ အိရှန် မဟုတ်ဘူး၊ အိရှန် လုပ်တာ မဟုတ်ဘူးလို့ ပြောပြီးပြီလေ၊ ဖေးလန် စားပွဲကို ဝင်တိုက်လိုက်တာ။ ကြော့ယွန်းက၊ တိတ်စမ်း၊ ညည်းလုပ်တာ မဟုတ်ရင် ဘာလို့ငိုရမှာလဲ၊ မင်းတို့ လုပ်တာနဲ့ လောရဲရဲ့မွေးနေ့ပွဲ ပျက်တော့မယ်လို့ ပြောလိုက်တယ်။ မေစန်းက ဘေးကနေ မထီတရီ တစ်ချက်ရယ်တယ်။ သမီးလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ တောင် ဒီလို ရုပ်တည်ကြီးနဲ့ ပလီပြောတတ်နေပြီနော်၊ တို့က ဘေးကနေ

mgyoe.com

mgyoe.com

ရှင်းရှင်းလင်းလင်း မြင်ခဲ့တာပါကွယ်၊ ပန်းအိုးက မင်းရဲ့ လက်မောင်းနဲ့ တိုက်မိပြီး ကျကွဲသွားတာပါ။ တဒင်္ဂအတွင်း မိန်းမလေးယောက်စလုံး အသံတိတ်နေတယ်။ ဖေးလန်တစ်ယောက်သာ တစ်ချက်တစ်ချက် ငိုကြွေးနေသေးတယ်။ ကေသရီက ဘေးကနေ တစ်အောင့်လောက် ကြည့်နေပြီးမှ၊ ဒီလောက်ကြီးလည်း ဖြစ်မနေကြပါနဲ့ ရှင်၊ ပန်းအိုးတစ်လုံးပဲဟာကို၊ ကွဲတော့လည်း ကွဲတယ်ပေါ့၊ ဘာများဖြစ်စရာရှိလို့လဲလို့ ဝင်ပြောတယ်။ ယုရီက ကေသရီကို မထိတရီ တစ်ချက်ကြည့်လိုက်တယ်။ မင်းအပြောကတော့ သိပ်လွယ်တယ်၊ ဒီကိစ္စက ပန်းအိုးတစ်လုံး အရေးလား၊ လောရဲက အရာရာမှာ အတိတ်ကောင်း နိမိတ်ကောင်း ယူချင်တာကွဲ့၊ မင်းတို့လို အသည်းနှလုံးမရှိတဲ့ လူတွေနဲ့ တွေ့မှကွာ၊ ချန်အိမ်တော်ကြီးလည်း အကောင်းပကတိကြီးကနေ မင်းတို့ကြောင့် အနေးနဲ့ အမြန် ပျက်စီးရတော့မယ်။ ဟင်၊ ဘယ့်နှယ်ကြောင့် ကျွန်မအပြစ် ဖြစ်လာရပြန်တာတုံး၊ ကျွန်မ စကားပြောမှားသွားတယ်လို့ပဲ မှတ်လိုက်ပါလေ၊ တကယ်တော့ ရှင်တို့ကိစ္စ ဘယ်သူမှ ဝင်ပါချင်တာ မဟုတ်ပါဘူး။ ပြောပြီးတာနဲ့ ကေသရီလည်း အဲဒီပဋိပက္ခရပ်ဝန်းကနေ လှည့်ထွက်လာခဲ့တယ်။ နောက်ဘက်ဥယျာဉ်ဆီ သွားတဲ့ လမ်းမှာ ဖေးဖူရယ် သူ့မိတ်ဆွေတစ်သိုက်ရယ်နဲ့ တိုးတယ်။ ဖေးဖူက၊ မင်း ဘယ့်နှယ်ကြောင့် ထွက်လာတာလဲလို့ မေးတော့ ကေသရီက နဖူးကို စမ်းပြပြီး၊ ခေါင်းကိုက်လို့၊ တို့က လူများလာပြီဆို ခေါင်းကိုက်တယ်လို့ ပြောလိုက်တယ်။

ကေသရီဟာ တကယ်ပဲ ခေါင်းကိုက်လာခဲ့တာပါ။ သူ ရေသောက်ချင်တယ်။ ရေပုလင်းတွေ တစ်လုံးမှ ရေမရှိဘူး။ ငန်းကလေးက ဧည့်ခန်းမှာ ကူညီနေရတာကို အကြောင်းပြပြီး ဒီကအလုပ်တွေကို မလုပ်ဘဲ ပစ်ထားခဲ့တယ်လေ။ ကေသရီလည်း အောက်တန်းစားမ လို့ တစ်ချက်ဆဲလိုက်ပြီး၊ ကိုယ့်ဘာသာ မီးဖိုချောင်ထဲမှာ ရေနွေးသွားတည်ရတယ်။ ချန်အိမ်တော်ကို ရောက်ပြီးနောက်ပိုင်း ဒါ ပထမဆုံးအကြိမ် အိမ်အလုပ်လုပ်ရတာမို့ နည်းနည်းတော့ အိုးနင်းခွက်နင်းနိုင်နေတယ်။ မီးဖိုချောင်ထဲ တစ်အောင့်လောက် ရပ်နေပြီးတဲ့နောက် သူက စကြံဆီကို ထွက်လာခဲ့ပြန်တယ်။ အဲဒီအချိန်မှာ နောက်ဘက်ဥယျာဉ်ထဲ တိတ်ဆိတ်လို့နေတယ်။ အားလုံးက မွေးနေ့ပွဲ ရောက်နေကြပြီလေ။ ကျန်ရစ်ခဲ့တဲ့ အထီးကျန်မှု တချို့က ကိုင်းဆွေးရှက်ကျန်တွေပေါ်ကနေ တတိတိ စီးကျလာရင်း ကေသရီ နှလုံးသားထဲကို စိမ့်ဝင်လာတယ်။ နွမ်းကြေနေတဲ့ ဟိုဝစ္စတီးရီးယား

mgyoe.com

m gyoe.com SAMPLE BOOK

စင်ကို သူ မြင်လာရပြန်တယ်။ ခမျာ လေထဲမှာ ကြေကွဲဖွယ် စကားသံတွေ တဖွဖွ မြည်လို့။ ဟို ရေတွင်းကတော့ သူ့ကို မရေမရာ အော်ခေါ်နေဆဲ။ ကေသရီ ရင်ဘတ်ကို ဖိထားလိုက်မိတယ်။ သူက ဗလာနတ္ထိထဲကနေ ဟောကိန်းဆန်ဆန် အသံတစ်မျိုး ကြားနေရသလို ခံစားမိတယ်။

ရေတွင်းနားကို ကေသရီ လမ်းလျှောက်သွားမိတယ်။ အိပ်မက်ထဲမှာ လမ်းလျှောက်နေရသလို သူ့ကိုယ်လုံးဟာ ပြိုင်ဘက်ကင်းအောင် ပေါ့ပါးလို့ နေတယ်။ ရေတွင်းရဲ့ ဘေးပတ်လည်မှာ အပင်ပုပ်ဆွေးတဲ့ အနံ့တစ်ခု ဝေ့လည် လာတယ်။ ကေသရီက မြေကြီးပေါ်က ဝစ္စတီးရီးယားရွက်တစ်ရွက်ကို ကောက်ယူ ကြည့်ပြီး ရေတွင်းထဲ ပစ်ချလိုက်တယ်။ သစ်ရွက်ဟာ ပြာရီရီ ရေသေမျက်နှာ ပြင်ထက်မှာ အဆင်တန်ဆာတစ်ခုပမာ ပေါလောပေါ်နေပြီး သူ့အရိပ်ကို ဖုံးကွယ်နေတာကို သူ တွေ့လိုက်ရတယ်။ သူ့မျက်လုံးကို သူ မမြင်ရဘဲ ဖြစ်နေ လိမ့်မယ်လို့ ထင်ကိုမထားခဲ့တာ။ ကေသရီဟာ ရေတွင်းတစ်ပတ် ပတ်ပြီးတာ တောင် သူ့အရိပ်ကို ကောင်းကောင်းမြင်နိုင်မယ့် ရှုထောင့်တစ်ခု ရှာမတွေ့ခဲ့ဘူး။ တော်တော်ထူးဆန်းသလို သူ ခံစားမိတယ်။ ဝစ္စတီးရီးယားရွက်လေးတစ်ရွက် နဲ့... ဘယ်လိုကြောင့်များ...။ မွန်းတည့်နေရောင်ဟာ ရေတွင်းပျက်ထဲမှာ ဖြည်းဖြည်းချင်း ခုန်ပေါက်လာပြီး အလင်းဖြူတချို့အဖြစ် ပြောင်းလဲသွားတယ်။ ကြောက်စရာကောင်းတဲ့ စိတ်ကူးမြင်ယောင်မှုတစ်ခုက ကေသရီကို ရုတ်တရက် ဖမ်းစားလိုက်တယ်။ လက်တစ်ဖက်။ လက်တစ်ဖက်က ဝစ္စတီးရီးယားရွက်ကို ပင့်ထားလျက် သူ့မျက်လုံးကို ဖုံးအုပ်ထားတယ်။ အဲဒီလို စိတ်ကူးမြင်ယောင် နေရင်းက သူဟာ ဖြူရော်စိုစွတ်နေတဲ့ လက်တစ်ဖက်ကို တကယ်ပဲ မြင်လာ သယောင် ဖြစ်လာတယ်။ အဲဒီလက်က ရေတွင်းရဲ့ မှန်းဆမရတဲ့ အနက်ကြီး ထဲကနေ တက်လာပြီး သူ့မျက်လုံးကို ဖုံးအုပ်လိုက်တယ်။ ကေသရီလည်း အလန့်တကြား အော်လိုက်မိတယ်။ လက်... လက်...။ သူက လှည့်ထွက်ပြေးချင် ပေမဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို ရေတွင်းမှာ တင်းတင်းရင်းရင်း ဆွဲခံထားရသလို လှည့်ထွက်ပြေးဖို့ မတတ်နိုင်ဘဲ ဖြစ်နေခဲ့တယ်။ လေတိုက်လို့ ကျိုးကျလာတဲ့ ပန်းတစ်ပွင့်ပမာ ခွန်အားမဲ့စွာ ကိုယ်ကို ကိုင်းညွတ်လျက် ရေတွင်းထဲကို စိုက်ကြည့်နေမိတယ်။ နောက်တစ်ချက် မှုးဝေလာခြင်းနဲ့အတူ တွင်းထဲက ရေတွေ ပွက်လောည်လာတာကို သူ မြင်လိုက်ရတယ်။ အဝေးဆီက လာတဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


မှုန်ဝါးဝါး အသံတစ်သံက နားစည်ကို ထိုးဖောက်လာခဲ့တယ်။ ကေသရီ... ဆင်းလာခဲ့...။ ကေသရီ... ဆင်းလာခဲ့...။

ကြော့ယွန်း ရောက်လာချိန်မှာ ကေသရီဟာ စကြံမှာ တစ်ယောက်တည်း ထိုင်နေရင်း မေစန်းမွေးထားတဲ့ ပါသျှန်ကြောင်ကလေးကို ရင်ခွင်ပွေ့ထားတယ်။ ကြော့ယွန်းက၊ မင်း ဘယ့်နှယ်ကြောင့် ဒီမှာ ထိုင်နေရတာလဲ၊ နေ့လယ်စာစားပွဲ စတော့မယ်လေလို့ ပြောတယ်။ ကေသရီက၊ ကျွန်မ ခေါင်းတွေ တအားမူးနေလို့ မသွားချင်တော့ဘူးလို့ ပြောတယ်။ ဒီလိုလုပ်လို့ ဘယ်ဖြစ်မတုံး၊ နေမကောင်း လည်း သွားရမှာပဲလေ၊ မျက်နှာတော့ သွားပြရမှာပေါ့၊ လောရဲက မင်းကို ပြန်ခေါ်လာခဲ့ဖို့ အတန်တန် မှာလိုက်တယ်။ ကျွန်မ တကယ်ကို သွားချင်စိတ် မရှိလို့ပါ၊ အခံရခက်လို့ သေတော့မယ်၊ ကျွန်မကို ခဏလောက် အေးအေး ဆေးဆေး နေခွင့်ပြုကြပါလား။ ကြော့ယွန်းက ပြုံးတယ်။ ဘာလဲ၊ ယုရီကို စိတ်ကောက်နေတာလား။ မဟုတ်ပါဘူး၊ ကျွန်မမှာ ဘယ်သူ့ကိုမှ စိတ်ကောက် ရဖို့ အာရုံမရှိပါဘူး။ ကေသရီက စိတ်မရှည်ဟန် ပြကာ ရင်ခွင်ထဲက ကြောင် ကလေးကို မြေကြီးပေါ် ပစ်ချလိုက်ပြီး၊ ကျွန်မ ခဏလောက် အိပ်ချင်တယ်လို့ ပြောလိုက်တယ်။ ကြော့ယွန်းကတော့ ပြုံးမြဲပြုံးလျက်၊ ဒါဖြင့်ရင်လည်း ခဏလောက် သွားအိပ်ပါကွယ်၊ လောရဲကို တို့ပဲ ရှင်းပြလိုက်ပါမယ်လို့ ပြော လိုက်တယ်။

အဲဒီတစ်နေ့လုံး ကေသရီဟာ မူးမူးဝေဝေ အိပ်ပျော်နေခဲ့တယ်။ အိပ်ပျော်နေရင်းလည်း ဟိုရေတွင်းဝကို မြင်ယောင်နေဆဲပဲ။ ရေတွင်းထဲက ဝစ္စတီးရိုးယားရွက်ကို မြင်ယောင်နေဆဲပဲ။ သူ့တစ်ကိုယ်လုံး ဖောချွေးတွေ ပြန်လာတယ်။ ဟိုရေတွင်းက ဘာလဲ၊ ဟိုဝစ္စတီးရိုးယားရွက်က ဘာလဲ၊ ကေသရီ ဆိုတဲ့ သူကရော ဘာလဲ။ နောက်တော့ သူက ပျင်းရိပျင်းတွဲ ထလာပြီး မှန်ရှေ့ မှာ ဖြီးလိမ်းခြယ်သတယ်။ မှန်ထဲမှာ သူ့ကိုယ်သူ မြင်ရတဲ့ မျက်နှာဟာ ဟိုရော်ရွက် တွေလို နွမ်းဖပ်ပြီး ခွန်အားမဲ့နေတယ်။ မှန်ထဲက မိန်းမဟာ သူ့အဖို့ သူစိမ်း ပြင်ပြင် ဖြစ်နေတယ်။ အဲဒီလို မိန်းမမျိုးကို သူ သဘောမကျဘူး။ ကေသရီ ပင့်သက်တစ်ချက် ရှူသွင်းလိုက်တယ်။ အဲဒီအခိုက်မှာ ချန်ဇော်ချန်းအကြောင်း မွေးနေ့အကြောင်း ခေါင်းထဲ ပြန်ပေါ်လာတယ်။ မိမိရဲ့ အပြုအမူအတွက် နောင်တရလာမိတယ်။ ငါ ဘာလို့ စိတ်ဆိုးစိတ်ကောက် သန်လာရတာလဲ။

mgyoe.com

mgyoe.com

ဒီအပြုအမူဟာ သူ့ဘဝအတွက် ဆိုးကျိုးသာ ရှိပြီး ကောင်းကျိုးမရှိမှန်း သူ ကောင်းကောင်း သိတယ်။ အဲဒါနဲ့ သူက အဝတ်ဗီရိုကို ကပျာကယာ ဖွင့်ကာ အထဲကနေ မီးခိုးရောင် သိုးမွေးမာဖလာ တစ်ထည် ထုတ်လိုက်တယ်။ အဲဒါ သူ ချန်ဇော်ချန်းအတွက် အစောကြီးကတည်းက ပြင်ဆင်ထားတဲ့ မွေးနေ့ လက်ဆောင်။

ညစာစားပွဲမှာက ချန်အိမ်တော်က မိသားစုဝင် ကိုယ့်လူ အချင်းချင်း တွေပဲ။ ကေသရီ ထမင်းစားခန်းထဲကို ဝင်လာချိန်မှာ သူတို့အားလုံး ထမင်းဝိုင်းမှာ ဝင်ထိုင်ပြီးနေပြီ။ သူတို့က ငါ့ကိုတောင် မစောင့်ဘဲ ထမင်းဝိုင်းကို စလိုက်တယ် ပေါ့။ ကေသရီက ဒီလို တွေးရင်း မိမိထိုင်ခုံနေရာဆီကို လျှောက်လာခဲ့တယ်။ ဖေးဖူကမျက်နှာချင်းဆိုင်ကနေ သူ့ကိုနေကောင်းသွားပြီလားလို့ လှမ်းနှုတ်ဆက် လိုက်တယ်။ ကေသရီက ခေါင်းညိတ်ပြပြီး ချန်ဇော်ချန်းရဲ့ မျက်နှာရိပ် မျက်နှာကဲ ကို ခိုးကြည့်တယ်။ ချန်ဇော်ချန်း ရှုသိုးသိုး ဖြစ်နေတာကို တွေ့လိုက်တော့ ကေသရီ့ရင်ထဲ ဘာကြောင့်မှန်းမသိ၊ ထိတ်ခနဲ တစ်ချက် ဖြစ်သွားတယ်။ သူက ခုနက သိုးမွေးမာဖလာကို ရှေ့သို့ ယူသွားပေးပြီး၊ လောရဲရှင့်၊ အဲဒါ ကျွန်မရဲ့ မွေးနေ့လက်ဆောင်လေးပါလို့ ပြောလိုက်တယ်။ ချန်ဇော်ချန်းက အင်းတစ်ချက် အသံပြုပြီး ဘေးနားက စားပွဲဝိုင်းကို ညွှန်ပြကာ၊ ဟိုမှာ သွားတင်ထားလိုက်လို့ ပြောလိုက်တယ်။ ကေသရီလည်း မာဖလာကို ဆုပ်ကိုင်ကာ စားပွဲဝိုင်းနားကို လျှောက်သွားတယ်။ စားပွဲပေါ်မှာ မိသားစုဝင်တွေ ပေးထားတဲ့ မွေးနေ့လက်ဆောင် တွေ ပုံလို့နေတယ်။ ရွှေလက်စွပ်တစ်ကွင်း၊ ဝံပုလွေသားမွေးအကျႌတစ်ထည်၊ ဆွစ်မိတ်လက်ပတ်နာရီတစ်လုံး။ အားလုံး အနီရောင် ပိုးကြိုးစတွေ စည်းထား လျက်။ ကေသရီရင်ထဲ ထင့်ခနဲ ဖြစ်သွားပြန်တယ်။ တဒင်္ဂအတွင်း မျက်နှာ တစ်ခုလုံး ရှိန်းခနဲ ပူထူသွားတယ်။ ထမင်းဝိုင်းမှာ တစ်ဖန် ပြန်သွားထိုင်ပြီးတဲ့ နောက် တစ်ဖက်မှာ ရှိနေတဲ့ ယုရီက၊ မွေးနေ့လက်ဆောင်လည်း ပြောသေး တယ်၊ ပိုးကြိုးအနီလေး ဘာလေး စည်းရကောင်းမှန်း မသိဘူးလားအေလို့ ပြော လိုက်တာကို ကြားရတယ်။ ကေသရီလည်း မကြားချင်ယောင်ဆောင် နေလိုက် တယ်။ စိတ်ထဲမှာတော့ ယုရီရဲ့ အပြစ်မရှိ အပြစ်ရှာတဲ့ လုပ်ရပ်ဟာ အင်မတန် စက်ဆုပ်ဖွယ် ကောင်းတယ်လို့ အောက်မေ့နေမိတယ်။ ဒါပေမဲ့ သူ့မှာလည်း တစ်နေကုန် ထွေနေပြီး စိတ်နဲ့ကိုယ်နဲ့ မကပ်နိုင်ဘဲ ဖြစ်နေခဲ့တယ်။ မိမိကြောင့်

mgyoe.com

ချန်ဇော်ချန်း အမျက်တော်ရှသွားပြီဆိုတာ သူ သိနေတယ်။ ဒါဟာ သူ မဖြစ်စေချင်ဆုံးပဲ။ ပြန်လည်အဖတ်ဆယ်နိုင်ဖို့ ကေသရီ အကြံထုတ်နေတယ်။ သူ့အနေနဲ့ လောရဲရှေ့မှာ ဘယ်လောက် ပါစားအပေးခံရကြောင်း ဟိုလူတွေကို ပြရဖို့ လိုမယ်။ အောက်ကျနောက်ကျ ပုံစံမျိုး ဖြစ်လို့ မရဘူး။ အဲဒါနဲ့ ကေသရီလည်း ချန်ဇော်ချန်းကို ရုတ်တရက် တစ်ချက်ပြုံးပြပြီး၊ လောရဲရှင့်၊ ဒီနေ့က လောရဲရဲ့ မင်္ဂလာရှိတဲ့ နေ့ထူးနေ့မြတ်ပါ၊ ကျွန်မမှာက စုဆောင်းထားတာတွေ သိပ်မရှိတော့ ရွှေလက်စွပ်တို့ သားမွေးအင်္ကျီတို့ လက်ဆောင်ပေးဖို့ မတတ်နိုင်ပါဘူး၊ ဒီလိုလုပ်ပါလား၊ ကျွန်မ လောရဲကို လက်ဆောင်တစ်ခု အဆစ်ထပ်ပေးလိုက်မယ်လေ။ ပြောပြီးတာနဲ့ ကေသရီက ချန်ဇော်ချန်းရှေ့ ထသွားပြီး လည်ပင်းကို ပွေ့ဖက်ကာ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် အနမ်းပေးလိုက်တယ်။ ထမင်းဝိုင်းက လူတွေအားလုံး မှင်တက်မိကုန်ကြပြီး ချန်ဇော်ချန်းကို ငေးကြည့်နေမိကြတယ်။ ချန်ဇော်ချန်းရဲ့မျက်နှာ နီရဲတက်လာတယ်။ သူက တစ်ခုခု ပြောချင်သလိုလို ရှိပေမဲ့ ပြောလို့လည်း မထွက်ဘဲ ဖြစ်နေတယ်။ နောက်ဆုံးမှာ ကေသရီကို တွန်းဖယ်ပစ်လိုက်ပြီး၊ လူရှေ့သူရှေ့မှာ မင်း နည်းနည်းပါးပါးတော့ ဣန္ဒြေရှိစမ်းကွာလို့ ခပ်ထန်ထန် ငေါက်ငမ်းလိုက်တယ်။

ချန်ဇော်ချန်းရဲ့ တွန်းဖယ်မှုဟာ အတော်ကလေး အလိုအလျောက်သဘောဆန်တယ်ဆိုပေမဲ့ အဲဒီလို လုပ်လိမ့်မယ်လို့ မျှော်လင့်မထားတဲ့ ကေသရီခမျာမှာတော့ နေရာမှာတင် မတ်တတ်ကြီး ဖြစ်ကာ ချန်ဇော်ချန်းကို ဝမ်းနည်းတုန်လှုပ်တဲ့ မျက်ဝန်းအစုံနဲ့ စိုက်ကြည့်နေခဲ့တယ်။ အတန်ကြာတော့မှ သူ သတိပြန်ဝင်လာပြီး တဝေါဝေါ လျှံကျလာတဲ့ မျက်ရည်တွေကို ဟိုလူတွေ မမြင်ရအောင်လို့ မျက်နှာကို အုပ်ထားလိုက်မိတယ်။ သူက ခပ်တိုးတိုး ရှိုက်ငိုရင်း အပြင်ကို ထွက်သွားတယ်။ ငါ ဘာအမှားလုပ်မိလို့လဲ၊ ငါ ဘာအမှားလုပ်မိလို့လဲ ဆိုတဲ့ ကေသရီရဲ့ အသံကို ထမင်းဝိုင်းက လူတွေ ကြားလိုက်ကြရတယ်။

ဘေးမှာ ရပ်နေတဲ့ အစေခံမတွေလည်း မွေးနေ့ပွဲ ထမင်းဝိုင်းမှာ ထန်လာတဲ့ လှိုင်းတံပိုးကို မျက်မြင်ဖြစ်ခဲ့ကြတယ်။ ဒါဟာ ချန်အိမ်တော်က ကေသရီဘဝရဲ့ အချိုးအကွေ့ကြီးတစ်ခုဆိုတာမှန်း သူတို့ အာရုံခံစားလွယ်စွာ သိလိုက်ရတယ်။ ညကျတော့ အစေခံမနှစ်ယောက် တံခါးဝမှာ မွေးနေ့မီးပုံး သွားဖြုတ်ကြတော့ တစ်ယောက်က၊ ဒီည လောရဲ ဘယ်သူ့ဆီ ဆောင်တော်ကူးမလဲ

mgyoe.com

mgyoe.com

ဟောကြည့်ပါလားလို့ ပြောတယ်။ နောက်တစ်ယောက်က တစ်အောင့်လောက် စဉ်းစားပြီးတော့မှ၊ ဟောတတ်ပါဘူးအေ၊ ဒီလိုကိစ္စမျိုးက သူ့စိတ်ကူးပေါက်သလို ထလုပ်တဲ့ဟာမျိုးပဲ၊ ဟောတတ်ပါဘူးအေလို့ ပြောလိုက်တယ်။

❦

မေစန်းနဲ့ ကေသရီ။ မိန်းမသားနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လျက်။ မေစန်းက ကျကျနန ဖြီးလိမ်းခြယ်သလာခဲ့တာ ဖြစ်တယ်။ မျက်ခုံးမွေးလည်း ဆွဲထားတယ်။ အလှမယ်တံဆိပ် နှုတ်ခမ်းနီတွေလည်း ရဲနေအောင် ဆိုးထားတယ်။ သားမွေး အပေါ်အင်္ကျီတစ်ထည်ကို ပေါင်ပေါ်မှာ တင်ထားတယ်။ ကေသရီကတော့ ပျင်းရိပျင်းတွဲနဲ့ ခုမှ အိပ်ရာထလာတဲ့ပုံစံ။ လက်ကြားမှာလည်း စီးကရက်တစ်လိပ် ညှပ်ကာ မျက်လုံးကလေး မှေးလျက် ခပ်ဖြည်းဖြည်း ရှိုက်ဖွာနေတယ်။ ထူးဆန်းတာက သူတို့နှစ်ယောက်စလုံး စကားမပြောကြဘဲ နံရံမှာ ချိတ်ထားတဲ့ တိုင်ကပ်နာရီဆီက တချက်ချက်မြည်သံကိုသာ နားစွင့်နေကြတယ်။ ကေသရီရော မေစန်းရော နှစ်ယောက်စလုံး ကိုယ်အပူနဲ့ကိုယ် ဖြစ်နေတယ်။ သစ်ပင်နှစ်ပင် မျက်နှာချင်းဆိုင်လျက် ကိုယ့်အပူနဲ့ကိုယ် ဖြစ်နေကြသယောင်။ ဒါမျိုးက ရာဇဝင်မှာလည်း တွေ့ဖူးနေကျ ဖြစ်ပါတယ်။

မေစန်းက၊ မင်း ဒီရက်ပိုင်း ဒေါသတွေ သိပ်ကြီးနေသလိုပဲ၊ ဟိုဟာ လာနေလို့လားလို့ မေးတယ်။

ကေသရီက၊ ဒီဟာနဲ့ ဟိုဟာနဲ့က ဘယ်လိုများ ပတ်သက်နေလို့လဲ၊ နောက်ပြီး ကျွန်မရဲ့ဟိုဟာကလည်း မမှန်ပါဘူး၊ ဘယ်အချိန်လာလို့ ဘယ်အချိန် ပြန်သွားမှန်းတောင် မသိပါဘူးလို့ ပြန်ပြောတယ်။

သိပ်တော်တဲ့ မိန်းမတွေများ ဒီကိစ္စမျိုးကျ တယ်ရှော်တာပဲကို၊ ဒီလ မလာသေးဘူးဆိုတော့ ရှိများရှိနေပြီလား။

မဟုတ်ရပါဘူး၊ မဟုတ်ရပါဘူး၊ ဘယ်ကလာ ရှိရမှာတုံး။

တကယ်ဆိုရင် မင်းမှာ ရှိသင့်နေပြီ၊ ချန်ဇော်ချန်းကြီးက ဒီအပိုင်းမှာ သိပ်စွမ်းတာနော်၊ ညကျရင် မင်း ခါးကလေးကို အောက်ကနေ ခေါင်းအုံး ခပ်မြင့်မြင့်လေး ခံထားလိုက်၊ တကယ်ပြောတာ၊ မင်းကို မနောက်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

မမေစန်း ပါးစပ်က တယ်လည်း စည်းမရှိပါလား၊ မမေစန်းမို့ ဒီလို စကားမျိုး ပြောလို့ထွက်တယ်။

ဒီလိုကိစ္စမျိုးက ဘာများ သိုသိုဝှက်ဝှက် လုပ်စရာ လိုလို့လဲ၊ မင်းသာ ချန်မိသားစုအတွက် သားကလေးတစ်ယောက် မွေးမပေးနိုင်လို့ကတော့ နောင်ကျရင် ဒုက္ခလှလှ တွေ့မယ်မှတ်၊ တို့ ဒီကလူတွေအားလုံး ဒီလိုချည်းပဲအေ့။

ချန်ဇော်ချန်းကြီးက ဒီရက်ပိုင်း ကျွန်မဆီ လုံးလုံးကို ရောက်မလာ တာပါ၊ နေပါစေလေ၊ ကိစ္စမရှိပါဘူး။

မင်းက ဒီအဆင့်အထိ မရောက်သေးလို့ပါ၊ တို့ကတော့ မရဘူးအေ့၊ သူ့ကို ဒဲ့ပဲ ပြောတာ၊ လောရဲ ကျွန်မဆီကို ငါးရက်ထက်ကျော်ပြီး မလာဘဲ နေလို့ရှိရင်ကျွန်မနောက်တစ်ယောက်ထပ်ရှာမှာလို့၊တို့ကတော့အရှင်လတ်လတ် အထီးကျန်မခံနိုင်ပါဘူးတော်၊သင်းကတော့ တို့ဆီမှာ တော်တော်လေး မစားသာ ဘူး၊ သင်းက တို့ကို ကြောက်သလောက်၊ မုန်းသလောက် တို့ဆီကလည်း လိုချင်ပြန်တယ်လေ၊ တို့ကတော့ သင်းကို မကြောက်ပေါင်။

ဒီအကြောင်းတွေ ပြောနေပြီး ဘာလုပ်မှာလဲရှင်၊ ကျွန်မအဖို့ကတော့ ဘာမှ မထူးပါဘူး၊ ကျွန်မ တစ်ခုပဲ သိချင်တာက မိန်းမဆိုတာ ဘာလဲပေါ့၊ မိန်းမ ဆိုတာ ဘာလဲ၊မိန်းမဆိုတာ ခွေးနဲ့တူတယ်၊ကြောင်နဲ့တူတယ်၊ ရွှေငါးနဲ့တူတယ်၊ ကြွက်နဲ့တူတယ်၊ ဘာနဲ့မဆို အကုန်တူတယ်၊ လူနဲ့ပဲ မတူတာ။

မင်းကလည်း ကိုယ့်ကိုယ်ကိုယ် ဒီလောက်ကြီး ချိုးချိုးနှိမ်နှိမ် မပြော စမ်းပါနဲ့ကွယ်၊ ချန်ဇော်ချန်း မင်းအပေါ် သွေးအေးသွားမှာကို မစိုးရိမ်စမ်းပါနဲ့၊ သူ မင်းဆီကို လာဦးမှာပါ၊ မင်းက တို့အားလုံးထက် အသက်လည်း ပိုငယ်တယ်၊ လှလည်း ပိုလှတယ်၊ ပညာလည်း တတ်တယ်၊ သင်းသာ မင်းကို ပစ်ထားပြီး ယုရီတို့ ကြော့ယွန်းတို့ဆီ သွားနေရင်တော့ သင်း လူမိုက်ပဲ၊ ဟိုဟာမတွေရဲ့ ခါးက ရေပုံးလောက် တုတ်နေပြီဟာကို၊ နောက်ပြီး လူရှေ့သူရှေ့ သူ့ကို တစ်ချက် ကလေး နမ်းမိတာ ဘာများဖြစ်သွားမှာမို့လဲ။

မမေစန်းက တော်တော်ကို မုန်းဖို့ကောင်းတာပဲ၊ ကျွန်မ ဆိုလိုတာ ဒီသဘောမျိုး မဟုတ်ပါဘူး၊ ကျွန်မက ကျွန်မကိုယ်ကို ပြောနေတာပါ။

ဟိုကိစ္စ ခေါင်းထဲ ထည့်မနေနဲ့တော့၊ ဘာမှ ဖြစ်တာ မဟုတ်ဘူး၊ သင်းက လူရှေ့သူရှေ့မှာမို့လို့ သူတော်ကောင်းယောင်ဆောင်နေတာ၊ ခုတင်ပေါ်မှာ

mgyoe.com

ဖြစ်ကြည့်ပါလား၊ သူ့ပါးကို မပြောနဲ့၊ သူ့ဟိုနေရာကို နမ်းတောင် သင်းက သဘောကျနေဦးမှာ။

မပြောပါနဲ့တော့ရှင်၊ ရွံစရာကြီး။

ဒါဖြင့် မင်း တို့နဲ့အတူ နှင်းဆီဇာတ်ရုံ လိုက်ခဲ့ပါလား၊ ချိန်ယန့်ချိုး၂ "ဖုန်းဆိုးတောမျက်ရည်" ဇာတ်ထုပ်လာကနေတယ်၊ ဘယ့်နှယ်လဲ၊ စိတ်ပြေလက်ပျောက်ပေါ့၊ သွားကြည့်ကြမလား။

ကျွန်မ မလိုက်တော့ပါဘူး၊ ကျွန်မ အပြင်မထွက်ချင်ဘူး၊ စိတ်က ဒီတစ်စိတ်ပဲ ရှိတာ၊ ဘယ်လိုပဲလုပ်လုပ် ဒီစိတ်ပဲလေ၊ စိတ်ပြေလက်ပျောက်တော့ကော ဘာထူးဦးမှာလဲ။

မင်းကလည်းကွာ၊ တို့နဲ့တောင် အဖော်မလိုက်ပေးနိုင်ဘူးလား၊ တို့က မင်းနဲ့ စကားတွေ ဒီလောက်အများကြီး ပြောပေးနေခဲ့တာနော်။

ကျွန်မ အဖော်လိုက်ပေးတော့ရော ဘာထူးမှာမို့လို့လဲ၊ ချန်ဇော်ချန်းကိုပဲ အဖော်သွားစပ်ပါလေ၊ သူ မလိုက်ချင်တော့လည်း မမေစန်းရဲ့ ဟိုဆရာဝန်ကို သွားခေါ်ပေါ့။

မေစန်း ကြောင်သွားတယ်။ ချက်ချင်းပဲ မျက်နှာပျက်သွားတယ်။ သားမွေးအပေါ်အင်္ကျီနဲ့ မာဖလာကို ဆွဲယူကာ ထလာပြီး၊ ကေသရီကို အနီးကပ် စေ့စေ့စိုက်ကြည့်လိုက်တယ်။ ပြီးတော့ ကေသရီ နှုတ်ခမ်းမှာ တွေ့ထားတဲ့ စီးကရက်ကို လက်နဲ့ ဖတ်ခနဲ ပုတ်ချလိုက်ပြီး အောက်ကျသွားတဲ့ စီးကရက်ကို ခြေထောက်နဲ့ နင်းခြေပစ်လိုက်ပြီးတော့၊ ဒီကိစ္စ နောက်စရာ မဟုတ်ဘူးနော်၊ မင်း ဒီအကြောင်း သူများတကာ လျှောက်ပြောပြလို့ကတော့ ပါးကျိုးပြီသာမှတ်၊ နင်တို့ကို ငါ မကြောက်ဘူး၊ ဘယ်သူ့ကိုမှ ငါ မကြောက်ဘူး၊ ငါ့ကို ဒုက္ခရောက်အောင် လုပ်ဖို့ ဘယ်သူမှ စိတ်မကူးနဲ့လို့ ခပ်မာမာ ပြောလိုက်တယ်။

❦

ဖေးဖူဟာ တကယ်ပဲ ကေသရီဆီကို မိတ်ဆွေတစ်ယောက် ခေါ်လာခဲ့တယ်။ သူ့ကို ပလွေမှုတ်သင်ပေးဖို့ ဆရာ ပင့်လာတာတဲ့။ နဂိုကတည်းကိုက ပလွေမှုတ်သင်ဖို့ ကိစ္စကို အလေးအနက်ကြီး မထားခဲ့တာကြောင့် ကေသရီ့မှာ ဘာလုပ်ရမှန်း

၂။ 程硯秋 (pinyin: Cheng Yanqiu) (၁၉၀၄-၁၉၅၈)။ ဝိကင်းအော်ပရာ အနုပညာရှင်။

mgyoe.com

mgyoe.com

မသိဘဲ ဖြစ်လာခဲ့တယ်။ သေချာကြည့်လိုက်တဲ့အခါ ဟိုဆရာဆိုသူဟာ အသား ဖြူဖြူ ဗိုလ်ကေနဲ့ လုလင်ပျိုတစ်ယောက် ဖြစ်နေတယ်။ ကျောင်းသားပုံ ပေါက်သလိုလို၊ ကျောင်းသားပုံ မပေါက်သလိုလိုနဲ့။ ဟန်ပန်အမူအရာကတော့ နည်းနည်း ဣန္ဒြေကြီး အရက်ကြီးပုံ ရတယ်။ မိတ်ဆက်ပေးတော့မှ အဲဒီလူဟာ ဒီအရပ်က ပိုးကုန်သည်ကြီး ပိုးဘုရင် ကုမိသားစုက တတိယသားမှန်း သိလိုက်ရ တယ်။ သူတို့နှစ်ယောက် လက်ချင်းတွဲကာ လျှောက်လာတာကို ကေသရီ ပြတင်းပေါက်ကတစ်ဆင့် လှမ်းမြင်လိုက်တယ်။ ယောကျ်ားသားနှစ်ယောက် လက်ချင်းတွဲကာ လမ်းလျှောက်နေပုံက တစ်မျိုးကလေး ဆန်းသလိုလို ထူး သလိုလို ဖြစ်နေတယ်လို့ ကေသရီ ခံစားမိတယ်။

မင်းတို့နှစ်ယောက် ချစ်ခင်နေလိုက်ပုံများကွယ်၊ တို့တော့ ယောကျ်ား နှစ်ယောက် ဒီလို လက်ချင်းတွဲပြီး လမ်းလျှောက်တာ တစ်ခါမှ မမြင်ဖူးဘူးလို့ ကေသရီက နှုတ်ခမ်းကလေး စေ့ကာ ပြုံးလျက် ပြောလိုက်တယ်။ ဖေးဖူ နည်းနည်း ရှက်ကိုးရှက်ကန်း ဖြစ်သွားတယ်။ ကိုယ်တို့က ငယ်ငယ်လေးကတည်းက သိကျွမ်း လာခဲ့တာလေ၊ တစ်ကျောင်းတည်းအတူ တက်ခဲ့ကြတာ။ ပိုးကုန်သည်သူဌေးသား ကုစောရဲကို ကြည့်လိုက်ပြန်တော့ ခမျာကမှ သာလို့တောင် ရှက်သွေးဖြန်းနေ သေးတယ်။ ကေသရီလည်း ဒီဆရာတော့ဖြင့် စိတ်ဝင်စားဖို့ကောင်းနေပါပြီလို့ အောက်မေ့မိတယ်။ ထစ်ခနဲဆိုတာနဲ့ မျက်နှာနီမြန်း ရှက်သွေးဖြန်းတတ်တဲ့ ယောကျ်ားမျိုးဟာ ဘယ်လိုယောကျ်ားမျိုး ဖြစ်လေမလဲလို့ သိချင်မိတယ်။ ကေသရီက၊ တို့လည်း ဒီအရွယ်ကြီးအထိ သူငယ်ချင်းကောင်း တစ်ယောက်မှ မပေါင်းမိသေးပါဘူးကွယ်လို့ ပြောတယ်။ ဖေးဖူက၊ ဒါလည်း အဆန်းတော့ မဟုတ်ပါဘူး၊ မင်းပုံစံက တစ်ကိုယ်ထီးတည်းနဲ့ မာနကြီးပုံ ပေါက်တော့ တော်ရုံတန်ရုံ ချဉ်းကပ်ဖို့ မလွယ်ဘူးလေလို့ ပြောတယ်။ ကေသရီက၊ မဟုတ်တာ ဘဲကွယ်၊ တို့က တစ်ကိုယ်ထီးတည်းသာ ဖြစ်ပြီး မာနတော့ မကြီးပါဘူးနော်၊ မာနကြီးဖို့ဆိုတာ အရင်းအနှီးတော့ ရှိရဦးမယ်လေ၊ တို့မှာ မာနကြီးရလောက် အောင် ဘယ်ကလာ အရင်းအနှီး ရှိလို့လဲလို့ ပြောတယ်။

ဖေးဖူက အနက်ရောင်ပိုးအိတ်ထဲကနေ ပလွေတစ်လက် ထုတ်ပြီး၊ ဒီဟာကို မင်းအတွက် လက်ဆောင်ပေးလိုက်ပါမယ်၊ အဲဒါ ကုစောရဲ ကိုယ့်ကို လက်ဆောင်ပေးထားတာလေ၊ မင်းကို အလှူ့လက်ဖက်နဲ့ လက်ဆောင်တက်တဲ့

mgyoe.com

m gyoe.com

သဘောပေါ့လို့ ပြောတယ်။ ကေသရီက ပလွေကို လက်ခံယူပြီး ကုစောရဲကို တစ်ချက်ကြည့်လိုက်တယ်။ ကုစောရဲက ခေါင်းငုံ့ကာ ပြုံးရယ်တယ်။ ကေသရီက ပလွေကို နှုတ်ခမ်းနား တေ့ကာ တစ်ချက်လျှောက်မှုတ်လိုက်ပြီး၊ တို့က ထူလွန်း ပိန်းလွန်းတော့ သင်လို့ မတတ်မှာပဲ စိုးရိမ်မိတယ်လို့ ပြောတယ်။ ကုစောရဲက၊ ပလွေမှုတ်တာ လွယ်လွယ်ကလေးပါ၊ စိတ်ပါလို့ရှိရင် သင်လို့ မတတ်စရာ မရှိပါဘူးလို့ ပြောတယ်။ ကေသရီက၊ တို့မှာ အဲဒီစိတ်မျိုး မပါမှာကိုပဲ စိုးရိမ်မိတာ၊ တို့စိတ်က သဲပွင့်တွေလိုပဲ ပြန့်ကျဲနေတာ၊ စုစည်းလို့ မရနိုင်ဘူးလို့ ပြောတယ်။ ကုစောရဲက ရယ်ပြန်တယ်။ ဒါတော့ ခက်ပြီဗျာ၊ ကျွန်တော်က ခင်ဗျားကို ပလွေမှုတ်သင်ဖို့ပဲ တာဝန်ယူနိုင်တာ၊ ခင်ဗျားစိတ်ကိုတော့ တာဝန်မယူနိုင်ဘူးဗျ။ ဖေးဖူက ထိုင်ချပြီး ကေသရီကို တစ်ချက်ကြည့်တယ်။ ပြီးတော့ ကုစောရဲကို တစ်ချက်ကြည့်လိုက်တယ်။ သူ့အကြည့်မှာ တစ်မူထူးတဲ့ အနွေးဓာတ်တို့ ရွှန်းလဲ့လို့နေတယ်။

ပလွေမှာ အပေါက်ခုနစ်ပေါက် ရှိတယ်၊ တစ်ပေါက်စီက စိတ်ခံစားချက်တစ်ခုစီကို ကိုယ်စားပြုတယ်၊ အားလုံး ရောလိုက်တဲ့အခါ အထူးတင့်တယ်လှပသလို အထူးကြေကွဲဖွယ်ရာလည်း ကောင်းတယ်၊ ပလွေမှုတ်သူဟာ အဲဒီစိတ်ခံစားချက်နှစ်ခုပဲ လိုတယ်။ ကုစောရဲက ကေသရီကို အရှက်အကြောက်ကြီးစွာ ကြည့်လျက် ပြောပြနေတယ်။ အဲဒီ စိတ်ခံစားချက်နှစ်ခုစလုံး ခင်ဗျားမှာရှိသလား။ ကေသရီက တစ်ချက်စဉ်းစားပြီးမှ၊ ဒုတိယတစ်ခုပဲ ရှိမယ် ထင်တယ်လို့ ပြောလိုက်တယ်။ ရှိတယ်ဆိုရင်ပဲ မဆိုးတော့ပါဘူး၊ ကြေကွဲမှုဟာလည်း စိတ်ခံစားချက်တစ်မျိုးပဲလေ၊ ဘာခံစားချက်မှ မရှိမှာပဲ စိုးတာ၊ ခင်ဗျား ရင်ထဲမှာ ဘာခံစားချက်မှ မရှိလို့ရှိရင် ပလွေသံကောင်းကောင်း ထွက်လာနိုင်မှာ မဟုတ်ဘူးလို့ ကုစောရဲက ပြောတော့၊ ကေသရီက၊ ကုစောရဲ တေးသွားတစ်ပုဒ်လောက် အရင်မှုတ်ပြပါလား၊ ပလွေသံထဲကနေ ကျွန်မ ဘာတစ်ခုခု နားဆင်ခံစားလို့ ရနိုင်မလဲ ကြည့်ရတာပေါ့လို့ ပြောလိုက်တယ်။ ကုစောရဲကလည်း မငြင်းဘဲ ပလွေကိုင်ကာ မှုတ်ပြတော့တယ်။ ရှိုက်ငိုနေသယောင် တိုင်တည်နေသယောင် ငြိမ့်ညောင်းလှပတဲ့ ပလွေသံစဉ်တစ်မျှင် စီးဆင်းလာတာကို ကေသရီကြားလိုက်ရတယ်။ ဖေးဖူက ဆိုဖာပေါ်မှာ မျက်လုံးကို မှေးလျက် အဲဒါ "ဆောင်းကူးရာသီ ညည်းသံ"တေးသွားပဲလို့ ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီအချိန်မှာပဲ ယုရီရဲ့ယားဝှမ် မယ်ဖော့က ပြတင်းတံခါးကို လာခေါက်ခဲ့တာ ဖြစ်တယ်။ မယ်ဖော့က ဖေးဖူကို အသံစူးစူးနဲ့ အော်ခေါ်တယ်။ တာစောရဲရှင့်၊ တာထိုက်ထိုက်က ဧည့်ခန်းမှာ ဧည့်သည်လာတွေ့ဖို့ အခေါ်ခိုင်းလိုက်ပါတယ်ရှင့်။ ဘယ်ကဧည့်သည်လဲလို့ ဖေးဖူက မေးတော့ မယ်ဖော့က၊ ကျွန်မ မသိဘူး၊ တာထိုက်ထိုက်က အမြန်လာခဲ့ပါတဲ့လို့ ဖြေတယ်။ ဖေးဖူက မျက်မှောင်ကြုတ်ကာ၊ ဧည့်သည်ကို ဒီ လာခိုင်းလိုက်ကွာလို့ ပြောလိုက်တယ်။ မယ်ဖော့က ပြတင်းတံခါးကို ခေါက်မြဲခေါက်လျက်၊ တာထိုက်ထိုက်က တာစောရဲကို အပါခေါ်လာခိုင်းပါတယ်၊ တာစောရဲ လိုက်မလာလို့ရှိရင် တာထိုက်ထိုက်က ကျွန်မကို ပိုးစိုးပက်စက် ဆူပါလိမ့်မယ်လို့ အော်ပြောတယ်။ ဖေးဖူလည်း မုန်းဖို့ကောင်းလိုက်တာလို့ ခပ်တိုးတိုး တစ်ချက်ညည်းညူကာ မထချင် ထချင်နဲ့ ထလာပြီးတော့၊ ဘယ်ကဧည့်သည်လဲ၊ တကတဲမှပဲလို့ ငြူစူလိုက်ပြန်တယ်။ ကုစောရဲက ပလွေကိုင်လျက် ဖေးဖူကို ကြည့်ကာ ဇဝေဇဝါပုံစံနဲ့၊ ဒါဖြင့် ပလွေမှုတ်က ဆက်သင်ရဦးမှာလားလို့ မေးလိုက်တယ်။ ဖေးဖူက လက်ဝှေ့ယမ်းပြကာ၊ ဆက်သင်လေကွာ၊ မင်း ဒီမှာ ရှိနေမှာပဲဟာ၊ ငါပဲ သွားကြည့်လိုက်ပါ့မယ်လို့ ပြောလိုက်တယ်။

အခန်းထဲမှာ ကေသရီနဲ့ ကုစောရဲတို့ပဲ ထိုင်လျက် ကျန်ရစ်ခဲ့တယ်။ တဒင်္ဂအတွင်း ဘာပြောရမှန်း မသိဘဲ ဖြစ်နေကြတယ်။ ကေသရီက ရုတ်တရက် တစ်ချက်ပြုံးရယ်ပြီး၊ ညာပြောနေတာလို့ ပြောလိုက်တယ်။ ဘယ်သူ ညာပြောတာလဲဟင်။ ကုစောရဲက အလန့်တကြား မေးလိုက်တယ်။ ဒီတော့မှ ကေသရီလည်း သတိပြန်ဝင်လာပြီး၊ မင်းကို ပြောတာ မဟုတ်ပါဘူး၊ ဟိုတစ်ယောက်ကို ပြောတာပါ၊ မင်း နားမလည်ပါဘူးလို့ ပြောလိုက်တယ်။ ကုစောရဲ အနည်းငယ် နေမထိထိုင်မသာ ဖြစ်လာတယ်။ သူ့မျက်နှာ တစ်ဖန်ပြန်၍ နီမြန်းလာတာကို ကေသရီ သတိထားမိလိုက်တယ်။ စိတ်ထဲက ရယ်လည်း ရယ်ချင်မိတယ်။ လူကုံထံမိသားစုတွေမှာလည်း ဒီလို အရှက်အကြောက်ကြီးတဲ့ စောရဲတွေ ရှိသတဲ့လား။ ရှက်တတ်တာဟာ ဘာပဲပြောပြော အားသာချက် တစ်ခုတော့ ဖြစ်ပါပေတယ်။ ကေသရီလည်း ကုစောရဲကို သနားစရာသတ္တဝါကို ကြည့်တဲ့အကြည့်နဲ့ ကြည့်ကာ၊ ဆက်မှုတ်ပါဦး၊ တေးသွားက ပြီးမှ မပြီးသေးဘဲလို့ ပြောလိုက်တယ်။ ကုစောရဲလည်း လက်ထဲက ပလွေကို ငုံ့ကြည့်ပြီး အနက်ရောင် ပိုးအိတ်ထဲ ပြန်ထိုးထည့်

mgyoe.com

mgyoe.com SAMPLE BOOK


လိုက်ပြီးတော့ အသံခပ်တိုးတိုးနဲ့ ပြောလိုက်တယ်၊ ပြီးပါပြီ၊ ခုချိန်မှာ ခံစားချက် မရှိတော့ပါဘူး၊ တေးသွားလည်း ပြီးသွားပါပြီ၊ တေးသွားကောင်းတစ်ပုဒ်ဟာ ခံစားချက်ပျောက်သွားမှာကို အကြောက်ဆုံးပဲဆိုတာ ခင်ဗျား သိသလား၊ ဖေးဖူ ထွက်သွားတာနဲ့ ဒီပလွေဟာလည်း မှုတ်လို့ မကောင်းတော့ပါဘူး။

ခဏာနေရင်ပဲ ကုစောရဲက ထပြန်ဖို့ နှုတ်ဆက်တယ်။ ကေသရီက သူ့ကို ဥယျာဉ်ထဲအထိ လိုက်ပို့တယ်။ ရုတ်တရက် ရင်ထဲကနေ သူ့ကို ကျေးဇူးတင်မိပေမဲ့ ဖော်ပြဖို့ရာလည်း မသင့်တော်တာကြောင့် ခြေလှမ်း ရပ်တန့်ကာ ရင်ဘတ်ကို တစ်ချက်ဖိပြီး ဒူးညွှတ်ကာ အရိုအသေတစ်ချက် ပေးလိုက်တယ်။ ကုစောရဲက၊ ဘယ်တော့ ထပ်ပြီး ပလွေမှုတ်သင်ဦးမလဲလို့ မေးတယ်။ ကေသရီက ခေါင်းခါပြီး၊ မသိသေးဘူးလို့ပြန်ဖြေတာကြောင့် ကုစောရဲက တစ်ချက်စဉ်းစားပြီးတော့၊ ဖေးဖူ ဘယ်လိုစိတ်စဉ်မလဲ ကြည့်တာပေါ့လို့ ပြောပြီး၊ တစ်ဖန်၊ ဖေးဖူက ခင်ဗျားအပေါ် သိပ်ကောင်းတာနော်၊ သူငယ်ချင်းတွေရှေ့မှာ ခင်ဗျားအကြောင်း အမြဲချီးမွမ်း တယ်လို့ ပြောပြန်တယ်။ ကေသရီက သက်ပြင်းတစ်ချက် ချလိုက်ပြီး၊ သူက တို့အပေါ် ကောင်းတော့ရော ဘာထူးမှာလဲ၊ လောကကြီးမှာ ဘယ်သူမှ အားမကိုး ရပါဘူးလို့ ပြောလိုက်တယ်။

ကေသရီခန်းဆောင်ထဲပြန်ရောက်တာနဲ့ ကြော့ယွန်းကရေးကြီးသုတ်ပျာ ပေါက်ချလာပြီး ဖေးဖူနဲ့ တာထိုက်ထိုက် စကားတွေ များကုန်ကြပြီလို့ သတင်း လာပေးတယ်။ ကေသရီလည်း အရင်ဦးဆုံး တစ်ချက် ကြောင်သွားပြီးတော့မှ မထီတရီ ရယ်ကာ ပြောလိုက်တယ်။ ဒီလို ဖြစ်လာလိမ့်မယ်လို့ ထင်သားပဲ။ ကြော့ယွန်းက၊ မင်း သွားဖျန်ဖြေလိုက်ပါလားလို့ ပြောတယ်။ ကေသရီက၊ ကျွန်မက ဘာကို သွားဖျန်ဖြေရမှာတုံး၊ သူတို့သားအမိချင်း စကားများတာကို ကျွန်မက ဘာကို သွားဖျန်ဖြေရမှာလဲလို့ ပြောတယ်။ ကြော့ယွန်းက၊ သူတို့က မင်းအတွက်နဲ့ စကားများနေကြရတယ်ဆိုတာ မင်း တကယ် မသိတာလားလို့ ပြောတယ်။ ဟင်၊ ဒါတော့ သာလို့တောင် ထူးဆန်းသွားပြီ၊ ကျွန်မက သူတို့နဲ့ တစ်ယောက်ကိုတစ်ယောက် မထိပါးမိအောင် ကင်းကင်းရှင်းရှင်း နေနေတဲ့ဟာ၊ ဘာကိစ္စ ကျွန်မကို ဆွဲထည့်ရတာတုံး။ ကြော့ယွန်းက ကေသရီကို မေးငေါ့ကြည့်ကာ မင့်မလဲ ရှုးချင်ယောင်ဆောင်မနေပါနဲ့တော့လေ၊ သူတို့ ဘာအတွက် စကားများ နေရတယ်ဆိုတာကို မင်း သိပါတယ်လို့ ပြောလိုက်တယ်။ ကေသရီရဲ့အသံတွေ

mgyoe.com